# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**လွတ်မြောက်အောင်အားထုတ်**

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင် ပြေးလွှားတတ်သော စိတ်ကိုထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။

**စိတ္တဝဂ်(ဓမ္မပဒ - ၃၇)**


၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက် | ၂၀၁၇ ခုနှစ်၊ မတ် ၁၄ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၆)၊ အမှတ် (၁၆၅)


# ရေအရင်းအမြစ်များကို ကာကွယ်စောင့်ရှောက်ရန်နှင့် စနစ်တကျစီမံခန့်ခွဲရန်လို ရေပိုမိုသုံးလျှောင်ခြင်းဆိုသည့်အချက်သည် ရေပြဿနာကို အတိုင်းအတာတစ်ခုအထိဖြေရှင်းနိုင်



**နေပြည်တော် မတ် ၁၃**

၂၀၁၇ ခုနှစ် ကမ္ဘာ့ရေနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အမှတ်(၂)၌ ကျင်းပရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက ယခုနှစ်အတွက် ကမ္ဘာ့ရေနေ့၏ အထူးပြုအကြောင်းအရာမှာ စွန့်ပစ်ပြန်းတီးနေသည့်ရေ(Wastewater) ဖြစ်ပါကြောင်း၊ ၂၀၁၇ ခုနှစ် ကမ္ဘာ့ရေနေ့ အကြောင်းအရာဖြစ်သည့် Wastewater မှတစ်ဆင့် စွန့်ပစ်ရေကို ပြန်လည် Recycle ပြုလုပ်သုံးစွဲကြရန်နှင့် ရေအလဟဿဆုံးရှုံးမှုကို လျှော့ချရန်အတွက် ရေနှင့်ဆက်နွှယ်သည့် Stakeholders များအားလုံး အထူးအလေးထားဆောင်ရွက်ကြစေလိုပါကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁* ✽

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၁၇ ခုနှစ် ကမ္ဘာ့ရေနေ့အထိမ်းအမှတ် အခမ်းအနား၌ ခင်းကျင်းပြသထားသည့် ရေအရင်းအမြစ်အသုံးချရေးဆိုင်ရာပြခန်းကို ကြည့်ရှုစဉ်**
(သတင်းစဉ်)

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ အချုပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော် အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာအဖြစ် တရားရေးမဏ္ဍိုင်၏ တစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နိုင်ခဲ့မှုများနှင့် ဒေသဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ပိုမိုပန်းရလာသည့် ရှမ်းပြည်နယ်၏ ပထမ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပို(၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။

## မန္တလေးတိုင်းဒေသကြီးအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုမရှိစေရန် ဆောင်ရွက်နေ

**မင်းထက်အောင် ( မန်းကိုယ်ပွား)**

**မန္တလေး မတ် ၁၃**

မန္တလေးတိုင်းဒေသကြီးအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုမျိုးမရှိစေရန် ပြည်ပမှ တရားမဝင် ကြက်သား/ ဘဲသား၊ ကြက်ဥ/ဘဲဥများ တင်သွင်းမှုကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာရန်နိုင်စိုးက ပြောကြားသည်။

ဖေဖော်ဝါရီလဆန်းပိုင်းက ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေသည့် တရုတ်နိုင်ငံမှတစ်ဆင့် ပြည်တွင်းသို့ ကြက်ဥ/ ကြက်သားဝင်ရောက်လာပြီး လူသို့ကူးစက်တတ်သည့် ကြက်ငှက်တုပ်ကွေးရောဂါ H7N9 ကူးစက်ပြန့်ပွားမှုမဖြစ်စေရေးအတွက်

*စာမျက်နှာ ၃ ကော်လံ ၁* ❍




မြန်မာ့အလင်း

# သဘာဝရေချိုအရင်းအမြစ်များ ထာဝရတည်တံ့နေစေရအောင်

နေစကြဝဠာအတွင်း ဂြိုဟ်ပြာကြီးတစ်ခုအသွင် တည်ရှိနေသော မြေကမ္ဘာ၏မျက်နှာပြင် ၇၀ ရာခိုင်နှုန်းကျော်ကို ရေများက ဖုံးလွှမ်းထားခြင်းကြောင့် ရေကမ္ဘာဟုပင်ဆိုနိုင်သည်။ သို့ရာတွင် အများစုမှာ ပင်လယ်သမုဒ္ဒရာရေငန်များဖြစ်ပြီး လူသားတို့နေ့စဉ် အသက်ရှင်သန်ရေးအတွက် မရှိမဖြစ်သုံးစွဲကြရသည့် **Freshwater** ခေါ် ရေချိုမှာမူ ၂ ဒသမ ၅ ရာခိုင်နှုန်းမှ ၂ ဒသမ ၇၅ ရာခိုင်နှုန်းမျှသာရှိသည်။ အဆိုပါရေချိုတည်ရှိမှုတွင် ရေခဲတောင်များ၊ ရေခဲမြစ်များ၊ ရေခဲပြင်များကိုပါ ထည့်သွင်းတွက်ချက်ထားခြင်းဖြစ်ရာ ရေကမ္ဘာတွင် လူသားတို့သုံးစွဲနိုင်သည့် ရေချိုမှာ ရှားပါးလှစွာသော သယံဇာတတစ်ခုပင်ဖြစ်သည်ကို သိရှိနိုင်သည်။

မိမိတို့နိုင်ငံအနေဖြင့်မူ နိုင်ငံမြောက်ဖျားရှိ ရေခဲဖုံးလွှမ်းသောတောင်များမှသည် သဘာဝရေချိုအိုင်များ၊ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင် စသည့်မြစ်ကြီးများနှင့် မြစ်ချောင်းများစွာတို့ တည်ရှိနေသည့်အလျောက် သဘာဝရေချိုအရင်းအမြစ်များ ကြွယ်ဝသည်ဟု ဆိုရမည်ဖြစ်သည်။ သို့ရာတွင် ပြောင်းလဲလာသည့် ရာသီဥတု၊ ယိုယွင်းပျက်စီးလာနေပြီဖြစ်သည့် သဘာဝပတ်ဝန်းကျင် အခြေအနေစသည်တို့က မိမိတို့ပိုင်ဆိုင်ထားသည့် ရေသယံဇာတအရင်းအမြစ်များ အနာဂတ်ကာလများသို့တိုင် တည်ရှိနေနိုင်ပါမည်လားဟု မေးခွန်းထုတ်ရမည့်အနေအထားကို တွေ့မြင်လာကြရပြီဖြစ်သည်။

သတ္တုထုတ်လုပ်သည့်လုပ်ငန်း၊ ကျောက်မီးသွေးတူးဖော်သည့်လုပ်ငန်း၊ ရွှေရှာဖွေထုတ်လုပ်သည့်လုပ်ငန်းများမှ ထွက်ပေါ်လာသည့် မြေစာများ၊ နုန်းအနည်အနှစ်များနှင့် ညစ်ညမ်းရေများ၊ အဆိပ်သင့်ရေများကြောင့် မြစ်ချောင်းများပျက်စီးကာ ရေစီးဆင်းမှုနှင့် ရေအရည်အသွေး အဆင့်အတန်းကျဆင်းရပြီး သောက်ရေသုံးရေနှင့် စိုက်ပျိုးရေအဖြစ် သုံးစွဲမရတော့သည့် အခြေအနေများသို့ ရောက်ရှိသွားကြောင်း၊ မြစ်ချောင်းများကို အမှီပြုနေထိုင်ကျက်စားကြသည့် သားငှက်တိရစ္ဆာန်များနှင့် ငါးပုစွန် စသည့်ရေနေသတ္တဝါများ လျော့နည်းပျောက်ကွယ်မှုများ ဖြစ်ပေါ်လာလျက်ရှိကြောင်း စသည့်သတင်းများကို မကြာမကြာ တွေ့မြင်ဖတ်ရှုနေကြရပြီဖြစ်ရာ မြစ်ချောင်းများ၏ အနာဂတ်အတွက် သတိပေးခေါင်းလောင်းသံများ ပေါ်ထွက်လာနေခြင်းပင်ဖြစ်သည်။

မိမိတို့နိုင်ငံ၏ ရေအရင်းအမြစ်များ ရေရှည်တည်တံ့ရေးနှင့် ရေအရည်အသွေး လုံခြုံစိတ်ချရရေးအတွက် စက်မှုလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ၌ ရေသုံးစွဲမှု၊ ဓာတုပစ္စည်းများသုံးစွဲမှုနှင့် ရေဆိုးများ ပြန်လည်ထုတ်လွှတ်စွန့်ပစ်မှုတို့ကို စနစ်တကျထိန်းချုပ်လုပ်ကိုင်ရေးသည်လည်း အရေးပါသော အချက်တစ်ရပ်ဖြစ်သည်။ အရက်ချက်စက်ရုံမှ စွန့်ပစ်ရေဆိုးများကို ပြန်လည်သန့်စင်ခြင်းမရှိဘဲ တန်ဖိုးရှိလှသည့် ရေချိုမြစ်တစ်ခုအတွင်းသို့ တိုက်ရိုက်စွန့်ပစ်နေပုံများ၊ ချည်ထည်ဆိုးဆေးလုပ်ငန်းများမှ စွန့်ပစ်ရေများ ဆည်တမံတစ်ခုအတွင်း ဝင်ရောက်နေပုံများနှင့် ဒေသန္တရစီမံခန့်ခွဲမှုအားနည်းနေပုံများကို လူမှုကွန်ရက်များတွင် မကြာသေးမီက တွေ့မြင်ကြရသည်။

မြန်မာနိုင်ငံတွင် ဓာတုပိုးသတ်ဆေးများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတင်သွင်းသုံးစွဲလာကြောင်း၊ ၎င်းပိုးသတ်ဆေးများသည် လေထဲ၊ မြေထဲမှတစ်ဆင့် ရေထဲသို့ရောက်သွားကြကြောင်း၊ မြစ်ထဲချောင်းထဲမှတစ်ဆင့် စီးဆင်းသွားသည့် ဓာတုအဆိပ်သင့် ညစ်ညမ်းရေများသည် ပင်လယ်သမုဒ္ဒရာထဲအထိ ရောက်ရှိသွားကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့အပေါ် အန္တရာယ်ကြီးမားသည့် **Dirty Dozen** ခေါ် ပိုးသတ်ဆေးကိုးမျိုးဖြစ်သည့် **aldrin**၊ **chlordane**၊ **DDT**၊ **dieldrin**၊ **endrin**၊ **heptachlor**၊ **hexachlorobenzene**၊ **Mirex**၊ **toxaphene**၊ ဘေးထွက်ပစ္စည်းသုံးမျိုးဖြစ်သည့် **dioxin**၊ **furan** နှင့် **PCBs**၊ **HCB** အတွဲတို့ကို ကမ္ဘာနှင့်အဝန်း ထုတ်လုပ်သုံးစွဲခြင်းမပြုရန် တားမြစ်ထားကြောင်း ပညာရှင်တစ်ဦးက ထောက်ပြခဲ့ရာ စိုက်ပျိုးရေးကဏ္ဍကြောင့် ရေသယံဇာတပျက်စီးမှုနှင့်စပ်လျဉ်း၍ သတိပြုဖွယ်ဖြစ်သည်။

ရေသည် အဖိုးတန်သယံဇာတတစ်ခုဖြစ်သည့်အပြင် အချို့နိုင်ငံများအတွက်ဆိုလျှင် မဟာဗျူဟာမြောက်သဘာဝပစ္စည်းတစ်ခုပင် ဖြစ်နေသည့်အလျောက် မိမိတို့မြန်မာနိုင်ငံအနေဖြင့် မိမိတို့၏ အဖိုးတန်ရေအရင်းအမြစ်များကို ရေရှည်တည်တံ့ရေးအတွက် အမျိုးသားအဆင့်ဆောင်ရွက်နေပြီဖြစ်ရာ နိုင်ငံသူနိုင်ငံသားအားလုံးကလည်း အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ရှုမြင်ကာ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မတ် ၁၃**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် ယနေ့နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရွာနှုန်း ၈၀ ဖြစ်သည်။

(မိုး/ဇလ)

## ရှေးဟောင်းသမိုင်းဝင်သီပေါဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကျင်းပ

**သီပေါ မတ် ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ဘော်ကြိုကျေးရွာတွင် ရှေးနှစ်ပေါင်း ၂၀၀၀ ကျော်က သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ပိတ်ပွဲအောင်ပွဲ မင်္ဂလာအခမ်းအနားကို (တပေါင်းလပြည့်နေ့) မတ် ၁၂ ရက် ဘုရားကြီးရင်ပြင်တော်၌ ကျင်းပသည်။




ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ မိလိန္ဒ အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဘော်ကြိုဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းသန့်စိုင်းက သာသနာရေးဆိုင်ရာများကို လည်းကောင်း၊ ပွဲတော်ကျင်းပရေး ဒုတိယဥက္ကဋ္ဌ ဦးစိုင်းရွှေအေးက ရသုံးအလှူငွေများကို လည်းကောင်း တင်ပြလျှောက်ထားကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းမှု အစုစုအတွက် ရေစက်ချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၃-၃-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၇၁၀/၇၂၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၂၀/၇၃၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၆၀/၇၇၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၃၀/၇၄၅ ကျပ် | (လက်ကားဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၅၃ ・ ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၄ ・ ၄၉ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၅၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၄၆ |
| တရုတ် | တစ်ယွမ် | ၁၉၇ ・ ၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅ ・ ၉၆ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၁၇ ခုနှစ် ကမ္ဘာ့ရေနေ့အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်

❁ ရှေ့ဖုံးမှ

အနာဂတ်တွင်လည်း ရေအရင်းအမြစ်များ ဆက်လက်တည်ရှိစေရေးနှင့် ရေအရည်အသွေးများ လုံခြုံစိတ်ချမှုရှိစေရေးအတွက် ရေအရင်းအမြစ်များကို ကာကွယ်စောင့်ရှောက်ရန်နှင့် စနစ်တကျစီမံခန့်ခွဲရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အနာဂတ်တွင် ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်ပြီး ရေကိုအကျိုးရှိ ထိရောက်စွာသုံးစွဲနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာရန် မျှော်မှန်းထားကာ တွန်းအားပေးဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ ရေအရင်းအမြစ်အားလုံးကို ထိရောက်စွာစီမံခန့်ခွဲနိုင်ရန်အတွက် အဓိကကျသည့် မြစ်များနှင့် မြစ်ဝှမ်းများကို စနစ်တကျ စီမံခန့်ခွဲရန်လိုအပ်ပါကြောင်း၊ လိုအပ်နေသည့် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ၊ အဖွဲ့အစည်းများ ပြုပြင်တည်ဆောက်မှုနှင့်အတူ ရေနှင့်ဆက်နွှယ်သောဌာန၊ အဖွဲ့အစည်းများရှိ ဝန်ထမ်းများ၊ ပတ်သက်ဆက်နွှယ်သူများကိုလည်း စွမ်းဆောင်မှုအရည်အသွေးမြှင့်တင်ပေးရန် တစ်ပြိုင်တည်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုကို အထောက်အကူပြုနိုင်ရန် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ဖွဲ့စည်းထားပါကြောင်း၊ ရေပေးဝေမှု၊ မိလ္လာနှင့် ရေသန့်စနစ်၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေအားလျှပ်စစ်၊ စက်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်း စသည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေရန် အစိုးရနှင့် ပြည်သူပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ရေအသုံးပြုသူများအကြား ရေသုံးစွဲမှုနှင့်ပတ်သက်သည့် အသိပညာ၊ ဗဟုသုတနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု၊ ဆွေးနွေးတိုင်ပင်မှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ရေပိုမို သိုလှောင်ခြင်းဆိုသည့် အချက်သည် ရေပြဿနာများကို အတိုင်းအတာတစ်ခုအထိ ဖြေရှင်းနိုင်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံအနှံ့အပြားတွင် ယခုအချိန်က စတင်ပြီး မိုးရေခံစီမံကိန်း (Rain Water Harvesting)လုပ်ငန်းကို ဦးစားပေးလုပ်ငန်းတစ်ခုအနေဖြင့် အားပေးဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း၊ ထို့အပြင်ရေပိုမိုသိုလှောင်နိုင်ရန် အခြေခံအဆောက်အအုံများ ပိုမိုတည်ဆောက်ရေး၊ ရေပြုန်းတီးလေလွင့်မှု လျော့ပါးစေရေးနှင့် ရေချွေတာရေးလှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း ရေနှင့်ဆက်နွှယ်သည့် သဘာဝဘေးအန္တရာယ်များ လျော့ပါးသက်သာစေရန် လိုအပ်သည့်အစီအမံများ၊ ကြိုတင်ပြင်ဆင်မှုများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ရေအရင်းအမြစ်များနှင့် သက်ဆိုင်သည့် စီမံကိန်းအများစုအတွက်လည်း ရေရရှိနိုင်မှုကိုခန့်မှန်းရာတွင် မျက်မှောက်ကာလ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ အချက်အလက်များကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက ဝိုင်းဝန်းညှိနှိုင်းပြီး စနစ်တကျ စုစည်းပြုစုသွားကြရန် လိုအပ်ပါကြောင်း၊ အနာဂတ်ကာလအတွက် ခန့်မှန်းတွက်ချက်ရာတွင်လည်း သင့်လျော်သည့် ခေတ်မီနည်းစနစ်များကို ပြောင်းလဲကျင့်သုံးဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း၊ ထို့အပြင် ရေအသုံးပြုမှုများဆိုင်ရာအချက်အလက်များ စနစ်တကျ ပြုစုထိန်းသိမ်းသည့် စနစ်တစ်ခုကို ထူထောင်သွားရမည်ဖြစ်ပြီး ရေအရည်အသွေးနှင့် သက်ဆိုင်သည့်ပြဿနာများ ပေါ်ပေါက်လာပါက သင့်တော်သည့်တုံ့ပြန်မှုများ စီစဉ်ဆောင်ရွက်နိုင်ရန် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ကွပ်ကဲသည့် စနစ်တစ်ခုပေါ်ပေါက်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

အနာဂတ်ရေဆိုင်ရာ မျှော်မှန်းချက်များအတွက် အမျိုးသားအဆင့်ရေမူဝါဒကို အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ အကြံပေးအဖွဲ့၏ ပံ့ပိုးမှုဖြင့် ပြုစုနိုင်ခဲ့ပါကြောင်း၊ နိုင်ငံတော်၏မူဝါဒနှင့် ကိုက်ညီမည့် ရေဥပဒေပြုစုရေးအတွက်လည်း ဆောင်ရွက်နေပါကြောင်း၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် မြန်မာ့ရေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ မိုးလေဝသနှင့်ဇလဗေဒ စောင့်ကြည့်လေ့လာ အကဲခတ်ရေးဆိုင်ရာကိစ္စများနှင့် ဧရာဝတီမြစ်ရေကြောင်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း။

ရေကဏ္ဍဆိုင်ရာလုပ်ငန်းများသည် လက်တွေ့တွင် နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသော လုပ်ငန်းများဖြစ်သည့်အတွက် မှန်ကန်သည့် အကျိုးရလဒ်များ ရရှိစေရန် ဝိုင်းဝန်းညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ကမ္ဘာပေါ်တွင် ဆင်းရဲမွဲတေမှု အဆုံးသတ်ရေး၊ ကမ္ဘာမြေအား ကာကွယ်ရေးနှင့် ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး ဖူလုံကြွယ်ဝရေးတို့အတွက် ကမ္ဘာ့ကုလသမဂ္ဂကချမှတ်ထားသော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ (Sustainable Development Goals)ကို မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စတာ အဗ်ဒူလာရေဆက်က ကမ္ဘာ့ဘဏ်အနေဖြင့် အခြားမိတ်ဖက်အဖွဲ့အစည်းနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံ ရေဖူလုံရေးရည်မှန်းချက်ပန်းတိုင်များ ပြည့်မီရေးကူညီပံ့ပိုးပေးသွားမည့်အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်သံအမတ်ကြီး Mr.Wouter Jurgens၊ ဩစတြေးလျနိုင်ငံ ရေမိတ်ဖက်အဖွဲ့အစည်းမှ Mrs. Kaye Schofield နှင့် ဂျပန်ရေဖိုရမ်နှင့် APWF ၏ အထွေထွေအတွင်းရေးမှူးချုပ် ဒေါက်တာ Kotaro Takemura တို့က မြန်မာနိုင်ငံ၏ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြပြီး အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း ဗီဒီယိုကို ပြသသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနအတွင်း ခင်းကျင်းပြသထားသည့် ရေအရင်းအမြစ် အသုံးချရေးဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဝင်များ၊ ပြည်တွင်းပြည်ပ ပညာရှင်များနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နှစ်စဉ်နှစ်တိုင်း မတ်လ ၂၂ ရက်နေ့ကို ကမ္ဘာ့ရေနေ့အဖြစ်သတ်မှတ်ပြီး ရေချိုရရှိမှု၏ အရေးပါမှုနှင့် ရေချိုအရင်းအမြစ်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်းသုံးစွဲနိုင်ရေး အာရုံစိုက်လာအောင် ကမ္ဘာ့ရေနေ့အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် နိုင်ငံအများစုတွင် ကျင်းပကြကြောင်း သိရသည်။ **(သတင်းစဉ်)**




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၁၇ ခုနှစ် ကမ္ဘာ့ရေနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်

❍ ရှေ့ဖုံးမှ

နယ်စပ်ဂိတ်များအတွင်း အထူးကြပ်မတ်စစ်ဆေးလျက်ရှိကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ရောဂါမဖြစ်ပွားစေရေးနှင့် လူသို့ ကူးစက်မှုမရှိစေရေးအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း စီမံဆောင်ရွက်ရန် ယခုမတ်လဆန်းက ခရိုင်နှင့် မြို့နယ်ရုံးများသို့ အကြောင်းကြားစာများ ပေးပို့ထား ကြောင်း သိရသည်။

ယခုအခါ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း တရားမဝင်တင်သွင်း၊ တင်ပို့ခြင်းဆိုင်ရာကြီးကြပ်မှုကော်မတီကို ပြည်ထောင်စုအဆင့် တိုင်းဒေသကြီးအလိုက် ဖွဲ့စည်းထားရှိပြီးဖြစ်ရာ ပြည်ပမှ တရားမဝင်ကြက်သား၊ ကြက်ဥ၊ ဘဲသား၊ ဘဲဥနှင့် ကြက်၊ ဘဲထွက်ပစ္စည်းများ တင်သွင်းခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့ (လုံးဝ) မပြုလုပ်ရန်နှင့် စစ်ဆေးတွေ့ရှိပါက တရားဥပဒေအရ ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြက်သား၊ ဘဲသား၊ ကြက်ဥ၊ ဘဲဥလုပ်ငန်းရှင်များနှင့် ပင်လယ်စာရောင်းချသည့်ဆိုင်များသို့ အသိပေးအကြောင်းကြားထားကြောင်း သိရသည်။

ကာကွယ်မှုအနေဖြင့် စီမံဆောင်ရွက်သည့်လုပ်ငန်းများမှာ ကြက်ငှက် ရောဂါကျရောက်တတ်သည့် အချိန်ကာလဖြစ်သဖြင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန် ဖြစ်ပွားနိုင်သည့် ဒေသများဖြစ်သည့် ကြက်အရှင်ရောင်း ဈေးကွက်များ၊ မွေးမြူရေးကြက်ခြံများ၌ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန်၊ ရောဂါစူးစမ်းရှာဖွေမှုများ ပြုလုပ်ရန်၊ ပညာပေးဟောပြောပွဲများ ပြုလုပ်ရန်၊ ကူးစက် ပျံ့နှံ့မှုလေ့လာခြင်း၊ ရောဂါနမူနာပစ္စည်း စစ်ဆေးခြင်း၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်း၊ သတင်းထုတ်ပြန်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခင်က တရားမဝင်တင်သွင်းမှုများကြောင့် ဖေဖော်ဝါရီလပိုင်းက ကြက်ဥတစ်ပိဿာ ၂၀၀၀ ခန့်ရှိရာမှ ယခုအခါ ကြက်ဥ တစ်ပိဿာ ငွေကျပ် ၂၂၀၀-၂၃၀၀ ဈေးဖြစ်လာပြီး ကြက်သားဈေးမှာ ယခင် လက်ကားဈေး ငွေကျပ် ၃၀၀၀ မှ ယခု ငွေကျပ် ၃၅၀၀-၄၀၀၀ ဝန်းကျင် ဖြစ်လာသဖြင့် ပြည်တွင်း မွေးမြူရေးသမားများ ထုတ်လုပ်မှုတွက်ခြေကိုက်လာကြောင်း သိရသည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက် မှစတင်ကာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကြက်မွေးမြူရေးဇုန်အတွင်းရှိ ကြက်၊ ငုံးမွေးမြူရေးခြံများ၌ (H5N1) ဗိုင်းရပ်စ်ပိုးကြောင့် ကြက်၊ ငုံးများ သေဆုံးမှုများဖြစ်ခဲ့သော်လည်း ရောဂါပြန့်ပွားမှုမရှိအောင် ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ညှော်ပရိသတ်များ ဗန်းမော်ကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်

# စစ်ကိုင်းတောင်ရိုးရှိ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်ရရှိတော်မူပြီးသော ဆရာတော်ကြီးများအား အဘိဓဇပူဇာ အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁၃**
အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်ရရှိတော်မူပြီးသော ဆရာတော်ကြီးများအား အဘိဓဇပူဇာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတောင်ရိုး၊ သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာအကယ်ဒမီရှိ သီတဂူသံဝေဇနီယဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မန္တလေးမြို့ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်ရရှိတော်မူပြီးသော ဆရာတော်ကြီး ၁၁ ပါးနှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ တွဲဖက်ရွှေကျင် သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအမှူးပြုသော သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်နှင့် ညှော်ပရိသတ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတက်ရောက်လာကြသည့် ညှော်ပရိသတ်အပေါင်းတို့က ဗန်းမော်ကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဗန်းမော်ကျောင်းတိုက်ဆရာတော်၊ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ဆရာတော်၊ အမရပူရမဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော်နှင့် မန္တလေးမြို့ ဘုရားကြီးကျောင်းတိုက် အတုလကာရီဆင်မင်းကျောင်းတိုက်ဆရာတော်တို့က ဩဝါဒကထာများ ဟောကြားချီးမြှင့်တော်မူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများ၊ သီတဂူဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးဟန်နှင့်တာဝန်ရှိသူများက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်ရရှိတော်မူပြီးသော ဆရာတော်ကြီးများအား ပိုးသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးနှင့် အလှူရှင်များက နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းရာ သီတဂူဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးဟန်က လက်ခံသည်။

ယင်းနောက်ဆရာတော်ကြီးများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်အရာရှိကြီးများနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ ပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်ကို သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ကလေးစာပေထုတ်လုပ်ခြင်းသင်တန်း ဖွင့်ပွဲကျင်းပမည်

**ရန်ကုန် မတ် ၁၃**
မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် ဂျပန်နိုင်ငံ ရှန်တိ စေတနာ့ဝန်ထမ်းအဖွဲ့တို့ ပူးတွဲကျင်းပသည့် တတိယအကြိမ် ကလေးစာပေထုတ်လုပ်ခြင်းသင်တန်းဖွင့်ပွဲကို မတ် ၁၉ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းရှိ ORCHID HOTEL ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။
**ကိုချစ်**

# ကျား/မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းလမ်းညွှန်ချက် ရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၁၃**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ UNFPA နှင့် FXB အဖွဲ့တို့ ပူးပေါင်း၍ ကျင်းပသောကျား/မ အခြေပြုအကြမ်းဖက်မှုဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းလမ်းညွှန်ချက် ရေးဆွဲနိုင်ရေးအလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော် သင်္ဂဟဟိုတယ်၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်က အဖွင့်အမှာစကားပြောကြားသည်။

အမြဲတမ်းအတွင်းဝန်က ကျား/မအခြေပြုအကြမ်းဖက်မှုများတွင် အမျိုးသမီးများ၏ ကျန်းမာရေး၊ လူမှုရေး၊ တရားစီရင်ရေးကဏ္ဍများ၌ ထိရောက်ပြီး ပြီးပြည့်စုံသော တုံ့ပြန်ဆောင်ရွက်မှုများ၊ လုပ်ငန်းစဉ်များလုပ်ဆောင်ပေးရန် တာဝန်ရှိကြောင်း၊ အမျိုးသမီးနှင့် မိန်းကလေးငယ်များအတွက် ကျား/မ အခြေပြုအကြမ်းဖက်ခြင်းဟာအဓိကကျတဲ့ ပြဿနာတစ်ရပ်ဖြစ်နေပါကြောင်း၊ အကြမ်းဖက်ခံရသူများ၏ ၇၀ ရာခိုင်နှုန်းမှာရင်းနှီးကျွမ်းဝင်သူများ၊ ဆွေမျိုးတော်စပ်သူများ၏ အကြမ်းဖက်မှုကြောင့်ဖြစ်ပြီး မလိုလားအပ်သော ကိုယ်ဝန်ဆောင်ရခြင်း၊ ကိုယ်ဝန်ဆောင် မိခင်အသက်ဆုံးရှုံးနိုင်ခြေမြင့်ခြင်း၊ လိင်မှတစ်ဆင့် ကူးစက်ရောဂါများနှင့် HIV/ AIDS ရောဂါကူးစက်ခံရခြင်း၊ မသန်စွမ်းဖြစ်ရခြင်းနှင့် စိတ်ကျန်းမာရေးထိခိုက်ရခြင်း ပြဿနာများကို ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ကျား/မ အခြေပြုအကြမ်းဖက်မှုနှင့်ပတ်သက်ပြီး အမျိုးသားအဆင့် စံလုပ်ငန်းလမ်းညွှန်ချက် ရေးဆွဲနိုင်ပါက မြန်မာနိုင်ငံရှိပြည်သူတစ်ရပ်လုံးအတွက် ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးပေးနိုင်ပြီး ကျား/မ တန်းတူညီမျှမှု အပါအဝင် အမျိုးသမီး အခွင့်အရေးများ အပြည့်အဝရရှိပြီး ပိုမိုကောင်းမွန်သော တိုးတက်မှုများ ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေမူကြမ်းရေးဆွဲခြင်း၊ အကြမ်းဖက်ခံရသူအမျိုးသမီးများနှင့်အမျိုးသမီးငယ်များအတွက် ဝန်ဆောင်မှုများ တုံ့ပြန်ဆောင်ရွက်ပေးမည့် လေ့လာဆန်းစစ်မှု တစ်ရပ်ပြုလုပ်နေခြင်း၊ အကြမ်းဖက်မှု အမျိုးမျိုးခံစားနေရသည့် အမျိုးသမီးများအတွက် နားခိုရာနေရာများနှင့် ဝန်ဆောင်မှုများပံ့ပိုးပေးနိုင်သည့် နေရာများအားဆောင်ရွက်ပေးနေခြင်း၊ သက်ငယ်မုဒိမ်းမှုများအား တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် Help Line ဖွင့်လှစ်ဆောင်ရွက်ပေးနေခြင်း၊ ကလေးသူငယ်နှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး အာဆီယံဒေသအတွင်း စီမံချက်အား ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် UNFPA မှ လက်ထောက်ဌာနေကိုယ်စားလှယ် ဒေါက်တာ ဒေါ်လှလှအေးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ အဆိုပါအစည်းအဝေးသို့ အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ အမျိုးသမီးအရေး ဆောင်ရွက်နေသော အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၇၀ တက်ရောက်ခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်ကြာ ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ခြောက်လယာယီတာဝန်ထမ်းဆောင်ခဲ့သော ပြည်သူ့ကျန်းမာရေးဝန်ထမ်း ၅၆ ဦးကို ဂုဏ်ပြု

**စစ်ကိုင်း မတ် ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ ခြောက်လယာယီတာဝန်ထမ်းဆောင်ခဲ့ကြသော ပြည်သူ့ကျန်းမာရေးဝန်ထမ်း ၅၆ ဦးအား ဂုဏ်ပြုပွဲအခမ်းအနားကို မုံရွာမြို့ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ မတ် ၁၃ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

အဆိုပါဂုဏ်ပြုပွဲသို့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းနှင့်အဖွဲ့ဝင်များ တက်ရောက်ပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့မှ ဂုဏ်ပြုငွေကျပ် ၁၁၂၀၀၀၀ ကို ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းက ချီးမြှင့်ပေးအပ်ခဲ့ပြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာန (နေပြည်တော်)မှ ချီးမြှင့်သည့် ဝန်ထမ်းတစ်ဦးလျှင် ငွေကျပ် ခုနစ်သိန်းနှစ်သောင်းနှုန်းဖြင့် စုစုပေါင်းဂုဏ်ပြုငွေကျပ် ၄၀၃၂၀၀၀၀ ကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ သံလွင်ထွန်းက ချီးမြှင့်ပေးအပ်သည်။

ထို့နောက်နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးနှင့် ဖိတ်ကြားထားသော တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခဲ့သည်။

အဆိုပါ ပြည်သူ့ကျန်းမာရေးဝန်ထမ်း ၅၆ ဦးတွင် လက်ထောက်ကျန်းမာရေးမှူး တစ်ဦး၊ သားဖွားဆရာမ ၂၇ ဦးနှင့် ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)၂၈ ဦးတို့ကို ဂုဏ်ပြုချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**



# ပြင်ဆင်ဖတ်ရှုပါရန်

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁) နှစ်တာ အချပ်ပို (င)တွင် ဖော်ပြခဲ့သော ဒေသဖွံ့ဖြိုးတိုးတက်လာမှုများနှင့်အတူ ပိုမိုပနံရလာသည့် ရှမ်းပြည်နယ် သတင်းဆောင်းပါး ပထမကော်လံ တတိယစာပိုဒ် စာကြောင်းရေ (၂) တွင် လီရှော “အစား” လီဆူနှင့် အချပ်ပို(ဆ)ပထမကော်လံ တတိယစာပိုဒ် စာကြောင်းရေ (၆) တွင် ၁၈ ပေအကျယ် လမ်း “**အစား**” ၁၈ ပေအကျယ် ကတ္တရာလမ်းဟုပြင်ဆင်ဖတ်ရှုပါရန်။ **(စာရေးသူ)**

❀ *ကျောဖုံးမှ*

လောက်ကိုင်မြို့အတွင်းရှိ ဖူလီလိုက်ဟိုတယ်၊ ကျင်ဖုဟိုတယ်နှင့် ကျင်ကျန်းဟိုတယ်တို့အား ဝင်ရောက်မီးရှို့ဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများအား ပြန်ပေးဆွဲခြင်းနှင့် ဓားပြတိုက်ခြင်းတို့ကို လုပ်ဆောင်ခဲ့ပြီး ပယ်စိမ်းဟိုတယ်ရှေ့ရှိ အများပြည်သူပိုင်မော်တော်ယာဉ် အစီး ၂၀ ခန့်ကို မီးရှို့ဖျက်ဆီးခဲ့သည်။

ဖူလီလိုက်ဟိုတယ်ဖြစ်စဉ်တွင် MNDAA လက်နက်ကိုင်အဖွဲ့အင်အား ၄၅ ဦးခန့်က နံနက် ၃ နာရီခန့်တွင် ဟိုတယ်ဂိတ်ပေါက်ရှိ လုံခြုံရေးခန်း၌ ချိတ်ဆွဲထားသည့်မော်တော်ယာဉ်သော့များကိုသိမ်းဆည်းကာ ဟိုတယ်မှ ယွမ်ငွေ သိန်း ၃၀၀၀ ခန့်ကို ဓားပြတိုက်ယူဆောင်၍ ဟိုတယ်ရှေ့၌ရပ်ထားသည့်မော်တော်ယာဉ်များဖြင့် ဝန်ထမ်းအမျိုးသား ၁၂၀၊ အမျိုးသမီး ၂၀၀ စုစုပေါင်း ဟိုတယ်ဝန်ထမ်း ၃၂၀ ခန့်တို့ကို ပြန်ပေးဆွဲဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း။

ထိုသို့ပြန်ပေးဆွဲဖမ်းဆီးခေါ်ဆောင်စဉ် လိုက်ပါရန် ငြင်းဆန်ခဲ့သည့် ဝန်ထမ်းတစ်ဦးကို သေနတ်ဖြင့်ပစ်သတ်ခဲ့ပြီး အမျိုးသမီးဝန်ထမ်းတစ်ဦးကိုလည်း အဓမ္မပြုကျင့်ခဲ့ကြောင်း၊ ထို့နောက် တောလမ်းမှတစ်ဆင့် ဖမ်းဆီးခေါ်ဆောင်ခဲ့ရာ တောင်ကုန်းတစ်ခု၌ခေတ္တရပ်နားစဉ် တစ်ဖက်နိုင်ငံသား အမျိုးသမီးများမှအပ ကျန်အမျိုးသမီး ၅၀ တို့ကို ၎င်းတို့အဖွဲ့အတွင်း တာဝန်ထမ်းဆောင်ရန် ရွေးချယ်ခဲ့ကြောင်း၊ ဖမ်းဆီးခံရသည့်ဝန်ထမ်းအမျိုးသား ၁၂၀ အနက် တစ်ဖက်နိုင်ငံသား ၁၀ ဦးကို ပြန်လည်လွှတ်ပေးခဲ့ပြီး ကျန် ၁၁၀ နှင့် အမျိုးသမီး ၁၅၀ ခန့်တို့ကို နန်စန်မြို့သို့ မော်တော်ယာဉ်များဖြင့် ဖမ်းဆီး ခေါ်ဆောင်သွားခဲ့ကြောင်း၊ အခြားဆက်စပ်သတင်းများအရ ဖမ်းဆီးသွားသူများကို MNDAA လက်နက်ကိုင်အဖွဲ့များ လှုပ်ရှားနေသည့် ကုန်းကြမ်းမြို့နယ်၊ ဟုန်အိုင်ဒေသသို့ နန်စန်မြို့မှတစ်ဆင့် ပို့ဆောင်၍ သင်တန်းများ တက်ရောက်စေမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ MNDAA လက်နက်ကိုင်အဖွဲ့၏ လောက်ကိုင်ဒေသအတွင်း လုပ်ရပ်များကြောင့် အများပြည်သူပိုင်အဆောက်အအုံများ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ပြီး အရပ်သားတိုင်းရင်းသားပြည်သူအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကာ အရပ်သားတိုင်းရင်းသားပြည်သူ ၃၂၀ ပြန်ပေးဆွဲ လူသစ်စုဆောင်းခံခဲ့ရကြောင်း၊ အရပ်သားတိုင်းရင်းသား ပြည်သူငါးဦးနှင့် ကိုးကန့်ယာဉ်ထိန်းရဲ ငါးဦးသေဆုံးခဲ့ရပြီး ကိုးကန့်ယာဉ်ထိန်းရဲလေးဦး ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရကြောင်း သိရှိရသည်။

မတ် ၆ ရက်မှ ၁၂ ရက်အထိ တပ်မတော်စစ်ကြောင်းများက လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် စဉ်ဆက်မပြတ် နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့ရာ MNDAA လက်နက်ကိုင်အဖွဲ့နှင့် ထိတွေ့တိုက်ပွဲ ကြီး/ငယ် စုစုပေါင်း (၄၈) ကြိမ် ဖြစ်ပွားခဲ့ပြီး မိမိဘက်မှ အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်အတွက် အသက်စွန့်လှူတ်ခဲ့ရကာ အချို့ထိခိုက်ဒဏ်ရာရရှိခဲ့သည်။


ယနေ့အထိ နှစ်နိုင်ငံနယ်စပ်အနီး ပွိုင့်-၁၀၈၈၊ ပွိုင့်-၁၂၆၉၊ ဘီပီ ၁၂၆ နှင့် ဘီပီ ၁၂၇ အနီးတစ်ဝိုက် MNDAA လက်နက်ကိုင်အဖွဲ့များအနေဖြင့် နှစ်နိုင်ငံနယ်စပ် နီးကပ်မှုတစ်လျှောက် တောင်ကုန်းတောင်ကြောနှင့် မြေအနေအထားအသာစီးရမှု အခွင့်ကောင်းရယူ၍ နယ်မြေရှင်းလင်းလျက်ရှိသည့် တပ်မတော်စစ်ကြောင်းများကို ရင်ဆိုင်ခုခံလျက်ရှိရာ တပ်မတော်စစ်ကြောင်းများကလည်း နယ်မြေအမြန်ဆုံး အေးချမ်းတည်ငြိမ်နိုင်ရေး ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



MNDAA လက်နက်ကိုင်အဖွဲ့ မီးရှို့ဖျက်ဆီးခဲ့သော ကားကို တွေ့ရစဉ်

**လောက်ကိုင်နယ်မြေအတွင်း MNDAA လက်နက်ကိုင်အဖွဲ့များနှင့် ဖြစ်စဉ်ဖြစ်ပွားသည့် နေရာပြမြေပုံ**




# သကြၤန်ကာလတွင်း ၁၀ ရက် အလုပ်ပိတ်ပေးရေး စက်မှုဇုန်ဥက္ကဋ္ဌများအား အလုပ်သမားဝန်ကြီးဌာနညှိနှိုင်း

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် မတ် ၁၃**

မြန်မာ့ရိုးရာသကြၤန် နှစ်သစ်ကူးကာလတွင် နှစ်သစ်ကူးရုံးပိတ်ရက်ကို ယခင် ၁၀ ရက် မှ ၅ ရက်သို့ မတ် ၁၀ ရက်တွင် နိုင်ငံတော်က ထုတ်ပြန်ပြောင်းလဲခဲ့မှုနှင့် ပတ်သက်ပြီး ယခုနှစ်သကြၤန်ကာလတွင် အလုပ်သမားများ အဆင်ပြေနိုင်ရန် အပိုဆောင်း ငါးရက် ထပ်မံပေးနိုင်ရေး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်ဥက္ကဋ္ဌများအပါအဝင် လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးညှိနှိုင်းပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI ၌ ကျင်းပသည်။

"ကျွန်တော်တို့ ဒီနေ့ ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်ဥက္ကဋ္ဌတွေ၊ လုပ်ငန်းရှင်တွေနဲ့ လာတွေ့တာက ပြီးခဲ့တဲ့ မတ် ၁၀ ရက်က ထုတ်ပြန်လိုက်တဲ့ သကြၤန်နှစ်သစ်ကူးကာလ ရုံးပိတ်ရက်လျှော့ချတာနဲ့ပတ်သက်ပြီး အလုပ်သမားတွေ အဆင်ပြေစေဖို့ ဒီနှစ်မှာတော့ အရင်နှစ်တွေကလို အလုပ်သမားတွေကို အဆင်ပြေသလို ထပ်တိုးငါးရက်ထပ်ပေးပြီး ၁၀ ရက် အလုပ်ပိတ်ပေးနိုင်ဖို့ လာရောက်ညှိနှိုင်းတာ ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာ အခုလို လုပ်ငန်းရှင်တွေ၊ စက်မှုဇုန်ဥက္ကဋ္ဌတွေ၊ အလုပ်သမားတွေနဲ့ သွားရောက်ညှိနှိုင်းပြီးပါပြီ။ အဆင်ပြေပါတယ်" ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI ၌ ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်ဥက္ကဋ္ဌများအပါအဝင် လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးညှိနှိုင်းပွဲတွင် ပြောကြားသည်။

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းက "သကြၤန်ဆိုရင် ပိတ်ရက် ၁၀ ရက် ပိတ်ရမယ်ဆိုပြီး သိလာခဲ့တာ ၁၀ နှစ်လောက်ရှိလာပြီ။ အလုပ်သမားတွေအပါအဝင်၊ ဝန်ထမ်းတွေအားလုံးကလည်း ၁၀ ရက်နားရမယ်လို့ မျှော်လင့်ကြသလို အလုပ်ရှင်တွေကလည်း ၁၀ ရက်ပိတ်ဖို့အတွက် အစီအစဉ်တွေ ဆွဲထားကြတယ်။ အခု ရက်နီးကာမှ ငါးရက်ဆိုတာဖြစ်တဲ့အတွက် စိတ်ကသိကအောက်ဖြစ်တာကတော့ အထူးသဖြင့် အလုပ်သမားတွေနဲ့ ဝန်ထမ်းတွေပေါ့။ အဲဒီလိုဖြစ်နိုင်ခြေရှိတာကြောင့် အလုပ်ရှင်တွေကကြိုမြင်ပြီး နိုင်ငံတော်က ငါးရက်လို့ ကြေညာပေမယ့် ဒီနှစ်မှာတော့ စက်ရုံတွေ၊ ကုမ္ပဏီတွေအလိုက် စီစဉ်ထားကြတယ်။ အလုပ်သမားတွေ အဆင်ပြေစေဖို့ တစ်ဆက်တည်း ၁၀ ရက်ကိုတော့ ကျွန်တော်တို့အနေနဲ့ ဒီနှစ်မှာ ပိတ်ပေးသွားမှာပါ။ အစိုးရဝန်ထမ်းတွေကိုတော့ နိုင်ငံတော်က ဘယ်လိုလုပ်ပေးသွားမယ်မသိဘူး။ နောက်နှစ်တွေမှာတော့ သကြၤန်ပိတ်ရက်ကို နိုင်ငံတော်က ထုတ်ပြန်ထားတဲ့အတိုင်းပဲ လုပ်သွားမယ်။ နိုင်ငံတော်အနေနဲ့ တချို့ကိစ္စတွေမှာ လုံလောက်တဲ့ သုတေသနပြုမှုတွေ မရခဲ့လို့လားတော့မသိဘူး။ တချို့ကိစ္စတွေမှာ မြန်မြန်ထုတ်ပြန်တာတွေရှိတယ်။ အဲဒီလိုထုတ်ပြန်တဲ့အခါ တကယ်လုပ်နေတဲ့ မြေပြင်မှာပွတ်တိုက်မှုတွေ ကြုံနေရတာရှိတယ်။ ပြုပြင်ပြောင်းလဲမယ်ဆိုရင် လုံလောက်တဲ့ အချိန်ပေးဖို့တော့ လိုအပ်တာပေါ့။ ဒါပေမယ့် ဝန်ကြီးဌာနအနေနဲ့ အခုလို လာရောက်ညှိနှိုင်းလိုက်တော့ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ ဒီနှစ်မှာ သကြၤန်ကာလရက်ရှည် ၁၀ ရက်ကို အများစုက ပိတ်ပေးသွားဖို့ များပါတယ်"ဟု ပြောကြားသည်။



စက်မှုဇုန်ဝန်ထမ်းများကို တွေ့ရစဉ်

လတ်တလောမတ် ၁၀ ရက်တွင် နိုင်ငံတော်က ထုတ်ပြန်လိုက်သော သကြၤန်ကာလ နှစ်သစ်ကူးရုံးပိတ်ရက် ယခင် ၁၀ ရက်မှ ၅ ရက်သို့ ပြောင်းလဲလျှော့ပေါ့မှုနှင့်ပတ်သက်၍ ဝန်ထမ်းများ၊ အလုပ်သမားများနှင့် အလုပ်ရှင်များကြားတွင် အနည်းငယ် လှုပ်ခတ်မှုများရှိလာခဲ့သည်။ ထိုသို့လှုပ်ခတ်မှုကြောင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ကုန်သွယ်မှုလုပ်ငန်းများတွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော စက်မှုဇုန်ကြီးများတည်ရှိရာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် အခြားနိုင်ငံတစ်ဝန်း စက်မှုဇုန်များ၌ ငါးရက်ပြောင်းလဲသတ်မှတ်ခဲ့သော်လည်း အလုပ်သမားများအား ယခုနှစ် သကြၤန်ကာလတွင် တစ်ဆက်တည်းရက်ရှည် ၁၀ ရက် ပိတ်သိမ်းပေးနိုင်ရေး ဒေသအလိုက် လိုက်လံဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။

"ကျွန်တော်တို့ ဝန်ထမ်းတွေအနေနဲ့ သကြၤန်ငါးရက်ပဲ သတ်မှတ်လိုက်မယ်ဆိုရင် ရုံးဝန်ထမ်းတွေ၊ စက်ရုံအလုပ်သမားတွေ၊ အခြားသော ဝန်ထမ်းတွေအတွက် သွားလာရေးကအစ ဘယ်လိုမှ အဆင်ပြေနိုင်မှာမဟုတ်ပါဘူး" ဟု ဌာနဆိုင်ရာတစ်ခုမှ ဝန်ထမ်းတစ်ဦးဖြစ်သည့် ကိုဇော်မျိုးက ပြောကြားသည်။

လှိုင်သာယာစက်မှုဇုန် အထည်ချုပ်စက်ရုံတစ်ခု၌ အလုပ်ဆင်းနေသော မခင်သူဇာက "ကျွန်မတို့ စက်ရုံကတော့ အခုထိ သကြၤန်ကာလကို ဘယ်လောက်လို့ မပြောသေးဘူး။ ကျွန်မသူငယ်ချင်း စက်ရုံဆို ၁၀ ရက် ပိတ်မယ်ဆိုပြီး ထုတ်ပြန်လိုက်ပြီ။ တကယ်တော့ ကျွန်မတို့က အထက်အညာကနေ ဒီရန်ကုန်လာပြီး အလုပ်လုပ်တာပါ။ တကယ်သာ ငါးရက်ပဲပေးမယ်ဆိုရင် တစ်နှစ်မှတစ်ခါသာ မိသားစုနဲ့တွေ့ခွင့်ရတဲ့ ကျွန်မတို့ ဘဝကိုလာပြီး ကိုယ်ချင်းစာစေချင်ပါတယ်။ သွားရတာက တစ်ညအိပ် နှစ်ရက်ပါ။ အသွား၊ အပြန်ဆိုရင် လေးရက်ဖြစ်နေပါပြီ။ ပြီးတော့ နှစ်ဆန်း ၂ ရက်နေ့ကို အလုပ်ပြန်ဆင်းရမယ်ဆိုရင်လည်း ကျွန်မတို့အတွက် ဘယ်လိုမှ အဆင်မပြေနိုင်ပါဘူး" ဟု နှစ်သစ်ကူးရုံးပိတ်ရက်နှင့် ပတ်သက်၍ ရင်ဖွင့်ခဲ့သည်။




## ကိုဖုန်းမော်၊ ကိုစိုးနိုင် ကျဆုံးခြင်း (၂၉)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၁၃**

ကိုဖုန်းမော်၊ ကိုစိုးနိုင် ကျဆုံးခြင်း (၂၉) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ယနေ့တွင် ရန်ကုန်နည်းပညာတက္ကသိုလ် စုဝေးခန်းမ၌ကျင်းပခဲ့သည်။

အခမ်းအနားကို ကျဆုံးခဲ့သော ကျောင်းသားနှစ်ဦးအတွက် ကျောင်းဝင်းအတွင်း ကောင်းမှုကုသိုလ်ပြုလုပ်ရန်၊ ကိုဖုန်းမော်၊ ကိုစိုးနိုင် အပါအဝင် ရှစ်လေးလုံးကာလတွင် ကျဆုံးခဲ့သော ရဟန်းရှင်လူ ပြည်သူအားလုံးအတွက် ဂုဏ်ပြုရန်နှင့် အာဏာရှင်စနစ် ပြန်လည် မပေါ်ထွန်းစေရေး ဒီမိုကရေစီကို ထိန်းသိမ်းကာကွယ်ရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ယင်းအခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ သဝဏ်လွှာ ပေးပို့ခဲ့ကြောင်း သိရသည်။



**HWA , ဓာတ်ပုံ - DT**




## Renaissance Myanmar လစဉ်ထုတ်မဂ္ဂဇင်း ထွက်ရှိ

ဖေဖော်ဝါရီ - မတ်လအတွက် Renaissance Myanmar လစဉ်ထုတ် မဂ္ဂဇင်းကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

ယင်းမဂ္ဂဇင်းတွင် ဖက်ဒရယ်ပြည်ထောင်စုမြန်မာနှင့် ပတ်သက်ပြီး အထူးဆောင်းပါးအဖြစ် သူရဦးရွှေမန်းနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ကိုကိုလှိုင်၊ မှူးဇော်၊ ဒေါက်တာ ဆလိုင်းငွန်ကျုံးလျန်၊ ဘိုဘိုကျော်ငြိမ်း၊ ဒေါ်လှမျက်ခြယ်၊ အောင်မိုးဝင်း၊ အစိမ်းရောင်လွင်ပြင်၊ မောင်မောင်စိုး၊ ခင်ဇော်ဦး၊ မျိုးမင်း(မကျည်းလဟာ)၊ ကျော်ဝင်း၊ ဝင်းဖေမောင်၊ ရဲထွန်း(သီပေါ)၊ သန်းစိုးနိုင်တို့၏ ဆောင်းပါးများ ပါရှိသည်။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသည် ငြိမ်းချမ်းရေး ဖြေရှင်းချက်၊ နိုင်ငံရေး ဖြေရှင်းချက်၊ အနာဂတ်အတွက် ဖြေရှင်းချက်ဖြစ်ကြောင်း အားလုံးက လက်ခံသဘော တူထားပြီးဖြစ်၍ လူထုကိုယ်စား Renaissance Myanmar က ရှေ့တစ်လှမ်းတက်၍ တောင်းဆိုလိုက်ရပေသည်ဟု အယ်ဒီတာ့အာဘော်တွင် ဖော်ပြထားသည်။

အဆိုပါ မဂ္ဂဇင်းကို အထက်မြန်မာပြည်ဖြန့်ချိရေးအဖြစ် ဝင်းဖေမောင် Amarapura Partners ၊ မန္တလေးမြို့ ၊ Hot Line; ၀၉၂၅၃၁၀၄၆၇၃၊ မန္တလေးမြို့ နေပြည်တော် ဖြန့်ချိရေးအဖြစ် ဂျမ်းဘုံစာပေနှင့် စတိုး (ပျဉ်းမနားမြို့)၊ ဖုန်း-၀၉-၇၉၀၄၂၂၇၉၀ နှင့် ၀၉-၄၃၁၈၇၇၀၂ ၊ အောက်မြန်မာပြည်ဖြန့်ချိရေး စာပေနန်းတော်တို့က တာဝန်ယူဖြန့်ချိလိုက်ကြောင်းနှင့် တန်ဖိုး ငွေကျပ် ၃၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

# မွန်တို့ဌာနေ ရာမညမြေမှ ဖိတ်ခေါ်ပါသည် ကလေးစာပေပွဲတော်ဆီ

## သတင်းဆောင်းပါး-နိုင်ချစ်(မုဒုံ)

**ရန်ကုန် မတ် ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပမည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို မတ် ၂၅၊ ၂၆၊ ၂၇ ရက်(စနေ၊ တနင်္ဂနွေနှင့် တနင်္လာနေ့)တို့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ တောင်ဝိုင်းရပ် မော်လမြိုင်တက္ကသိုလ်(ဘက်စုံခန်းမ)၌ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း မင်္ဂလာသတင်းကြားသိရသည်။ ဤမင်္ဂလာသတင်းကြောင့် မွန်ပြည်နယ်သား စာချစ်သူ၊ ကလေးချစ်သူတစ်ဦးအနေဖြင့် စာပေအသိနှင့်အတူ အတိုင်းအဆမရှိ ဝမ်းသာပီတိဖြစ်မိပါသည်။

နည်းပညာများ အရှိန်အဟုန်ဖြင့် စီးဝင်တိုးတက်နေသည့် ယနေ့တွင် ခေတ်ကာလအလျောက် ကလေးငယ်များအကြား၊ ကလေးငယ်များနှင့် စာပေများအကြား တဖြည်းဖြည်းအနေဝေး၊ အလှမ်းကွာ၊ အိပ်မောကျ အသိအမြင်စိမ်းကား ခြားနားလာခဲ့ကြသည်။ ဤသည်ကို စာပေအသိအမြင်ကြွယ်ဝသူများ၏ အမြော်အမြင်ကြီးမားမှုဖြင့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတို့ကို ကျင်းပခဲ့သည်။

ယင်းကြောင့် ယနေ့ဆိုလျှင် ကလေးစာပေပွဲတော်မှ စိုက်ပျိုးပေါင်းသင် ရေလောင်းပြုစုပျိုးထောင်ပေးလိုက်သည့် ကလေးစာပေဖွံ့ဖြိုးရေးဉာဏ်သစ်ပင်သည် ပြည်သူများအကြား၊ မိသားစုချင်းအကြား၊ ကလေးငယ်များအကြား၊ စာပေလောကသားများအကြား တဖြည်းဖြည်းချင်း ပြန်လည်နိုးထအောင်မြင်သီးပွင့်လာနေပြီ ဖြစ်သည်။

ယင်းသို့ အောင်မြင်သီးပွင့်နေပြီဟု ဆိုရခြင်းမှာ နေပြည်တော်၌ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၅ ရက်နှင့် မန္တလေးမြို့၌ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၇၊၂၈၊၂၉ ရက်တို့တွင် ကလေးစာပေပွဲတော်၊ ကလေးစာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတို့ အောင်မြင်စွာကျင်းပနိုင်ခဲ့သည့် ပြကွင်းပြကွက်ကဏ္ဍအစုံစုံနှင့် မိသားစုများ၊ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများအပါအဝင် ပြည်သူများ အားရဝမ်းသာကြည်နူးအားပေးခဲ့ကြသည့် မြင်ကွင်းအဖုံဖုံတို့၏ ပုံရိပ်ကောင်းများက သက်သေပြနေခြင်းကြောင့်ပင်ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်က နေပြည်တော်၌ကျင်းပသည့် ကလေးစာပေပွဲတော်တွင် "ကလေးစာပေပွဲတော်ကြီးသည် အနာဂတ်၏ခေါင်းဆောင်များကို ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ ကလေးများ၏ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ ကလေးများစာပေနှင့် ရင်းနှီးပြီး စာဖတ်ဝါသနာပါလာစေရန်နှင့် ကလေးများပျော်ရွှင်လာစေရန် ရည်ရွယ်ကျင်းပသည့် ပွဲတော်ကြီးဖြစ်ကြောင်း" ဟူ၍လည်းကောင်း၊ မန္တလေးမြို့၌ ကျင်းပသည့် ကလေးစာပေပွဲတော်တွင် "ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အတွေးအခေါ်အယူအဆများ ထက်မြက်လာစေရန်၊ တီထွင်ဖန်တီးလိုစိတ် ရင့်သန်လာစေရန်နှင့် စာပေနှင့်ရင်းနှီးပြီး စာဖတ်ခြင်းတွင် ပျော်မွေ့တတ်လာစေရန် ကလေးစာပေပွဲတော်ကို ကျင်းပရခြင်းဖြစ်ကြောင်း"ဟူ၍လည်းကောင်း လမ်းညွှန်ပြောကြားချက်ကို အမှတ်ရမိသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မော်လမြိုင်မြို့ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ မတ် ၃ ရက်က ကျင်းပသည့် ကလေးစာပေပွဲတော်(မော်လမြိုင်)ကျင်းပရေးညှိနှိုင်းဆွေးနွေးပွဲတွင် "ကလေးများစာပေကို ချစ်မြတ်နိုးတတ်လာစေရန်၊ စာပေကို ပိုမိုစိတ်ဝင်စားလာစေရန် ကလေးဘဝမှစပြီး စာပေများကို ဖတ်ချင်စိတ်ဖြစ်ပေါ်လာစေရန်၊ စာပေနှင့် ထိတွေ့မှုရှိစေရန် ကလေးစာပေပွဲတော်ကို ကျင်းပရခြင်းဖြစ်ကြောင်း" ဟု ဆွေးနွေးပြောကြားခဲ့သည်။

**ပြန်ကြားရေးဝန်ကြီးဌာန ပညာရေးဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို မတ် ၂၅၊ ၂၆၊ ၂၇ ရက်တို့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ တောင်ဝိုင်းရပ် မော်လမြိုင်တက္ကသိုလ်(ဘက်စုံခန်းမ)၌ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသသွားမည်**

ထို့အတူ မွန်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းက ကလေးငယ်များ စာပေဗဟုသုတရရှိစေရန်၊ ဉာဏ်ရည်ထက်မြက်လာစေရန် ကလေးစာပေပွဲတော် ကျင်းပခြင်းဖြစ်သည့်အတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကတိပြုပြောကြားထားသည်။

ဤသည်ကို ထောက်ရှုခြင်းအားဖြင့် ကလေးစာပေပွဲတော်ကျင်းပခြင်းသည် ကလေးငယ်များအားလုံး ငယ်စဉ်မှစတင်ကာ စာပေအသိဉာဏ်ဆင်ခြင်တုံတရားဖြင့် ဘဝအောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်ရေး၊ နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လိုစိတ် အသိအမြင်ရရှိရေး အကျိုးသက်ရောက်မှုကို ဖြစ်ထွန်းစေမည့် ရည်ရွယ်ချက်များပါဝင်ကြောင်း ထင်ရှားသိသာလှသည်။ တစ်ဆက်တည်းတွင် ပြည်သူအားလုံးအတွက် စာပေအသိဉာဏ်နှင့်အတူ မြန်မာစာပေလောကကြီးတစ်ခုလုံး ရှင်သန်ဖွံ့ဖြိုးရေးကို အထောက်အကူပြုလာစေမည်ဖြစ်ကြောင်း တွေ့မြင်နိုင်သည်။

သို့ဖြစ်ရာ မိမိတို့မွန်တို့ဌာနေ ရာမညမြေ မော်လမြိုင်တက္ကသိုလ်(ဘက်စုံခန်းမ)၌ ကျင်းပမည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စာပေအနုပညာရှင်များ၊ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများ၊ စာပေနှင့် စာပေတိုက်များ အပါအဝင် သက်ဆိုင်သူအားလုံးက တစ်စိတ်တစ်ဝမ်း တွဲလက်ညီပူးပေါင်းပါဝင်ကြပါရန် အထူးပင်လိုအပ်လှပါသည်။

ထို့ကြောင့်ပင် စာချစ်သူ၊ စာမွေ့သူ၊ ကလေးချစ်သူမိဘပြည်သူများ၊ ရပ်နီး၊ ရပ်ဝေးဒေသနေ ပြည်သူများ မည်သူမဆို မွန်တို့ဌာနေရာမည၏ သာသနာ့နယ်မြေများ၊ တောတောင်သဘာဝအလှအပများကို ရှုစားခံစားစေလိုခြင်းနှင့်အတူ မော်လမြိုင်မြို့ မော်လမြိုင်တက္ကသိုလ်(ဘက်စုံခန်းမ)၌ကျင်းပမည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲသို့ ကလေးငယ်များကို လက်တွဲချီပိုးကာ အရောက်ကြွလှမ်းကြည့်ရှုခံစား ပါဝင်ဆင်နွှဲ လာရောက်အားပေးကြပါရန် မွန်ပြည်နယ်သား စာချစ်သူက ဖိတ်ခေါ်လိုက်ရပါသည်။

# ရန်ကုန်တိုင်းဒေသကြီးတွင် နွေရာသီလျှပ်စစ်ဓာတ်အားလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရေး ဓာတ်အားပေးစက်ဝယ်ယူရန် ငွေကျပ် ၃၀ ဘီလီယံအား သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြ

နေပြည်တော် မတ် ၁၃

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေရာသီ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ငွေကျပ် ၃၀ ဘီလီယံ ခွဲဝေသုံးစွဲရေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဖောင်းပြင်-ပင်လည်ဘူးလမ်း ၂၉ မိုင် အထူးပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ် ၅၅၇၅ သန်း ခွဲဝေသုံးစွဲရေးတို့ကို ဆွေးနွေးကြသည်။

အစည်းအဝေးတွင် **"နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ခွဲဝေသုံးစွဲမည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေရာသီ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ငွေကျပ် ၃၀ ဘီလီယံ ခွဲဝေသုံးစွဲမည့်ကိစ္စ"**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်လျာထားတင်ပြစဉ်က ရန်ကုန်မြို့တော်၌ နွေရာသီတွင် လျှပ်စစ်ဓာတ်အားမပြတ်တောက်စေရန်အတွက် ဘတ်ဂျက်ပြင်ဆင်တောင်းခံခဲ့သော်လည်း အဆင့်ဆင့်စိစစ်ခဲ့ရာတွင် ဘတ်ဂျတ်အခြေအနေအရ လျှော့ချခဲ့ရပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေရာသီတွင် တိုးတက်သုံးစွဲလာနိုင်မည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် သဘာဝဓာတ်ငွေ့နှင့် ဒီဇယ်နှစ်မျိုးသုံး ရွှေ့ပြောင်းနိုင်သော လျှပ်စစ်ဓာတ်အားပေးစက်ကို အရေးပေါ်ဝယ်ယူ၍ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် သီးသန့်ရန်ပုံငွေမှ သုံးစွဲနိုင်ရန် တင်ပြခြင်းဖြစ်ကြောင်း။

သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် ပေးပို့သော ရန်ကုန်တိုင်းဒေသကြီးတွင် နွေရာသီလျှပ်စစ်ဓာတ်အားလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားပေးစက်ဝယ်ယူရန် ငွေကျပ် ၃၀ ဘီလီယံအား သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြပါကြောင်းဆွေးနွေးသည်။

**"စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဖောင်းပြင်-ပင်လည်ဘူးလမ်း ၂၉ မိုင် (လမ်းသစ်) အထူးပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ် ၅၅၇၅ ဒသမ ၀၀ သန်း ခွဲဝေသုံးစွဲ မည့်ကိစ္စ"**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ချင်းတွင်းမြစ်သည် နွေရာသီတွင် သောင်ထွန်းပြီး မိုးရာသီတွင် ဝဲဂယက်များရှိနေသဖြင့် မြစ်ကြောင်းတစ်လျှောက် သွားလာသည့်ရေယာဉ်များသည် မကြာခဏတိမ်းမှောက်လျက်ရှိပြီး အန္တရာယ်များစွာဖြင့် ခက်ခဲစွာသွားလာနေရပါကြောင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာတွင် ဟုမ္မလင်းမှ မုံရွာသို့ ထွက်ခွာလာသော အောင်စိုးမိုးကျော် (၂) ရေယာဉ်တိမ်းမှောက်ခဲ့၍ ဝန်ထမ်း၊ ကျောင်းသား၊ ကျောင်းသူများ အပါအဝင် မိဘပြည်သူများ အသက်ဆုံးရှုံးခဲ့ရပါကြောင်း၊ သို့ဖြစ်ပါ၍ ရေလမ်းအပြင် ကုန်းလမ်းမှ သွားလာနိုင်ရန်အတွက် လက်ရှိ ဖောင်းပြင်-ပင်လည်ဘူးလမ်း(လမ်းသစ်) ရှောင်ကွင်းလမ်းပိုင်း ၂၉ မိုင်ကို အမြန်ဆောင်ရွက်ရန် လိုအပ်သော သီးသန့်ရန်ပုံငွေတစ်ရပ် ထောက်ပံ့ပေးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ပါကြောင်း။

တင်ပြခဲ့သည့်လုပ်ငန်းများအား နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေမှ သုံးစွဲခွင့်ရရှိပါက ၂၀၁၇ ခုနှစ် မတ်လတတိယပတ်မှ စတင်၍ လုပ်ငန်းများ စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဇွန်လအတွင်း သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ လုပ်ငန်းများ ပြီးစီးအောင် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သီးသန့်ရန်ပုံငွေမှ သုံးစွဲသွားမည့် လမ်းပြင်ဆင်ရေးလုပ်ငန်းများသည် ၂၀၁၇ ခုနှစ် ပွင့်လင်းရာသီဖြစ်သော မတ်လမှ စတင်၍ ယခုနှစ် မိုးရာသီမတိုင်မီ အချိန်အတွင်း အမြန်ဆုံးအချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းများဖြစ်ပါသဖြင့် နိုင်ငံတော်သမ္မတကြီး၏ သီးသန့်ရန်ပုံငွေမှ သုံးစွဲခွင့်ပြုပေးနိုင်ရေး အတည်ပြုပေးနိုင်ပါရန် တင်ပြပါကြောင်း ရှင်းလင်းဆွေးနွေးသည်။



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကျင်းပစဉ်

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖောင်းပြင်-ပင်လည်ဘူးလမ်းရာသီမရွေးသွားလာနိုင်ရေးအတွက် (လမ်းသစ်ပိုင်း) ၂၉ မိုင်ကို အထူးပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ရန် ငွေကျပ် ၅၅၇၅ သန်းအား သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲရန်ကိစ္စရပ်ကို ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူအတည်ပြုထားပြီး ဖြစ်ပါကြောင်း၊ ယင်းကိစ္စသည် ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သော အထူးကိစ္စရပ်တွင် အကျုံးဝင်သည့် ကိစ္စဖြစ်ပါသဖြင့် ပြည်ထောင်စုလွှတ်တော် အတည်ပြုချက်ရနိုင်ရန် တင်ပြအပ်ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်မြို့များသည် ချင်းတွင်းမြစ်ကြောင်းရေလမ်းကိုသာ အဓိကအားထားသွားလာရသော ဒေသဖြစ်၍ မြစ်ရေနည်းပါးသည့် နွေရာသီတွင် ရေကြောင်းကျပ်တည်းမှုကြောင့် သွားလာရန် အခက်အခဲရှိပြီး မိုးတွင်းကာလတွင် ဝဲဂယက်များကြောင့် အန္တရာယ်များကြောင်း၊ ဖောင်းပြင်-ပင်လည်ဘူးလမ်း ၂၉ မိုင်အား ရာသီမရွေးသွားလာနိုင်သည့် လမ်းအဖြစ်ဖောက်လုပ်ခြင်းဖြင့် ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေစေပြီး ဒေသဖွံ့ဖြိုးရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

သီးသန့်ရန်ပုံငွေမှ ခွဲဝေသုံးစွဲမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ပြည်ထောင်စုလွှတ်တော်နာယက က **"နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရှမ်းပြည်နယ် အင်းလေးကန် ရေရှည်တည်တံ့ရေးလုပ်ငန်းများအတွက် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ငွေကျပ်သန်း ၄၀၀ ခွဲဝေသုံးစွဲမည့်ကိစ္စရပ်"**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က အင်းလေးကန် ထိန်းသိမ်းရေးလုပ်ငန်း ၅ နှစ်စီမံချက် ၂၀၁၅-၂၀၁၆ မှ ၂၀၁၉-၂၀၂၀ ၌ ပါရှိသော နုန်းပို့ချမှုနှင့် မြေဆီလွှာတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းများတွင် အင်းလေးကန်ဧရိယာကျဉ်းမြောင်းလာစေနိုင်သည့် အဓိကနေရာများကိုရွေးချယ်ပြီး သဲနုန်းတူးဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ နမ့်ကတ်ချောင်းအဝ အင်းရေပြင်၊ မြေနီကုန်းကျေးရွာအနီး အင်းရေပြင် (ကလောချောင်း နုန်းပို့ပြင်ထိပ်)နှင့် ငါးဖယ်ချောင်းအဝ အင်းရေပြင်ဧရိယာများ၌ သဲနုန်းတူးဖော်ခြင်းကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရှမ်းပြည်နယ် အင်းလေးကန်ရေရှည်တည်တံ့ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သောင်တူးစက်ဝယ်ယူခြင်းအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ငွေကျပ် သန်း ၄၀၀ ခွဲဝေသုံးစွဲမည့် ကိစ္စရပ်အပေါ် ခွင့်ပြုနိုင်ရန်တင်ပြပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယကက စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏အဆုံးအဖြတ်ကို ရယူရာ ထောက်ခံမဲ ၅၃၁ မဲ၊ ကန့်ကွက်မဲ ၁မဲ၊ ကြားနေမဲ ၁ မဲ ဖြစ်သည့်အတွက် လွှတ်တော်ကခွင့်ပြုကြောင်း ကြေညာသည်။

ယင်းနောက် **"၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်း၏ နောက်ဆက်တွဲ -၂ ပါ စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (ပြင်ဆင်ဖြည့်စွက်ချက်) အပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏မူနှင့် အခြေခံသဘောဆွေးနွေးချက်များ"**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရေနံ ဓာတုဗေဒပစ္စည်းများ သယ်ပို့၊ ဖြန့်ဖြူးရေးဌာန အမှတ် (၁) ရေနံချက်စက်ရုံ(သန်လျင်)နှင့် အမှတ် (၃) ဓာတ်မြေသြဇာစက်ရုံ (ကျော်စွာ)တို့အား လွှတ်တော်၏ လေ့လာတွေ့ရှိချက်အတိုင်း လတ်တလောရပ်ဆိုင်းထားသင့်ပါကြောင်း။

အမှတ် (၁) ဓာတ်မြေသြဇာစက်ရုံ(စလေ)နှင့် အမှတ် (၁) ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)တို့သည် လက်ရှိထုတ်လုပ်နေဆဲဖြစ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် တင်ဒါခေါ်ယူစာချုပ် ချုပ်ဆိုထားပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပစ္စည်းရောက်ရှိမည်ဖြစ်၍ ခွင့်ပြုငွေတွင် ထည့်သွင်းတောင်းခံထားသော စာချုပ်နှစ်ခုလည်းပါဝင်သဖြင့် ဤလုပ်ငန်းနှင့် စာချုပ်ချုပ်ဆိုထားသည့် ကုမ္ပဏီနှစ်ခုအကြား ပြဿနာများပေါ်ပေါက်နိုင်ပါ၍ အဆိုပါစာချုပ်နှစ်ခုကို လျှော့ချမှုမှ ကင်းလွတ်ပေးနိုင်ရန် လိုအပ်လျက်ရှိပါကြောင်း၊ အဆိုပါ စက်ရုံနှစ်ရုံသည် ပစ္စည်းမှာယူထား၍ ဆက်လက်လုပ်ကိုင်ခွင့်ပြုရန် တင်ပြအပ်ပါကြောင်း။

အမှတ်(၂) ဓာတ်မြေသြဇာစက်ရုံ(ကျွန်းချောင်း)နှင့် မက်သနောလ်စက်ရုံ (ဆိပ်သာ)တို့အား ဖျက်သိမ်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)နှင့် အမှတ် (၅) ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်) တို့သည် တရုတ်နိုင်ငံချေးငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မြောင်းတကာစက်ရုံကို ၂၀၁၀ ခုနှစ်၊ ကန်ကြီးထောင့်စက်ရုံကို ၂၀၁၁ခုနှစ်တွင် စတင်လည်ပတ်ခဲ့ပါကြောင်း၊ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ၁၂ သန်းအသုံးပြုပြီး ဓာတ်မြေသြဇာတန် ၅၀၀ ထုတ်လုပ်နိုင်ပါကြောင်း၊ ယခုလက်ရှိတွင် ညောင်တုန်းရေနံမြေမှ ရရှိသော သဘာဝဓာတ်ငွေ့ ၉ ဒသမ ၅ သန်းစီကို ခွဲဝေရယူချက်လုပ်လျက်ရှိပြီး တစ်ရက်လျှင် ဓာတ်မြေသြဇာတန် ၃၀၀ ခန့်စီ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသဖြင့် ဆက်လက်လုပ်ကိုင်ခွင့်ပြုရန် တင်ပြအပ်ပါကြောင်း။

အမှတ်(၃) ရေနံဓာတ်ငွေ့ရည်(ကျွန်းချောင်း)ကို လက်ရှိတွင် ရပ်ဆိုင်းထားပြီး အမှတ်(၂) ရေနံဓာတ်ငွေ့ရည် (ညောင်တုန်း) စက်ရုံသို့ ရွှေ့ပြောင်းလည်ပတ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)ကို လွှတ်တော်လေ့လာတွေ့ရှိချက်နှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းကိစ္စရပ်နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုတို့ကလည်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက က အထက်ပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် ဥပဒေကြမ်းတစ်ခုလုံးအား အတည်ပြုခြင်းတို့ကို ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

**"၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၏ မူနှင့် အခြေခံသဘောအပါအဝင် ရငွေသုံးငွေများ "** နှင့်စပ်လျဉ်း၍ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က ယခုအချိန်တွင် မော်တော်ယာဉ်အသစ်တစ်စီး၏ တန်ဖိုးသည် အခွန်အခအပါအဝင် မများလှပါကြောင်း၊ ကျပ်သန်း ၂၀၊ ၃၀ ဆိုလျှင် တော်တော်ကောင်းမွန်ပြီး နောက် ၅ နှစ်၊ ၁၀ နှစ်အထိ ပြုပြင်ထိန်းသိမ်းစရာ မလိုသည့်ကားအသစ်တစ်စီးကို ဝယ်ယူရရှိနိုင်မည့် အခြေအနေရှိနေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် အစိုးရဝန်ကြီးဌာနများကို တိုက်တွန်းလိုသည်မှာ ပြင်မဆုံးနိုင်သည့် မော်တော်ယာဉ်များကို နိုင်ငံတော်ဘဏ္ဍာငွေများစွာ အကုန်အကျခံပြီး နှစ်စဉ်နည်းမျိုးစုံဖြင့် ပြင်ဆင်စရိတ်တောင်းခံနေသည်ကို အရေးတကြီး ပြန်လည်သုံးသပ်သင့်ပြီဖြစ်ပါကြောင်း၊ မော်တော်ယာဉ်အသစ်များ အစားထိုးဝယ်ယူရေးကို ၅ နှစ်တန်သည်၊ ၁၀ နှစ်တန်သည် စီမံကိန်းများချမှတ်ပြီး စနစ်တကျဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း။

နှစ်စဉ်တင်ပြတောင်းခံနေသည့် မော်တော်ယာဉ်ဆိုင်ရာ အကြီးစားပြင်ဆင်မှုစရိတ်၊ အသေးစားပြင်ဆင်မှုစရိတ် ကျပ်ဘီလီယံပေါင်းများစွာထဲမှ ထက်ဝက်ခန့်ကို ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် မော်တော်ယာဉ်အသစ်များ ဝယ်ယူဖြည့်တင်းမည်ဆိုလျှင် နှစ်စဉ်ယာဉ်အသစ်အစီးရေ ၃၀၀၊ ၄၀၀ ခန့်ဝယ်ယူအစားထိုးနိုင်မည်ဖြစ်ပါကြောင်း။

မော်တော်ယာဉ်အသစ်များကို သင့်တော်သလို ဝယ်ယူစီမံခန့်ခွဲနိုင်မည်ဆိုပါက ၎င်းမော်တော်ယာဉ်များနှင့် ပတ်သက်သည့် အထွေထွေပြင်ဆင်စရိတ်များလည်း လျော့ကျသွားမည်ဖြစ်သကဲ့သို့ သုံးမရတော့သည့် ယာဉ်အိုယာဉ်ဟောင်းများကို လေလံပစ်၍ အရည်ကျိုသင့်သည်ကို အရည်ကျိုခြင်းဖြင့် နိုင်ငံတော်အနေဖြင့် ထိုက်သင့်သည့် နိုင်ငံတော်ဘဏ္ဍာငွေ ပြန်ရနိုင်မည်ဖြစ်ပါကြောင်း။

ထို့အပြင် ယာဉ်သစ်များသည် လက်ရှိသုံးနေသည့် ယာဉ်အိုယာဉ်ဟောင်းများထက် ၅၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းခန့် လောင်စာဆီကုန်ကျမှုသက်သာသောကြောင့် နိုင်ငံတော်ဘတ်ဂျက်မှ နှစ်စဉ်ကျခံနေရသည့် ဓာတ်ဆီ၊ စက်ဆီနှင့် ချောဆီတို့အတွက် ကုန်ကျစရိတ် သက်သာစေမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဘေးကင်းလုံခြုံသော မော်တော်ယာဉ်အသစ်များ စီးနင်းခွင့်ရမည်ဖြစ်သဖြင့် အစစအရာရာ အဆင်ပြေချောမွေ့စွာ သွားလာနိုင်သည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅) မှ ဦးရဲထွဋ်၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၈)မှ ဦးမျိုးဝင်း၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၊ ဆိပ်ကြီးခနောင်တို မဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးကျော်နိုင်နှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဒေါက်တာပြည့်ဖြိုးတို့က ဆွေးနွေးကြသည်။

ယင်းနောက် **"နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့အတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ကျေးရွာ ၄၁၆ ရွာသို့ လျှပ်စစ်ဓာတ်အားပေးနိုင်ရေးဆောင်ရွက်ရန် ဂျာမနီနိုင်ငံ KfW Development Bank ထံမှ ယူရို ၂၃ ဒသမ ၈၈၃ သန်းချေးယူရန်ကိစ္စ"**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ **"ကမ္ဘာ့ဘဏ်၏ ချေးငွေအစီအစဉ်အောက်မှ Development Policy Operation (DPO) ချေးငွေ အမေရိကန် ဒေါ်လာသန်း ၂၀၀ ချေးယူရန်ကိစ္စ"**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းဆွေးနွေးသည်။

ယင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ နာယကက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။ **မော်စီ၊ ဝေဇင်အေးဖြိုး(သတင်းစဉ်)**

# ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှု

**နေပြည်တော် မတ် ၁၃**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်း၊ နေပြည်တော်ကောင်စီနယ်မြေ ပညာရေးမှူး ဦးစိုးဝင်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄)အခြေခံပညာ အထက်တန်းကျောင်းရှိ စာစစ်ဌာနသို့ရောက်ရှိပြီး ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုသည်။





ဆက်လက်၍ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်နှင့်အဖွဲ့သည် နေပြည်တော် လယ်ဝေးမြို့နယ် ကန်သာကျေးရွာအခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုသည်။

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဓာတုဗေဒဘာသာကို နေပြည်တော်ကောင်စီနယ်မြေတွင် ဥတ္တရသီရိမြို့နယ်၌ စာရင်းရှိဦးရေ ၁၃၂၇ ဦး၊ ဖြေဆိုသူဦးရေ ၁၂၅၄ ဦး၊ ပျက်ကွက်ဦးရေ ၇၃ ဦးရှိရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၄ ဒသမ ၅၀ ရာခိုင်နှုန်း၊ ဇေယျာသီရိမြို့နယ်၌ စာရင်းရှိဦးရေ ၁၆၁၂ ဦး၊ ဖြေဆိုသူဦးရေ ၁၄၈၃ ဦး၊ ပျက်ကွက်ဦးရေ ၁၂၉ ဦးရှိရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၂ ဒသမ ၀၀ ရာခိုင်နှုန်း၊ ပုဗ္ဗသီရိမြို့နယ်၌ စာရင်းရှိဦးရေ ၂၁၉၆ ဦး၊ ဖြေဆိုသူဦးရေ ၂၀၅၄ ဦး၊ ပျက်ကွက်ဦးရေ ၁၄၂ ဦးရှိရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၃ ဒသမ ၅၃ ရာခိုင်နှုန်း၊ တပ်ကုန်းမြို့နယ်၌ စာရင်းရှိဦးရေ ၄၄၀၁ ဦး၊ ဖြေဆိုသူဦးရေ ၄၁၁၉ ဦး၊ ပျက်ကွက်ဦးရေ ၂၈၂ ဦးရှိရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၃ ဒသမ ၅၉ ရာခိုင်နှုန်း၊ ဒက္ခိဏသီရိမြို့နယ်၌ စာရင်းရှိဦးရေ ၃၈၂ ဦး၊ ဖြေဆိုသူဦးရေ ၃၇၁ ဦး၊ ပျက်ကွက်ဦးရေ ၁၁ ဦးရှိရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၇ ဒသမ ၁၂ ရာခိုင်နှုန်း၊ ဇမ္ဗူသီရိမြို့နယ်၌ စာရင်းရှိဦးရေ ၂၃၇၀၊ ဖြေဆိုသူ ဦးရေ ၂၂၀၅ ဦး၊ ပျက်ကွက်ဦးရေ ၁၆၅ ဦးရှိရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၃ ဒသမ ၀၄ ရာခိုင်နှုန်း၊ ပျဉ်းမနားမြို့နယ်၌ စာရင်းရှိဦးရေ ၃၇၁၉ ဦး၊ ဖြေဆိုသူဦးရေ ၃၃၇၈ ဦး၊ ပျက်ကွက်ဦးရေ ၃၄၁ ဦးရှိရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၀ ဒသမ ၈၃ ရာခိုင်နှုန်း၊ လယ်ဝေးမြို့နယ်၌ စာရင်းရှိဦးရေ ၄၄၉၈ ဦး၊ ဖြေဆိုသူဦးရေ ၄၂၀၉ ဦး၊ ပျက်ကွက်ဦးရေ ၂၈၉ ဦးရှိရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၃ ဒသမ ၅၇ ရာခိုင်နှုန်းဖြစ်ပြီး နေပြည်တော်ကောင်စီနယ်မြေ တစ်ခုလုံး၌ စာစစ်ဌာနပေါင်း ၃၉ ခုတွင် စာရင်းရှိဦးရေ ၂၀၅၀၅ ဦး၊ ဖြေဆိုသူဦးရေ ၁၉၀၇၃ ဦး၊ ပျက်ကွက်ဦးရေ ၁၄၃၂ ဦးရှိရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၃ ဒသမ ၀၂ ရာခိုင်နှုန်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ စာစစ်ဌာနများစစ်ဆေး

**ရန်ကုန် မတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖွင့်လှစ်ထားရှိသည့် စာစစ်ဌာနများ၌ မတ် ၁၃ ရက် နံနက်ပိုင်းက စတုတ္ထမြောက်နေ့အဖြစ် ဓာတုဗေဒဘာသာရပ် ဆက်လက်ဖြေဆိုကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာန ၂၁၇ ခုမှ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ ၁၁၄၂၃၇ ဦး၊ နိုင်ငံခြားစာစစ်ဌာနများနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာစစ်ဌာနများအပါအဝင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူစုစုပေါင်း ၇၆၇၄၂၂ ဦး အနက် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ဖြစ်သော မြန်မာစာဘာသာရပ်တွင် ၁၀၄၂၅၆ ဦး ရှိခဲ့ရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၁ ဒသမ ၂၆၊ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်တွင် ၁၀၄၀၀၂ ဦးရှိခဲ့ရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၁ ဒသမ ၀၄ ၊ တတိယနေ့ သင်္ချာဘာသာရပ်တွင် ၁၀၃၈၇၃ ဦး ရှိခဲ့ရာ ဖြေဆိုမှု ရာခိုင်နှုန်း ၉၀ ဒသမ ၉၃၊ ဓာတုဗေဒဘာသာရပ်တွင် ၁၀၃၂၃၆ ဦးရှိခဲ့ရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၀ ဒသမ ၈၇ ဖြေဆိုလျက်ရှိကြောင်း သိရသည်။

အဆိုပါ စာစစ်ဌာနများသို့ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ညွှန်ကြားရေးမှူး(ပညာ)ဒေါ်စန်းစန်းရီ၊ ညွှန်ကြားရေးမှူး(စီမံ) ဒေါ်ခင်မာဆွေနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ကမာရွတ်မြို့နယ်ရှိ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများသို့လည်းကောင်း၊ ဗဟန်းမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းစာစစ်ဌာနနှင့် လှိုင်မြို့နယ်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့လည်းကောင်း ယနေ့ နံနက်ပိုင်းက ကျောင်းသား ကျောင်းသူများ ဓာတုဗေဒဘာသာရပ်ဖြေဆိုနေမှုများနှင့် စာမေးပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံတွဲ ဓာတုဗေဒဘာသာရပ်ဖြေဆို

**နေပြည်တော် မတ် ၁၃**

တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာကို နိုင်ငံတစ်ဝန်းရှိ စာစစ်ဌာနပေါင်း ၁၅၅၀ နှင့် နိုင်ငံခြားစာစစ်ဌာန ၁၇ ခု စုစုပေါင်း ၁၅၆၇ ခုတို့၌ ယနေ့ နံနက် ၉ နာရီတွင် စတင်ဖြေဆိုရာ ဖြေဆိုခွင့်ရှိသူ ၆၈၆၀၈၇ ဦးရှိသည့်အနက် ၆၄၀၀၇၁ ဦး ဖြေဆိုခဲ့ကြပြီး ၄၆၀၁၆ ဦး ဖြေဆိုရန် ပျက်ကွက်သဖြင့် ဖြေဆိုသူ ၉၂ ဒသမ ၂၉ ရာခိုင်နှုန်းဖြစ်သည်။

တစ်နိုင်ငံလုံး၌ ဆေးရုံဖြေဆိုသူ ၁၃၄ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့၌ ဆွံ့အနားမကြားဖြေဆိုသူ ၂၄ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုယ်လက်အင်္ဂါမသန်စွမ်းဖြေဆိုသူ ၁၀၁ ဦး၊ အကျဉ်းထောင်နှင့် အချုပ်များ၌ ဖြေဆိုသူ ၄၂ ဦးရှိပြီး ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်ဒေသ၌ ဖြေဆိုရန် ၉၁ ဦး စာရင်းသွင်းထားသော်လည်း အထက(၂) တပ်ကျောင်း၌ ၇၉ ဦး၊ လောက်ကိုင်ဆေးရုံ၌ တစ်ဦး၊ ကွမ်းလုံစာစစ်ဌာန၌ တစ်ဦး စုစုပေါင်း ၈၁ ဦး ဖြေဆိုကြသည်။

မြဝတီမြို့နယ်မှ မြန်မာရွှေ့ပြောင်းကျောင်းသား/သူ ဖြေဆိုခွင့်ရှိသူ ၁၀၆ ဦး ရှိသည့်အနက် ၁၀၃ ဦး ဝင်ရောက်ဖြေဆိုကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

**နေပြည်တော် မတ် ၁၃** - မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်တော်မြို့တွင် ၁ ဒသမ ၁၈ လက်မ၊ မောင်တောမြို့တွင် ၁ ဒသမ ၁၅ လက်မ၊ဆောမြို့တွင် ၁ ဒသမ ၀၄ လက်မ၊ မင်းတပ်မြို့နှင့် ပလက်ဝမြို့တို့တွင် ၀ ဒသမ ၉၁ လက်မစီ၊ မြောက်ဦးမြို့တွင် ၀ ဒသမ ၈၃ လက်မ၊ မိုးကုတ်မြို့တွင် ၀ ဒသမ ၆၃ လက်မနှင့် လားရှိုးမြို့တွင် ၀ ဒသမ ၅၅ လက်မတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

# ပြင်းအားပမာဏ ၅ ဒသမ ၈ ရှိ ငလျင် တိုက်ကြီးမြို့နယ်ကို ဗဟိုပြုလှုပ်ခတ်

**ရန်ကုန် မတ် ၁၃**

မတ် ၁၃ ရက် ည ၈ နာရီ ၄၉ မိနစ် ၀၆ စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ တိုင်းထွာချက်များအရ စခန်း၏အနောက်မြောက်ဘက် ၂၂ မိုင်ခန့် တိုက်ကြီးမြို့၏ အနောက်တောင်ဘက် ငါးမိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အား ၅ ဒသမ ၈ ရစ်ချ်တာစကေးအဆင့်ရှိ ငလျင်နှင့် နောက်ဆက်တွဲအဖြစ် မြန်မာစံတော်ချိန် ၂၂း၁၉ မိနစ် ၄ စက္ကန့်တွင် တိုက်ကြီးမြို့၏ အရှေ့တောင်ဘက် ခုနစ်မိုင်ခန့်အကွာကို ဗဟိုပြု၍ ပြင်းအား ၄ ဒသမ ၇ အဆင့်ရှိ ငလျင်တစ်ခု ထပ်မံလှုပ်သွားခဲ့သည်။ ဆက်လက်၍လည်း ငလျင်ငယ်အချို့လှုပ်ခတ်သွားခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"ကျွန်တော့်အိမ်က မျက်နှာကြက်တွေပြိုကျတယ်။ ဘေးအိမ်က တစ်ခြမ်းနိမ့်သွားပါတယ်။ အင်အားပြင်းတာကို တိုက်ကြီးမြို့မှာတော့ ပထမဆုံးအကြိမ်ကြုံဖူးတာပဲ။ ငလျင်က အကြီးကြီးလှုပ်ပြီးတော့ နောက်ထပ် လေးခါလောက် ထပ်လှုပ်နေသေးတယ်။ ကျွန်တော်တို့အားလုံး လမ်းပေါ်မှာ ထွက်နေကြပြီ။ အိမ်ထဲပြန်မဝင်ရဲကြဘူး။ မီးတွေလည်း တစ်မြို့လုံးပျက်ပြီ။ တိုက်တွေပြိုတယ်လို့လည်း ကြားပါတယ်။ အရေးပေါ်ကယ်ဆယ်ရေးနဲ့ မီးသတ်ကားတွေတော့ ထွက်နေကြတာပဲ"ဟု တိုက်ကြီးမြို့မှ ကိုမျိုးမင်းအောင်က ပြောကြားသည်။




ငလျင်ဒဏ်ကြောင့် တိုက်ကြီးမြို့ရှိ အဆောက်အအုံအချို့ ပြိုကျပျက်စီးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှုများလည်း ဖြစ်ပေါ်လျက်ရှိကြောင်း တိုက်ကြီးဒေသခံများထံမှ သိရသည်။ အထူးသဖြင့် တိုက်ကြီးမြို့ ဘုရားကြီးတိုက်အပါအဝင် နေအိမ်များ အုတ်တံတိုင်းပြိုကျခြင်း၊ မျက်နှာကြက်များပြိုကျခြင်း၊ နေအိမ်တို့ရှိ ပစ္စည်းများ ပြိုလဲပျက်စီးခဲ့သည့်အပြင် အိမ်အချို့လည်း နိမ့်ဆင်းသွားခြင်းများရှိနေကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ သိရှိရသည်။

"လှုပ်တာက မြေပြင်အောက်သိပ်မနက်ဘူး။ ဒါကြောင့် သိသာထင်ရှားတာပါ။ နိုင်ငံတကာ ငလျင်အဖွဲ့အစည်းတွေကနေ ထုတ်ပြန်ချက်အရ မြေအောက်ကီလိုမီတာ ၄၀ အတွင်းမှာ လှုပ်ခတ်တာဖြစ်ပြီး နောက်ဆက်တွဲငလျင်တွေ ဆက်တိုက်လှုပ်တတ်တယ်" ဟု ငလျင်ကော်မတီမှ ကိုစိုးသူရထွန်းက ပြောကြားသည်။

တိုက်ကြီးမြို့ရှိ ဘုရားကြီးကျောင်းအတွင်းမှ သာသနိကအဆောက်အအုံအချို့နှင့် မုခ်ဦးအပေါ်ပိုင်း ပြိုကျမှုဖြစ်ပွားခဲ့သည့်အပြင် ကံသာယာဘုန်းတော်ကြီးကျောင်းအပါအဝင် ဘုန်းကြီးကျောင်းအချို့မှ အုတ်တံတိုင်းများလည်း ပြိုကျခဲ့ကြောင်း၊ ရဲလိုင်းခန်းအချို့နှင့် လူနေအိမ်အချို့ ထိခိုက်ပျက်စီးခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိမှုရှိနေဆဲဖြစ်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများစတင်နေပြီဖြစ်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူများကို တိုက်ကြီးဆေးရုံသို့ ပို့ဆောင်ဆေးကုသပေးလျက်ရှိကြောင်းနှင့် အကူအညီလိုအပ်သူများရှိပါကလည်း နီးစပ်ရာမီးသတ်စခန်းများနှင့် အရေးပေါ်ဖုန်းနံပါတ် ၁၉၁ သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။ ည ၁၁ နာရီအချိန် နောက်ဆုံးရသတင်းများအရ အမျိုးသားငါးဦးနှင့် အမျိုးသမီး ၁၅ ဦး၊ ကလေးနှစ်ဦးခန့် ထိခိုက်ဒဏ်ရာရရှိထားကြောင်း သိရသည်။

တိုက်ကြီးမြို့အပြင် ရန်ကုန်မြို့ နေရာအနှံ့အပြားတွင် ငလျင်လှုပ်ခတ်မှုကို ခံစားသိရှိကြရပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်လည်း ငလျင်လှုပ်ခတ်မှု ခံစားခဲ့ကြရသည်။ နောက်ဆက်တွဲငလျင်များကိုလည်း ည ၁၁ နာရီအထိ ခံစားနေကြရကြောင်း၊ ယခုအချိန်အထိ သေဆုံးမှုမတွေ့ရှိရသေးဘဲ ထိခိုက်ဒဏ်ရာရမှု များမြင်တွေ့ရကြောင်း တိုက်ကြီးမြို့မှ ကိုမျိုးမင်းအောင်က ပြောကြားသည်။



**တိုက်ကြီးမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှ မျက်နှာကြက်များ ပြိုကျစဉ်** ဓာတ်ပုံ-မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့

တိုက်ကြီးမြို့နယ်အတွင်း ဒေသခံများ ထိခိုက်ဆုံးရှုံးမှုအခြေအနေအား ညတွင်းချင်း ကွင်းဆင်းလေ့လာလျက်ရှိပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း တိုက်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

**ခင်ရတနာ**

# ခင်ဦးမြို့အရှေ့ဘက်အညာသီဟတောဘုရားသို့သွားရာ ခင်ဦး-သင်ပေါင်းကားလမ်းကို ကတ္တရာလမ်းအဆင့်မြှင့်တင်ပေးရန် လွှတ်တော်မှတစ်ဆင့်တိုင်းဒေသကြီးအစိုးရကို တိုက်တွန်း



**ခင်ဦး မတ် ၁၃**

ခင်ဦးမြို့နယ်သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးမှုအနေးဆုံးဖြစ်နေရာ ပညာရေးတွင် အထက်တန်းကျောင်း လေးကျောင်း၊ ကျန်းမာရေးတွင် မြို့နယ်ဆေးရုံသည် အင်္ဂါရပ်နှင့် ညီညွတ်မှုမရှိခြင်းများသည်လမ်းပန်းဆက်သွယ်ရေး မကောင်းသည့်အတွက် ဖြစ်ရခြင်းဖြစ်ကြောင်း ခင်ဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းသင်းကြူက မတ် ၁၀ ရက်က ပြုလုပ်သော ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် လွှတ်တော်မှတစ်ဆင့် တိုင်းဒေသကြီးအစိုးရ သိရှိဆောင်ရွက်ပေးရန် မေးခွန်းထုတ်ရာတွင် ထည့်သွင်းမေးမြန်းသည်။

ဒေါ်သင်းသင်းကြူက ခင်ဦးမြို့နယ်အတွင်းရှိ ခင်ဦး-သင်ပေါင်းကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၁၂/၆မှ၂၂/၄)အထိ ကျောက်လမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်တိုးခင်းပေးရန် အစီအစဉ်ရှိမရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို မေးမြန်းခဲ့သည်။

"ခင်ဦး-သင်ပေါင်း ကားလမ်းဟာ အင်္ဂလိပ်မင်းလက်ထက် မြန်မာပြည်အုပ်ချုပ်ချိန်ကတည်းက ဖောက်ထားတဲ့လမ်းဖြစ်ပါတယ်။ ခေတ်ဘယ်လိုပြောင်းပြောင်း မင်းအဆက်ဆက်ဘယ်လိုပြောင်းပြောင်း ကျောက်လမ်းနဲ့ကျောက်ကြမ်းလမ်းအဆင့်ပဲရှိပါတယ်။ ခင်ဦးမြို့နယ်အရှေ့ဘက်မှာရှိတဲ့ သမိုင်းဝင်အညာသီဟတောဘုရားကြီးကို သွားတဲ့လမ်း ဖြစ်ပါတယ်။ အခုချိန်က ဘုရားပွဲတော်ကာလပါ။ ပွဲတော်မစခင် တစ်လလောက်ကတည်းက မြို့နယ်၊ ခရိုင် အဆင့်ဌာနဆိုင်ရာတွေ၊ အုပ်ချုပ်ရေးတာဝန်ရှိသူတွေဟာ အရေးပေါ်သွားလာနေရတဲ့ လမ်းဖြစ်သလို၊ အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ရမှာတွေကို လမ်းမကောင်းတဲ့အတွက် နှောင့်နှေးကြန့်ကြာတာတွေ ဖြစ်နေပါတယ်။ အဲဒါကြောင့် လက်ရှိ စီစဉ်ထားတဲ့ ၁ မိုင် ၂ ဖာလုံကိုခင်းမယ့်အစား တတ်နိုင်သမျှတိုးခင်းပေးဖို့ တိုင်းဒေသကြီး လွှတ်တော်ကတစ်ဆင့် တိုင်းအစိုးရအဖွဲ့ကို တင်ပြတာဖြစ်ပါတယ်" ဟု ဒေါ်သင်းသင်းကြူက ပြောသည်။

အဆိုပါတင်ပြမှုအပေါ် တိုင်းဒေသကြီးအစိုးရ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးသန်းညွန့်ဝင်းက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် တင်ပြသွားသည်မှာ မှန်ကန်ပါကြောင်း၊ ယခုထက်မက ဖြည့်ဆည်းခင်းပေးလိုသော်လည်း ရရှိသည့်ရန်ပုံငွေကို တိုင်းဒေသကြီးအတွင်း ၃၇ မြို့နယ်ကို ခွဲဝေချထားပေးရသည့်အပြင် အလွန်ဆိုးရွားနေသော နာဂဒေသအတွက် ဦးစားပေးချထားနေရကြောင်း၊ အားလုံးကို ကတ္တရာအပြည့်ခင်းပေးလိုကြောင်းပြန်လည်ဖြေကြားသည်။ ရန်ပုံငွေလျာထားချက်အပေါ် မူတည်၍ ခင်းပေးရန် လျာထားပြီးဖြစ်သလို မူလက ခင်းပေးရန်မရှိခဲ့သော်လည်း တင်ဒါ ပိုလျှံငွေ ၁ ဒသမ ၆ ဘီလီယံ ပိုသည့်အတွက် ၄ ဒသမ ၇ သန်းကို အဆိုပါလမ်းခင်းပေးချင်သည့် ဆန္ဒကြောင့် ခင်းပေးရခြင်းဖြစ်ကြောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်တွင်လည်း ပိုလျှံရန်ပုံငွေများ ရှိခဲ့လျှင် လမ်းတောက်လျှောက်ခင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်ဦး-သင်ပေါင်း ကားလမ်းမိုင်တိုင်(၂၀/၀)မှ (၂၂/၄)အထိ ၂ မိုင် ၄ ဖာလုံကို ပြည်သူ့ဆောက်လုပ်ရေးက တာဝန်ယူဆောင်ရွက်နေသလို မိုင်တိုင် (၂၂/၄) မှ (၃၀/၄)အထိ ရှစ်မိုင်ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှလည်းကောင်း၊ မိုင်တိုင် (၃၀/၄) မှ(၃၁/၅)ထိ ၁ မိုင် ၁ ဖာလုံကို ပြည်သူ့ဆောက်လုပ်ရေးမှ တာဝန်ယူဆောင်ရွက်နေကြောင်း သိရသည်။ ပြည်သူ့ဆောက်လုပ်ရေးက တာဝန်ယူဆောင်ရွက်သော ၂၃ မိုင် ၅ ဖာလုံတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အထိ ၁၂ မိုင် ၅ ဖာလုံရှည်သော ခင်ဦးမြို့မှ ကုန်းကြီးကျေးရွာကို ကတ္တရာခင်းပြီးဖြစ်သလို ကျန်ရှိနေသည့် ၉ မိုင် ၆ ဖာလုံရှည် ကုန်းကြီးရွာမှ သင်ပေါင်းရွာအထိ ကျောက်လမ်းအဖြစ် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း ဦးသန်းညွန့်ဝင်းက လွှတ်တော်တွင် ရှင်းလင်းပြောကြားသည်။

အဆိုပါလမ်းသည် ခင်ဦးမြို့အရှေ့ဘက်ရှိ အညာသီဟတောဘုရားသို့သွားရာ လမ်းဖြစ်သလို ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေး၊ ကုန်သန်းရောင်းဝယ်ရေးတို့တွင် ခင်ဦးမြို့နှင့် ရွှေဘိုမြို့တို့သို့ အဆိုပါလမ်းမှ အဓိကသွားလာကြရခြင်း ဖြစ်ကြောင်းသိရသည်။ မိုးရာသီတွင် ကျောက်လမ်းဖြစ်၍ သွားလာရေးအဆင်မပြေဖြစ်လျက်ရှိသလို၊ အထူးသဖြင့် ရေပြွန်များတွင် ကားအသေးများ သွားလာ၍မရဖြစ်တတ်ပြီး ရေကျချိန်တွင် ဆိုင်ကယ်များ သွားလာရေးခက်ခဲသောလမ်း ဖြစ်ကြောင်း ဒေါ်သင်းသင်းကြူက ဒေသလမ်းအခြေအနေအမှန်ကို လွှတ်တော်မှတစ်ဆင့် တိုင်းဒေသကြီးအစိုးရကို တင်ပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

---

## မြိုင်ကြီးငူအထူးဒေသကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စုများအတွက် ဆန်ရိက္ခာများထောက်ပံ့ပေးအပ်

**ဘားအံ မတ် ၁၃**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ရှမ်းရွာသစ်မြို့နယ် မဲလရောဒေသတွင် နယ်မြေတည်ငြိမ်မှုအားနည်းပြီး မြေမြှုပ်မိုင်းအန္တရာယ်များကြောင့် အိမ်ထောင်စု ၁၀၀၇ စု၊ လူဦးရေ ၅၅၂၆ ဦးတို့သည် မြိုင်ကြီးငူအထူးဒေသသို့ ၂၀၁၆ ခုနှစ် စက်တင်ဘာလ အစောပိုင်းမှစ၍ ယာယီပြောင်းရွှေ့နေထိုင်ခိုလှုံလျက်ရှိရာ တာဝန်ရှိသူများက မြပန်းဝတ်မှုံခန်းမဆောင်နှင့် အေးလင်းသာယာကျောက်စာကွင်းတို့တွင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိလျက်ရှိပြီး ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒေသခံဆရာတော်များ၊ဂေါပကအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များပေါင်းစပ်၍ လိုအပ်သည့် ကူညီထောက်ပံ့မှုများ စီမံဆောင်ရွက်ပေးလျက်ရှိရာ မတ် ၁၃ ရက်က ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ကရင်ပြည်နယ်ရုံးမှ ဆန်ရိက္ခာများ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ပြည်နယ်ရုံးမှ ဦးစီးဌာနမှူး ဦးလင်းထွဋ်နှင့် လှိုင်းဘွဲမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးတို့က မြိုင်ကြီးငူ အထူးဒေသကယ်ဆယ်ရေးစခန်းတွင် ခိုလှုံလျက်ရှိသော အိမ်ထောင်စု ၁၀၀၇ စု၊ လူဦးရေ ၅၅၂၆ ဦးတို့အတွက် ငွေကျပ် ၂၃၂၀၉၂၀၀ တန်ဖိုးရှိ ဆန်ရိက္ခာ ၁၄ ရက်စာ၊ ဆန်အိတ် ၈၀၅ အိတ်နှင့် ၂၁ ပြည်အားအေးလင်းသာယာကျောက်စာတိုင်ကွင်း၌ ကယ်ဆယ်ရေးစခန်းတာဝန်ခံများထံသို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အလားတူ ကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စုများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို မြိုင်ကြီးငူတိုက်နယ်ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက ကုသရေးနှင့်ကာကွယ်ရေး နှစ်မျိုးခွဲ၍ စီမံဆောင်ရွက်ပေးနေကြောင်း၊ ကူးစက်ရောဂါများ ဖြစ်ပွားမှု မရှိစေရေးအတွက် အစားအသောက်နှင့် ရေသန့်ရှင်းရေးတို့ကိုလည်း အစုအဖွဲ့များဖွဲ့၍ အဓိကထားလုပ်ဆောင်ပေးနေကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

---



## အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ သတ္တမအကြိမ်မြောက် စရိတ်ငြိမ်း အခမဲ့ဘုရားဖူးခရီးစဉ် ပို့ဆောင်

**နေပြည်တော် မတ် ၁၃**

ကမ္ဘောဇဘဏ်လီမိတက် ကမ္ဘောဇကုမ္ပဏီများအုပ်စုရှိ အရာထမ်း/ဝန်ထမ်းစုစုပေါင်း ၁၆၅ ဦးကို အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ MAI စင်းလုံးငှားလေယာဉ်ဖြင့် မတ် ၁၀ ရက်မှ ၁၂ ရက်အထိ သတ္တမအကြိမ်မြောက် စရိတ်ငြိမ်း အခမဲ့ဘုရားဖူး ခရီးစဉ် ပို့ဆောင်ပေးခဲ့သည်။ အဆိုပါ ဗုဒ္ဓဂယာဘုရားဖူး ခရီးစဉ် ကို ၂၀၁၀ ပြည့်နှစ်မှစ၍ နှစ်စဉ် ပို့ဆောင်ပေးလျက်ရှိရာ ကမ္ဘောဇကုမ္ပဏီများအုပ်စုရှိ ဝန်ထမ်းပေါင်း ၁၀၀၀ ခန့်ကို ကုသိုလ်ဖြစ် စရိတ်ငြိမ်း ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယခု ခရီးစဉ်တွင် မြတ်စွာဘုရားပွင့်တော်မူရာ သတ္တဋ္ဌာနများ၊ ဘုရားအဆူဆူပွင့်တော်မူရာ မဟာဗောဓိပင်နှင့် ရွှေပလ္လင်တို့ကို ဖူးမြော်ကြည်ညိုကြပြီး မဟာဗောဓိစေတီတော်အတွင်းရှိ မြတ်စွာဘုရားအား ပိုးသင်္ကန်းကပ်လှူခြင်းနှင့် မဟာဗောဓိညောင်ပင်အားကြာသင်္ကန်းကပ်လှူပူဇော်ခဲ့ကြသည်။ ထို့နောက် မြတ်စွာဘုရား ဒုက္ကရစရိယာကျင့်တော်မူသော ဥရုဝေလတောင်၊ နာလန္ဒာနှင့်ရာဇဂြိုဟ်တစ်ဝိုက်ရှိ ဗုဒ္ဓဝင်နေရာများ၊ လှည်းသားကုန်သည် ၅၀၀ ၏ကျောက်လှည်းဘီးရာများ၊ အဇာတသတ်စေတီနှင့် ဂိဇ္ဈကုဋ်တောင်သို့ စက်လှေကားဖြင့်လည်းကောင်း၊ ဘုရင်ဗိမ္ဗိသာရမင်းကြီး ဆောက်လုပ်လှူဒါန်းခဲ့သော ဝေဠုဝန်ကျောင်းတော်ရာ၊ အရှင်မဟာကဿပ၏ ဝပ္ပလိကျောက်ဂူ၊ ဇီဝကသရက်ဥယျာဉ်၊ ရတနာဂီရိတောင်ပေါ်ရှိ ဝိရှသျှန္တိ ဂျပန်စေတီ၊ သုဇာတာဃနာနို့ဆွမ်းကပ်လှူရာ သေနာနိဂုံးရွာသို့လည်းကောင်း သွားရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်တွင် ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌနှင့် မိသားစုမှ နာလန္ဒာတက္ကသိုလ်သို့ အမေရိကန် ဒေါ်လာ ၄၅၀၀၀၊ မဟာဗောဓိဓမ္မရိပ်သာကျောင်းသို့ အမေရိကန်ဒေါ်လာ ၅၀၀၀၊ နာလန္ဒာတရုတ်ကျောင်းသို့ အမေရိကန်ဒေါ်လာ ၃၅၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ပြီး၊ အရာထမ်း၊ ဝန်ထမ်းများကလည်း မဟာဗောဓိဓမ္မရိပ်သာကျောင်းသို့ အလှူငွေစုစုပေါင်း ကျပ်သိန်း ၁၄၅၀၀၀၊ အမေရိကန်ဒေါ်လာ ၃၉၆၀ နှင့် အိန္ဒိယရူပီး ၄၆၀၀၀ တို့ကိုလည်းကောင်း၊ နာလန္ဒာတရုတ်ကျောင်းသို့ အလှူငွေ အမေရိကန်ဒေါ်လာ ၁၄၂၀၊ အိန္ဒိယ ရူပီး ၃၂၂၅၀၊ ငွေကျပ် ၁၄၇၀၅၀၀ တို့ကိုလည်းကောင်း၊ နာလန္ဒာတက္ကသိုလ်သို့ အလှူငွေ အမေရိကန်ဒေါ်လာ ၈၂၂၈ ဒေါ်လာ၊ အိန္ဒိယရူပီး ၄၀၁၁၀ နှင့် ငွေကျပ် ၆၄၀၀၀၀ တို့ကို ထည့်ဝင် လှူဒါန်းခဲ့ကြောင်း သိရသည်။ **သဲနိုင်ဦး(မြန်မာစာ)**

---

## တာချီလိတ်၌ ပါဠိ၊ မြန်မာနှင့် အင်္ဂလိပ်ဘာသာပြန်ဆိုထားသည့် ပိဋကတ်သုံးပုံ ၁၄၁ စုံအား လှူဒါန်းပွဲကျင်းပ

**တာချီလိတ် မတ် ၁၃**

မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များ အသင်းချုပ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း သတ္တုလုပ်ငန်းရှင်များအသင်း၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်အလှူရှင်များ စုပေါင်း၍ ပါဠိ၊ မြန်မာနှင့် အင်္ဂလိပ်ဘာသာပြန်ဆိုထားသည့် ပိဋကတ်သုံးပုံ ၁၄၁ စုံအား ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများ၊ တက္ကသိုလ်များ၊ အခြေခံပညာ အထက်တန်းကျောင်းများနှင့် အလယ်တန်းကျောင်းများသို့ ပေးအပ်လှူဒါန်းပွဲကို မတ် ၁၂ ရက် နံနက် ၉ နာရီက တာချီလိတ်မြို့ တာဟွာ (ပါလျံ တရုတ်ဘုံကျောင်း)ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားသို့ ကြွရောက်တော်မူလာသည့် ဆရာတော် သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူပြီး ဦးမြင့်ခိုင်(စိတ်ပညာ)က ပိဋကတ်သုံးပုံစာအုပ်များ လှူဒါန်းရခြင်းနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းလျှောက်ထားကာ အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် အလှူရှင်များ စုပေါင်း၍ ပါဠိ၊ မြန်မာနှင့် အင်္ဂလိပ် ဘာသာပြန်ဆိုထားသည့် ပိဋကတ်သုံးပုံ ၁၄၁ စုံ အား ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း ၅၃ ကျောင်း၊ တက္ကသိုလ်၊ အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်း ၂၄ ကျောင်းများသို့ မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်မှ ဥက္ကဋ္ဌ ဦးခင်မောင်ဟန်၊ စစ်ဗျူဟာအဖွဲ့(အခြေချ)တာချီလိတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ကျော်ကိုထိုက်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ ရှမ်းပြည်နယ်အရှေ့ပိုင်း သတ္တုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် တာဝန်ရှိသူများက လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

# တောင်တရုတ်ပင်လယ်အတွင်းသို့ အကြီးဆုံးစစ်သင်္ဘောတစ်စင်းကို စေလွှတ်ရန် ဂျပန်စီစဉ်နေ

**တိုကျို မတ် ၁၃**

ဂျပန်နိုင်ငံသည် လာမည့်မေလတွင်စတင်မည့် တောင်တရုတ်ပင်လယ်တစ်လျှောက် သုံးလကြာ ဖြတ်သန်းလှည့်လည်သွားလာမည့် ခရီးစဉ်အတွက် အကြီးဆုံး စစ်သင်္ဘောတစ်စင်းကို ပို့ဆောင်မည်ဖြစ်ကြောင်း သတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။

တောင်တရုတ်ပင်လယ်အတွင်းသို့ ယင်းစစ်သင်္ဘောကြီးအား စေလွှတ်မှုသည် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ပြီးနောက် အဆိုပါဒေသအတွင်း၌ အကြီးဆုံး ရေတပ်စစ်အင်အားကို ပြသမှုတစ်ခုဖြစ်လာမည်ဖြစ်သည်။

တရုတ်နိုင်ငံက အငြင်းပွားမှုများပေါ်ပေါက်လျက်ရှိသည့် တောင်တရုတ်ပင်လယ်ရေပိုင်နက်များနှင့် တရုတ်နိုင်ငံ၏ စစ်အင်အားကြီးထွားလာမှုက ဂျပန်နိုင်ငံကို စိုးရိမ်ပူပန်မှုများ ဖြစ်စေခဲ့ခြင်းဖြစ်သည်ဟု အခိုင်အမာပြောကြားခဲ့သည်။ ထို့အပြင် အမေရိကန်နှင့်တကွ အနောက်နိုင်ငံအများစုသည် ပင်လယ်ရေကြောင်းသွားလာမှုဆိုင်ရာ လွတ်လပ်ခွင့်ကို ခိုင်မာသေချာစေရန် လေတပ်နှင့် ရေတပ်ကင်းလှည့်မှုများကို ပုံမှန်ပြုလုပ်လျက်ရှိသည်ဟု ပြောကြားခဲ့သည်။

အီဇူမိုလေယာဉ်တင်သင်္ဘောသည် လာမည့်ဇူလိုင်လတွင် အိန္ဒိယသမုဒ္ဒရာအတွင်း၌ အိန္ဒိယနှင့် အမေရိကန်ရေတပ်မတော်ရေယာဉ်များနှင့်အတူ မလက်ကာပူးတွဲ စစ်ရေးလေ့ကျင့်မှုတွင် ပူးပေါင်းပါဝင်သွားမည်ဖြစ်ပြီး စစ်ရေးလေ့ကျင့်မှုမတိုင်မီ ခရီးစဉ်သွားလာမှုအတွင်း စင်ကာပူ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် သီရိလင်္ကာနိုင်ငံများတွင် ရပ်နားသွားမည်ဖြစ်သည်ဟု သတင်းရင်းမြစ်များက ဖော်ပြသည်။

ယင်းစစ်သင်္ဘောသည် ဩဂုတ်လတွင် ဂျပန်နိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသင်္ဘောကို စေလွှတ်ရသည့်ရည်ရွယ်ချက်မှာ အီဇူမိုလေယာဉ်တင်သင်္ဘော၏ စွမ်းဆောင်ရည်ကို စမ်းသပ်စစ်ဆေးရန်အတွက်ဖြစ်ကြောင်း သတင်းရင်းမြစ်တစ်ခုက ဖော်ပြသည်။ အီဇူမိုလေယာဉ်တင်သင်္ဘောသည် တောင်တရုတ်ပင်လယ်အတွင်း၌ အမေရိကန်ရေတပ်နှင့်အတူ လေ့ကျင့်သွားမည်ဖြစ်ကြောင်း အမည်မဖော်လိုသူ သတင်းရင်းမြစ်တစ်ခုက ဖော်ပြခဲ့သည်။

(ရိုက်တာ)



အီဇူမိုရဟတ်ယာဉ်တင်သင်္ဘောကို ၂၀၁၆ ခုနှစ်က ဂျပန်နိုင်ငံ တိုကျိုတောင်ပိုင်း ရိုကိုစူကာတွင် ဆိုက်ကပ်ထားသည်ကို တွေ့ရစဉ်

# ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်း ၁ ဒသမ ၂ သန်း ဆော်ဒီဖန်တီးမည်

**ရီယာ့ဒ် မတ် ၁၃**

ဆော်ဒီနိုင်ငံ အလုပ်သမားဝန်ကြီးဌာနက အရေးကြီးသော အလုပ်အကိုင်များတွင် နိုင်ငံခြားသား အလုပ်သမားများ၏ ကြီးစိုးလာမှုကို အဆုံးသတ်ရန် ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁ ဒသမ ၂ သန်း ဖန်တီးပေးမည့် အစီအစဉ်အား စတင်အကောင်အထည်ဖော်တော့မည် ဖြစ်ကြောင်း ပြည်တွင်းမီဒီယာတစ်ခုက မတ် ၁၃ ရက်က ဖော်ပြခဲ့သည်။

ထိုသို့ပြုလုပ်ခြင်းဖြင့် ဆော်ဒီနိုင်ငံသားများ အလုပ်လက်မဲ့ဖြစ်ပွားမှုကို လျှော့ချကာ ကဏ္ဍပေါင်းစုံရှိ အရေးကြီးသော အလုပ်များတွင် နိုင်ငံခြားသား အလုပ်သမားများစွာ လိုအပ်နေမှုအား အဆုံးသတ်သွားမည်ဖြစ်ကြောင်း အယ်လ်ဟာရက်သတင်းစာတွင် ဖော်ပြထားသည်။ ယင်းအစီအစဉ်အား နိုင်ငံတစ်ဝန်းလုံးတွင် အကောင်အထည်ဖော်ရန် အစပျိုးလုပ်ငန်းများအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။



အချို့ကဏ္ဍများတွင် အထူးသဖြင့် စီးပွားရေးကဏ္ဍများနှင့် ပတ်သက်သော ကုန်ထုတ်လုပ်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ အလုပ်အကိုင်များတွင် ဆော်ဒီနိုင်ငံသားများအား လုပ်ကိုင်ခွင့်ပြုရန် အလုပ်သမားဝန်ကြီးဌာနက သတ်မှတ်ချက်ထုတ်ပြန်ထားကြောင်း သိရသည်။

ထို့ပြင် မိုဘိုင်းဖုန်းလုပ်ငန်းများတွင် ဆော်ဒီအမျိုးသားနှင့် အမျိုးသမီး ၁၆၀၀၀ ကျော်အား အလုပ်ခန့်အပ်ပေးခဲ့ကြောင်း သိရသည်။ ဇန်နဝါရီလတွင် ဆော်ဒီအာရေဗျနိုင်ငံက ပြည်တွင်းအင်ဂျင်နီယာ ၁၂၀ အား လေ့ကျင့်သင်ကြားပေးရန် ဗြိတိန်နိုင်ငံသို့ စေလွှတ်ခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ဟေတီတွင် ဘတ်စ်ကားတစ်စီး လူအုပ်ထဲဝင်တိုက်၊ လူ ၃၈ ဦးသေဆုံး

**ပနားမားစီးတီး မတ် ၁၃**

ဟေတီနိုင်ငံတွင် ယမန်နေ့က လူအုပ်ထဲဘတ်စ်ကားတစ်စီးဝင်တိုက်မှုကြောင့် လူ ၃၈ ဦး သေဆုံးခဲ့ပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဟေတီနိုင်ငံမြောက်ပိုင်း ဂိုနီဗက်စ်မြို့အနီးရှိ မြို့တစ်မြို့တွင် ဒေသစံတော်ချိန် ၃ နာရီခန့်က ဘတ်စ်ကားတစ်စီးသည် လူနှစ်ဦးအား တိုက်မိပြီးနောက် ဂီတပွဲတော်အတွက် စုဝေးနေသည့် ဒေသခံလူအုပ်အတွင်းသို့ အရှိန်ဖြင့် ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

အဆိုပါဘတ်စ်ကားသည် ကပ်ဟိုက်တီယန်မြို့မှ မြို့တော်ပေါ်တူပရင့်စ်သို့ ခရီးသည်များ တင်ဆောင်ကာ ထွက်ခွာလာကြောင်း သိရသည်။

အခင်းဖြစ်နေရာတွင် လူ ၃၄ ဦးသေဆုံးခဲ့ပြီး လေးဦးမှာ ဆေးရုံရောက်စဉ် သေဆုံးခဲ့ကာ ကျန်ရှိသည့် ဒဏ်ရာရသူများအား မြို့တော်အနောက်မြောက်ဘက် ၁၀၀ ကီလိုမီတာအကွာခန့် ဂိုနီဗက်စ်မြို့ရှိ ဆေးရုံတွင် ဆေးကုသပေးနေကြောင်း သိရသည်။ ယာဉ်မောင်းတဆမှုအား စုံစမ်းနေကြောင်း သိရသည်။

(ဆင်ဟွာ)

# ဟွမ်စ်ဒေသအတွင်းမှဆုတ်ခွာရန် ဆီးရီးယားသူပုန်အဖွဲ့ သဘောတူညီ

**အလက်ပို မတ် ၁၃**

ဆီးရီးယားသူပုန်များသည် လာမည့်ရက်သတ္တပတ် အနည်းငယ်ကုန်လွန်သွားလျှင် ၎င်းတို့၏မိသားစုများနှင့်အတူ ဟွမ်စ်ခရိုင် အယ်လ်ဝေရာဒေသအတွင်းမှ ထွက်ခွာသွားမည်ဟု သဘောတူညီခဲ့ကြောင်း တနင်္လာနေ့တွင် အတိုက်အခံမီဒီယာများက ပြောကြားခဲ့သည်။ ဒေသခံမီဒီယာကလည်း ဟွမ်စ်ပြည်နယ်အကြီးအကဲ၏ ပြောဆိုမှုကို ကိုးကားလျက် အတိုက်အခံမီဒီယာများ၏ ဖော်ပြချက်ကဲ့သို့ပင် တစ်သဝေမတိမ်း ဖော်ပြခဲ့သည်။

အယ်လ်ဝေရာမှ စေ့စပ်ညှိနှိုင်းရေးအဖွဲ့သည် အဆိုပါ နယ်မြေအတွင်းရှိ သူပုန်များက ၎င်းတို့၏မိသားစုများနှင့်အတူ တူရကီကျောထောက်နောက်ခံပေးထားသည့် သူပုန်အဖွဲ့များရှိရာ ဆီးရီးယားမြောက်ပိုင်း ဂျရာဘူလပ်စ်အနီးတစ်ဝိုက်ရှိ ဧရိယာများသို့ ထွက်ခွာသွားမည်ဟူသော သဘောတူညီမှုတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း အတိုက်အခံများဘက်မှ သတင်းမီဒီယာက ဖော်ပြခဲ့သည်။

သဘောတူညီမှုတစ်ရပ်ကို ထူထောင်ခဲ့ပြီးဖြစ်သော်လည်း တိုက်ခိုက်ရေးအဖွဲ့များ၏ကံကြမ္မာကို ဆုံးဖြတ်ရခြင်းမရှိသေးကြောင်း ဟွမ်စ်ရှိအတိုက်အခံနိုင်ငံရေးတက်ကြွလှုပ်ရှားသူများက ဆောင်ရွက်လျက်ရှိသည့် ဟွမ်စ်သတင်းမီဒီယာစင်တာက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

လာမည့်ရက်သတ္တပတ်များအတွင်း လူ ၁၀၀၀၀ မှ ၁၅၀၀၀ ခန့် ပါဝင်သည့် အုပ်စုများသည် ဟွမ်စ်နယ်နိမိတ်အတွင်းမှ ထွက်ခွာသွားရလိမ့်မည်ဖြစ်ကြောင်း ဟွမ်စ်သတင်းမီဒီယာစင်တာက ဖော်ပြထားသည်။

(ရိုက်တာ)

# အိုင်အက်စ်အုပ်စုနှင့် ချိတ်ဆက်မှုရှိသူများကို မလေးရှားရဲတပ်ဖွဲ့ဖော်ထုတ်

**ကွာလာလမ်ပူ မတ် ၁၃**

မလေးရှားရဲတပ်ဖွဲ့က အိုင်အက်စ် စစ်သွေးကြွအုပ်စုနှင့် ဆက်စပ်နေသည့် ဖိလစ်ပိုင်လူမျိုးငါးဦးနှင့် မလေးရှားလူဝင်မှုကြီးကြပ်ရေး ဝန်ထမ်းတစ်ဦး အပါအဝင် သံသယရှိသူ စုစုပေါင်းခုနစ်ဦး ကို မတ် ၁၃ ရက်က ဖမ်းဆီးခဲ့ကြောင်း ပြောခဲ့သည်။

ဖမ်းဆီးထားသည့် သံသယရှိသူ ဖိလစ်ပိုင်လူမျိုးငါးဦးသည် မလေးရှားနိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့် ရရှိထားသူများဖြစ်ပြီး ၎င်းတို့သည် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ အိုင်အက်စ် စစ်သွေးကြွများနှင့် ဆက်သွယ်ကာ အကြမ်းဖက်အုပ်စုအတွက် လူသစ်စုဆောင်းပေးနေသော မလေးရှားနိုင်ငံသား တရားခံပြေးများဖြစ်သည့် ဒေါက်တာမာမွတ် အာမက်နှင့် မိုဟာမက်ဂျော်ရေမီအာဝမ်ရိမ်မီတို့အား ငွေကြေးများ ထောက်ပံ့ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

အခြားသံသယရှိသူနှစ်ဦးမှာ အင်ဒိုနီးရှားနိုင်ငံသား စစ်သွေးကြွသုံးဦးကို မလေးရှားနိုင်ငံ ဆာဗားပြည်နယ်မှတစ်ဆင့် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းသို့ ပို့ဆောင်ရာတွင် အကူအညီပေးခဲ့သည်ဟု ယူဆရသူများဖြစ်သည်။ ရဲတပ်ဖွဲ့က ဖမ်းဆီးထားသည့် လူဝင်မှုကြီးကြပ်ရေး ဝန်ထမ်းတစ်ဦးသည် အကြမ်းဖက်သမားများအား တရားဝင်စာရွက်စာတမ်း အထောက်အထားမရှိဘဲ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းသို့ သွားရောက်ရန်စီစဉ်ပေးခဲ့သည်ဟု ယူဆရသည်။





အဆိုပါတရားခံများအား မတ် ၈ ရက်မှ ၁၂ ရက်အတွင်း ဆာဗားပြည်နယ်နှင့် ဆီလန်ဂေါပြည်နယ်တွင် ပြုလုပ်ခဲ့သည့် အကြမ်းဖက်တန်ပြန်စစ်ဆင်ရေးများအတွင်း ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖိလစ်ပိုင်တောင်ပိုင်းတွင် အဘူဆေးယက်ဖ် စစ်သွေးကြွအုပ်စု ကြီးစိုးလျက်ရှိပြီး စစ်သွေးကြွအုပ်စုနှင့်ချိတ်ဆက်နေမှုများအား ရဲတပ်ဖွဲ့က ဖော်ထုတ်နိုင်ခြင်းမှာ ပထမဆုံးအကြိမ် မဟုတ်တော့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ရေးဆွဲဖော်ထုတ်ရေး ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၁၃**

ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ရေးဆွဲဖော်ထုတ်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။




ရှေးဦးစွာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကလေးအလုပ်သမား အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၈၂ (ILO Convention 182) ကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် အကောင်အထည်ဖော်မှုအစီရင်ခံစာကို ILO ထံ တင်သွင်းခဲ့ပါကြောင်း။

အမေရိကန်ပြည်ထောင်စု အလုပ်သမားဝန်ကြီးဌာန၏ ငွေကြေးအထောက်အပံ့ဖြင့် ILO က မြန်မာနိုင်ငံတွင် ကလေးအလုပ်သမား ပပျောက်ရေး အစီအစဉ်ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ လေးနှစ်တာ စီမံကိန်းချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယနေ့ဆိုလျှင် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ရေးဆွဲနိုင်မည့် အဆင့်သို့ ရောက်ရှိလာပြီဖြစ်ပါကြောင်း။

အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားနှင့် လူမှုမိတ်ဖက် အဖွဲ့အစည်းများ ပါဝင်သည့် ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့နှင့် ဦးဆောင်ကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ကလေးအလုပ်သမားဆိုင်ရာ အသိအမြင်မြှင့်တင်ရေး ဆွေးနွေးပို့ချခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေး အခမ်းအနားများ ကျင်းပခြင်း၊ ကလေးအလုပ်သမားများအတွက် ဘေးအန္တရာယ်ရှိသော လုပ်ငန်းများနှင့် လုပ်ငန်းခွင်များ စာရင်းမူကြမ်းရေးဆွဲခြင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် တိုက်ရိုက်ကြားဝင်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်း၊ ဝန်ကြီးဌာနအနေဖြင့် အနိမ့်ဆုံး အလုပ်လုပ်နိုင်သည့် အသက်ကန့်သတ်ချက်ကို ၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေ နှင့် ၂၀၁၆ ခုနှစ် ဆိုင်များနှင့် အလုပ် ဌာနများ ဥပဒေတို့တွင် ယခင် ၁၃ နှစ်အစား ၁၄ နှစ်သို့ တိုးမြှင့်သတ်မှတ် ပြဋ္ဌာန်းပေးနိုင်ခဲ့ပါကြောင်း။

ကလေးအလုပ်သမား ပပျောက်ရေးသည် မျက်မှောက်ခေတ်၏ Global Issue ဖြစ်ပြီး နိုင်ငံအတွက် ကြီးမားသည့် စိန်ခေါ်မှုဖြစ်၍ အနာဂတ်အတွက် အရည်အသွေးမြင့်မားသည့် လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် လိုအပ်ပါကြောင်း၊ ကလေးအလုပ်သမားကိစ္စသည် အလွန်သိမ်မွေ့နက်နဲပြီး ဆင်းရဲနွမ်းပါးမှု၊ သဘာဝဘေးအန္တရာယ်ဖြစ်ရပ်များနှင့် တိုက်ရိုက်ဆက်စပ်ပတ်သက်နေ၍ ကလေးအလုပ်သမားလျော့နည်းပပျောက်ရေးကို ပြည်သူလူထုတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ အမျိုးသားရေးအသွင်အဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ILO ဆက်သွယ်ညှိနှိုင်းရေးအရာရှိ Mr.Rory Mungoven Liaison Officer က နှုတ်ခွန်းဆက်စကားပြောကြားသည်။

အဆိုပါညှိနှိုင်းဆွေးနွေးပွဲကို မတ် ၁၆ ရက်အထိ လေးရက်တိုင် ပြုလုပ်၍ ကျင်းပပြီးစီးခဲ့သည့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ စက်မှုဇုန်များအဆင့် ညှိနှိုင်းဆွေးနွေးပွဲများ၊ လူငယ်ဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲများမှ ပေါ်ထွက်လာသည့် ရလဒ်များကို ပြန်လည်သုံးသပ်ပြီး နိုင်ငံတကာမှ အလေ့အထကောင်းများနှင့် သင်ခန်းစာများကိုရယူ၍ ကျွမ်းကျင်ပညာရှင်များ၏ အကြံပေးဆွေးနွေးမှုများအပေါ်မူတည်ကာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်(မူကြမ်း)ကို ရေးဆွဲဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ILO၊ UNICEF နှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ် သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၌ သင်တန်းသူအချို့ ဝက်သက်ပေါက်၍ အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံပေး

**စစ်တွေ မတ် ၁၃**

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ သင်တန်းသူအချို့ ဝက်သက်ပေါက်၍ သင်တန်းသား၊ သင်တန်းသူများနှင့် ယင်းသင်တန်းကျောင်းရှိ ဆရာ ဆရာမများ၊ အတူနေမိသားစုဝင်များအား ယနေ့နံနက်ပိုင်းမှစ၍ ဝက်သက်ရောဂါကာကွယ်ဆေးကို အစုလိုက် ထိုးနှံပေးစနစ်ဖြင့် ၃၇၅ ဦးအား ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၅ ရက်ခန့်က စစ်တွေသူနာပြုနှင့် သားဖွားသင်တန်းကျောင်းရှိ သင်တန်းသူတစ်ဦးဖျားပြီး ဗိုက်အောင့်သဖြင့် စစ်တွေပြည်သူ့ဆေးရုံကြီး ပြင်ပလူနာဌာနသို့ သွားပြကြောင်း၊ ယင်းသင်တန်းသူသည် ဖေဖော်ဝါရီ ၂၇ ရက်တွင် အနီစက်များ ပေါ်လာသဖြင့် ပြန်လည်သွားပြရာ စစ်တွေဆေးရုံကြီးမှ ဝက်သက်သံသယရှိသည်ဟု မှတ်ချက်ပေးသဖြင့် သီးသန့်ခန်းဖြင့် ပြုစုခဲ့ကြောင်း၊ နောက်ရက်အနည်းငယ်တွင် နှစ်ဦးထပ်မံဖြစ်သဖြင့် ဆက်လက်ဆောင်ရွက်မှုများကို ပြုလုပ်ခဲ့ရကြောင်း ယင်းသင်တန်းကျောင်းမှ သိရသည်။

"ကျွန်မတို့ကျောင်းမှာ ဖေဖော်ဝါရီ ၂၅ ရက်က ကျောင်းသူတစ်ဦးဖျားပြီး ဗိုက်အောင့်တာကြောင့် စစ်တွေဆေးရုံကြီး ပြင်ပလူနာဌာနမှာ သွားပြပါတယ်။ ဆေးရုံက ဆေးပေးလိုက်ပြီး အဆောင်မှာ ပြုစုပါတယ်။ ၂၇ ရက်ရောက်တော့ အနီစက်တွေထွက်လာတာကြောင့် နောက်ထပ်သွားပြတော့ ဆေးရုံက ဝက်သက်သံသယလူနာလို့ သတ်မှတ်တာကြောင့် သူ့ကို သီးခြားထားပြီးတော့ ကျန်တဲ့ သင်တန်းသား၊ သင်တန်းသူတွေကိုလည်း လိုအပ်တဲ့ ကြိုတင်ကာကွယ်မှုတွေလုပ်ခိုင်းပါတယ်။ နောက် ရက်အနည်းငယ်ကြာတော့ နှစ်ဦးထပ်ဖြစ်တာကြောင့် သူတို့တွေကို ဆေးရုံတင်လိုက်ပြီးတော့ သင်တန်းကျောင်းတစ်ခုလုံးကို သန့်ရှင်းရေး လုပ်လိုက်ပါတယ်။ နောက်ထပ် လူတွေမဖြစ်ရအောင် ကာကွယ်မှုတွေ ဆောင်ရွက်ဖို့ လိုအပ်လို့ စစ်တွေမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် နေပြည်တော်က ကျွန်မတို့ရဲ့ဌာနတွေကို မတ် ၈ ရက်ကတည်းက အစီရင်ခံလိုက်ပါတယ်"ဟု စစ်တွေသူနာပြုနှင့် သားဖွားသင်တန်း ကျောင်းအုပ်ကြီး ဒေါ်နုနုဇံက ပြောသည်။

ဝက်သက်ရောဂါ ဖြစ်ပွားသူ ငါးဦးအနက် မပြည့်ဖြိုးစံ၊ မသူဇာဝင်းမြင့်၊ မဖြိုးနန္ဒာလင်းတို့ သုံးဦးအား မတ် ၈ ရက်မှစ၍ စစ်တွေဆေးရုံကြီး၌ အတွင်းလူနာအဖြစ် တက်ရောက်ကုသခဲ့ပြီး မသူဇာဝင်းမြင့်နှင့် မဖြိုးနန္ဒာလင်းတို့မှာ မတ် ၁၁ ရက်က ဆေးရုံမှ ဆင်းခဲ့ကြောင်း၊ မပြည့်ဖြိုးစံမှာ ဆက်လက်ကုသလျက်ရှိပြီး သက်သာလာပြီဖြစ်ကြောင်း သိရသည်။



စစ်တွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် သင်တန်းကျောင်းအုပ်ကြီးက မတ် ၈ ရက်က အကြောင်းကြားသည်နှင့် ချက်ချင်း ကျန်းမာရေးမှူး(၁) နှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျန်းမာရေးမှူးတို့ကို သွားရောက်ကြည့်ရှုကွင်းဆင်းခိုင်းခဲ့ကြောင်း၊ နောက်တစ်နေ့ကွင်းဆင်းပြီးလိုအပ်သော ကျန်းမာရေးပညာပေးမှုများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် သွေးဖောက်စစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းသင်တန်းသူများမှာ စစ်တွေဆေးရုံကြီး၌ သွားရောက်ကာလက်တွေ့သင်ကြားမှုများကို ဆောင်ရွက်နေရသဖြင့် ကူးစက်ပြန့်ပွားမှုမဖြစ်ရအောင် ဝက်သက်ကာကွယ်ဆေးထိုးနှံခြင်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း စသည်ဖြင့် စစ်တွေမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကြည်ကြည်သာက ပြောသည်။

စစ်တွေ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ ဝက်သက်ရောဂါကာကွယ်ဆေး ထိုးနှံပေးနေမှုအား စစ်တွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး (၁) ဦးစောဝင်းမောင်က သွားရောက်ကြီးကြပ်ကာ ယင်းဌာနအောက်ရှိ ဆရာမများက ထိုးနှံပေးကြကြောင်း သိရသည်။

**သတင်း-ကိုကြီးစော**

**ဓာတ်ပုံ-ညေစော**

# အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုပိုမိုများပြားလာပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့် ယားဖုများ ထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန် မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်ပါက အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေအထိ ဖြစ်နိုင်ပါသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၁။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများအနေဖြင့် နေ့လယ် နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ။

၂။ ပူပြင်းသည့်နေရောင်အောက်တွင် ပင်ပန်းစွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

၃။ ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ။ အရိပ်ရအေးမြသည့် နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ။

၄။ အလင်းပြန်သော အဖြူရောင်(သို့မဟုတ်)အရောင်ဖျော့သောပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။

၅။ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် မနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွတ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ။

၆။ အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

၇။ ခန္ဓာကိုယ်အတွင်း ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။

၈။ မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကိုပြုလုပ်ပါ။

၉။ အပူဒဏ်အန္တရာယ်ခံစားရသော လူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာတွင်ထားရှိခြင်း၊ ရေနှင့် ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ် အပူချိန်အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား နှစ်ဖက်နှင့် ပေါင်ခြံ နှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့ကို ဦးစွာဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ/ ဆေးခန်း၊ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# တွံတေးတူးမြောင်း မြစ်ကမ်းပါး ပြိုကျမှုဖြစ်ပွား

**တွံတေး မတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာအုပ်စု ပျော်ဘွယ်လေးကျေးရွာ သီတဂူလမ်း အနောက်ဘက်တွင် မတ် ၁၃ ရက်က တွံတေးတူးမြောင်း ရေတိုက်စားမှုကြောင့် တွံတေးတူးမြောင်းမြစ်ကမ်းပါး အလျားပေ ၁၅၀၊ အနံပေ ၂၀ ခန့် ကမ်းပါးပြိုကျမှုဖြစ်ပွားခဲ့ရာ ကမ်းပါးပြိုသည့်နေရာနှင့် နီးကပ်လျက်ရှိသည့် အိမ်ထောင်စုခြောက်စု လူဦးရေ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၂၇ ဦးတို့အား ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက နီးစပ်ရာကျေးရွာတွင်းလမ်းဘေး၌ ယာယီရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

**မျိုးလွင်(တွံတေး)**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၁၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၂၉ စီး၊ သွင်းကုန် ၆၈၇ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၁ စီး၊ သွင်းကုန် ၂၀၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိပါသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် မတ် ၁၂ ရက် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၅၅၉ သန်းခန့် ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက မတ် ၁၀ ရက်နှင့် မတ် ၁၁ ရက်အတွင်း တားဆီးမှု ၁၇ မှု ခန့်မှန်းတန်ဖိုးကျပ် ၇၀ ဒသမ ၁၀ သန်းခန့်ရှိသည့်အနက် ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၀-၃-၂၀၁၇ ရက်နေ့တွင် မူဆယ်မှ မန္တလေးသို့ ဝင်ရောက်လာသောမှန်လုံယာဉ်ကို ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်းတာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ခရီးသည်ပစ္စည်းများနှင့်အတူ ရောနှောသယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် SYH အမျိုးအစား Tablet, Handset၊ SD Card များ၊ C.O.C အမျိုးအစား ဖုန်း၊ ZXET အမျိုးအစား Handset နှင့် မော်တော်ကားအပိုပစ္စည်းများ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၇ ဒသမ ၅၆ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





**တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဖုန်း၊ Handset ၊ Tablet နှင့် မော်တော်ကားအပိုပစ္စည်းများ**

# AFC Cup အုပ်စု တတိယပွဲအဖြစ် အန်ကောနှင့် မကွေးအသင်းတို့ ယနေ့ယှဉ်ပြိုင်မည်

**ဖနွမ်းပင် မတ် ၁၃**

၂၀၁၇ AFC Cup ပြိုင်ပွဲ အုပ်စုတတိယပွဲအဖြစ် ကမ္ဘောဒီးယားကလပ် အန်ကောအသင်းနှင့် မြန်မာကလပ် မကွေးအသင်းသည် မတ် ၁၄ ရက်(**ယနေ့**) မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ဖနွမ်းပင်မြို့ရှိ အိုလံပစ်ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

AFC Cup ပြိုင်ပွဲတွင် ပထမဆုံးယှဉ်ပြိုင်ခွင့်ရသည့် မကွေးအသင်းသည် လက်ရှိအနေအထားအရ နောက်တစ်ဆင့်တက်ရန် ရုန်းကန်နေရပြီး ယခုပွဲမှာ အရေးပါလျက်ရှိသည်။ မကွေးအသင်းသည် ပထမပွဲတွင် ဖိလစ်ပိုင်ကလပ် ဂလိုဘယ်အသင်းကို အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ဒုတိယပွဲတွင် မလေးရှားကလပ် ဂျိုဟိုးဒါရူးလ်အသင်းနှင့် အိမ်ကွင်းတွင် တစ်ဂိုးစီသရေကျခဲ့သည်။ အန်ကောအသင်းသည် ဂျိုဟိုးဒါရူးလ်အသင်းကို အဝေးကွင်း၌ သုံးဂိုး-ဂိုးမရှိ၊ ဂလိုဘယ်အသင်းကို အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် နှစ်ပွဲစလုံး ရှုံးထားသည်။ မကွေးအသင်းပါဝင်သော အုပ်စု (F) တွင် ဂလိုဘယ်အသင်းက ခြောက်မှတ်ဖြင့် ဦးဆောင်နေပြီး ဂျိုဟိုးဒါရူးလ်အသင်းက လေးမှတ်၊ မကွေးအသင်းက တစ်မှတ်၊ အန်ကောအသင်းက အမှတ်မရသေးပေ။ ထို့ကြောင့် နိုင်ပွဲမရသေးသည့် အသင်းနှစ်သင်းတွေ့ဆုံမှုမှာ နောက်တစ်ဆင့်တက်ရေးအတွက် အရေးပါလာမည်ဖြစ်ပြီး မကွေးအသင်းသည်လည်း အနိုင်ရမှသာ မျှော်လင့်ချက်ရှိမည်ဖြစ်သည်။ ယခုပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယခုနှစ် AFC Cup ပြိုင်ပွဲကို မြန်မာကလပ်အသင်း နှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ရတနာပုံအသင်းသည် သုံးသင်းပါဝင်သော အုပ်စုတွင် ကျရောက်နေသောကြောင့် ယခုတစ်ပတ်တွင် ယှဉ်ပြိုင်ကစားရမည်မဟုတ်ဘဲ အုပ်စုဒုတိယအကျော့ပွဲစဉ်များကို ပြေးလမှသာ ပြန်လည်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မကွေးအသင်းသည် အာရှအဆင့် ကလပ်ပြိုင်ပွဲကို ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။ **ရဲရင့်ရှိုင်း**



၂၀၁၇ AFC Cup ပြိုင်ပွဲယှဉ်ပြိုင်နေသည့် မကွေးအသင်း ဓာတ်ပုံ-ဖိုးသော်ဇင်



**မြန်မာနှင့် အင်ဒိုနီးရှားအသင်း ဆူဇူကီးဖလားပြိုင်ပွဲမတိုင်မီက ခြေစမ်းကစားနေစဉ်**

# မြန်မာနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်း မတ် ၂၁ ရက် ခြေစမ်းမည်

**ရန်ကုန် မတ် ၁၃**

၂၀၁၉ အာရှဖလား ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းသည် အင်ဒိုနီးရှား လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲကို မတ် ၂၁ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မူလက ယင်းရက်တွင် အာဖရိကအသင်းဖြစ်သော အီကွေတိုရီရယ် ဂီနီအသင်းနှင့် ခြေစမ်းပွဲကစားရန် သဘောတူညီမှုရထားသော်လည်းအကြောင်းအမျိုးမျိုးကြောင့် ပျက်ပြယ်သွားသောကြောင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် အင်ဒိုနီးရှားဘောလုံးအဖွဲ့ချုပ်သည် ယခုခြေစမ်းပွဲအတွက် ပြီးခဲ့သည့်ရက်ပိုင်းက သဘောတူညီမှုရခဲ့ပြီး မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်က မတ် ၁၃ ရက်တွင် တရားဝင် သတင်းထုတ်ပြန်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းသည် ၂၀၁၆ ဆူဇူကီးဖလားပြိုင်ပွဲမတိုင်မီက ရန်ကုန်မြို့တွင် ခြေစမ်းကစားခဲ့ပြီး ဂိုးမရှိသရေကျခဲ့သည်။ အင်ဒိုနီးရှားလက်ရွေးစင်အသင်းသည် ဖီဖာ၏ နိုင်ငံတကာပြိုင်ပွဲဝင်ခွင့်ပိတ်ပင်မှုကြောင့် တစ်နှစ်ကျော်ကြာ ယှဉ်ပြိုင်ခွင့်မရဘဲ ဆူဇူကီးဖလားပြိုင်ပွဲမှ ပထမဆုံး ယှဉ်ပြိုင်ခဲ့ရသော်လည်း ဗိုလ်လုပွဲအထိ တက်ရောက်အောင် စွမ်းဆောင်နိုင်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲယှဉ်ပြိုင်ရန် ပဏာမကစားသမား ၂၆ ဦး ရွေးချယ်ထားပြီး ယနေ့စတင်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အသင်းအား ပြန်လည်ဖွဲ့စည်းရာတွင် ခြေစွမ်းပြ/လက်စွမ်းပြနေသည့် ကစားသမားအချို့ ပါဝင်လာခြင်းမရှိသော်လည်း ယခင်ကထက် အမှန်တကယ် ခြေစွမ်းပြနေသည့် ကစားသမားများ ပါဝင်လာသည်။ ရတနာပုံ၊ မကွေးနှင့် ဟံသာဝတီအသင်းတို့မှ ကစားသမားများမှာ ကလပ်ပွဲများ ရှိနေသောကြောင့် လက်ရွေးစင်အသင်းနှင့် နောက်ကျမှ ပူးပေါင်းနိုင်မည်ဖြစ်သည်။ အာရှဖလားခြေစစ်ပွဲ ပထမပွဲအဖြစ် မြန်မာအသင်းနှင့် အိန္ဒိယအသင်းသည် မတ် ၂၈ ရက်တွင် ရန်ကုန်မြို့၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

# ထွန်စက်များ ထိန်းသိမ်းမောင်းနှင်မှုသင်တန်းဖွင့်

**သဲကုန်း မတ် ၁၃**

ပြည်ခရိုင် သဲကုန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော Daedong ထွန်စက်များ ထိန်းသိမ်းမောင်းနှင်မှုသင်တန်းဖွင့်ပွဲကို မတ် ၁၃ ရက် နံနက် ၉ နာရီခွဲက အမှတ်(၉၄) စက်မှုလယ်ယာစခန်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဇော်နိုင်ဦးတို့က အမှာစကားပြောကြားပြီး ခရိုင်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးလှမြိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို မတ် ၁၃ ရက်မှ ၂၅ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# (၇) ကြိမ်မြောက် HD Bank Cup အိုးပင်း စစ်တုရင်ပြိုင်ပွဲ မြန်မာကစားသမားများယှဉ်ပြိုင်

**ရန်ကုန် မတ် ၁၃**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ မတ် ၁၁ ရက်မှ ၈ ရက်အထိ ကျင်းပမည့်(၇) ကြိမ်မြောက် HD Bank Cup အိုးပင်းစစ်တုရင်ပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာစစ်တုရင်အားကစားအဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ အုပ်ချုပ်သူ ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်၊ နည်းပြ ဦးတိုး၊ အားကစားသမားများဖြစ်ကြသော မြန်မာနိုင်ငံ အမျိုးသားတံခွန်စိုက်ဆုရရှိကြသည့် ဝင်းဇော်ထွန်း(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)၊ ကျော်လင်းနိုင်(သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန) တို့သည် မတ် ၁၁ ရက် မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သိရသည်။



ယင်းပြိုင်ပွဲတွင် နိုင်ငံပေါင်း ၂၀ မှ အားကစားသမား ၁၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

**နေပြည်တော် မတ် ၁၃**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။ (မိုး/ဇလ)

## မွေးနေ့မင်္ဂလာတောင်းဆုပန်လွှာ

ချစ်ဇနီး ဒေါ်သီတာကြိုင်၏ ၁၄-၃-၂၀၁၇ ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ပျော်ရွှင်ကျန်းမာ ပြည့်စုံခြင်းများဖြင့် ချစ်ခင်ပွန်း၊ ချစ်သား၊ ချစ်သမီးတို့နှင့်အတူ နောင်မွေးနေ့ပေါင်းများစွာကို ဆက်လက်ပိုင်ဆိုင်ဖြတ်သန်းနိုင်ပါစေ။

**ချစ်သောမိသားစု**
**ချစ်ခင်ပွန်း - ဒုတိယဗိုလ်မှူးကြီးဇော်လွင်ဦး(ငြိမ်း)**
**ချစ်သားကြီး - မောင်မင်းခန့်ဇော်**
**ချစ်သမီးငယ် - မခင်သီတာဇော်**

## CLAIMS Day NOTICE
## M.V MORNING MARGARETA VOY: NO (094)

Consignees of cargo carried by M.V MORNING MARGARETA VOY: NO (094) are here by notified that the vessel will arrive on about 16-3-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from(08:00) AM to (11:20) AM and (12;00) NOON to (04:00) PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day. မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ဖခင်အမည်မှန်

ချောက်မြို့နယ်၊ စလေ အထက ကျောင်းမှ ဆဋ္ဌမတန်းတွင် ပညာသင်ကြားနေသော မပပဝင်း၏ ဖခင်အမည်မှန်မှာ ဦးငွေး ၈/ခမန(နိုင်)၁၉၆၄၇၈ ဖြစ်ပါကြောင်း။

**ဦးငွေး**

## သွေးသည် အသက်

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/4650 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## CLAIMS DAY NOTICE
## M.V MORNING NINNI VOY:NO(21)

Consignees of car go Carried by M.V MORNING NINNI VOY:NO(21)are here by notified that the vessel will arrive on about 17-3-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from(08:00)AM to (11:20)AM and (12:00)NOON to (4:00)PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/1783 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွှာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AA/6951 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်နောက်ပိုင်း)**

## အမြန်ဆုံးဆက်သွယ်ပါ

မော်လမြိုင်မြို့နေ ဦးတင်ထွန်း၏သား မောင်ကျော်မင်းထွန်း ၁၀/မလမ(နိုင်)၁၈၉၅၉၆၏ တရားဝင်ဇနီးဖြစ်သူ ဦးစိုင်းလွန့်၏သမီး မနန်းစော(ခ)မစောဖြူဖြူ ၁၃/ပလတ(နိုင်)၀၁၃၁၀၄နှင့် လေးလခန့် အဆက်အသွယ်ပြတ်သွားသဖြင့် အမြန်ဆုံး ပြန်လည်ဆက်သွယ်ပေးပါရန်နှင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ လက်ခံထားသူများကို ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

'မိန်းမရေ ရောက်တဲ့နေရာက အမြန်ဆုံးဆက်သွယ်ပေးပါ။ ဒီမှာသမီးလေးနေမကောင်းလို့ အမေနဲ့တွေ့ချင်တယ်တဲ့'

**ဆက်သွယ်ရန်-ဖုန်း-၀၉-၇၇၇၂၆၉၂၆၆**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

အမှတ်(၁၁/ခ)၊ (၁၅)ရပ်ကွက်၊ မြင်သာတိုးချဲ့(၂)လမ်းနေ ဦးပို၏ သား ဦးခင်လတ်(ခ)ဦးခင်လှ ၁၂/ခရန(နိုင်)၀၆၇၇၆၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒဂုံတက္ကသိုလ် Math Second Year မှ မောင်ငြိမ်းချမ်းအောင်၏ ဖခင် ဦးခင်လတ်(ခ)ဦးခင်လှ ၁၂/ခရန(နိုင်)၀၆၇၇၆၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အထက(၄) အဋ္ဌမတန်းမှ မောင်ဇော်ခန့်အောင်၏ ဖခင်ဦးခင်လတ်(ခ)ဦးခင်လှ ၁၂/ခရန(နိုင်)၀၆၇၇၆၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/8170 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်နောက်ပိုင်း)**

## ပါနိုမြန်မာရဲမွန်ကုမ္ပဏီ၏အုပ်ချုပ်မှုဒါရိုက်တာဦးအောင်ကျော်ဆန်းနှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ် ၇နေ ကျွန်ုပ်၏အမှုသည် ဒေါ်အိမြတ်နိုး၏ ညွှန်ကြားချက်အရကြေညာအပ်ပါသည်။

လူကြီးမင်းဦးအောင်ကျော်ဆန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ် အဝေးပြေးယာဉ်ရပ်နားစခန်း၌ (၂)ထပ်ခွဲဆောင် လူနေဆိုင်ခန်းများကို သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် အကျိုးတူဆောက်လုပ်ခွင့်ရကြောင်း ကျွန်ုပ်အမှုသည်အား ယုံကြည်အောင်ပြောဆိုခဲ့ပါသည်။ လူနေဆိုင်ခန်း(၁)ခန်းလျှင် ငွေကျပ်သိန်းတရာ့ငါးဆယ်(၁၅၀၀၀၀၀၀)တိတိဖြင့် ရောင်းချရန် လူကြီးမင်းက ကျွန်ုပ်အမှုသည်ထံ ကမ်းလှမ်းခဲ့ပါသည်။ ကျွန်ုပ်အမှုသည်က လူကြီးမင်းထံမှ ဆိုင်ခန်းအမှတ် (1-A)၊ (2-A)ဆိုင်ခန်း (၂)ခန်းကို စာချုပ်ချုပ်ဆို၍ ၂-၂-၂၀၁၄ရက်က လူကြီးမင်း၏ လက်သို့ ငွေကျပ်သိန်းသုံးရာ (၃၀၀၀၀၀၀၀) တိတိကို သက်သေများ ရှေ့မှောက်၌ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ လူကြီးမင်းက ယင်းစာချုပ်ချုပ်ဆိုချိန်မှစ၍ တစ်နှစ်အတွင်း အထက်ပါဆိုင်ခန်း (၂)ခန်းစလုံးကို ကျွန်ုပ်အမှုသည်ထံ လက်ရောက်လွှဲပြောင်းပေးမည်ဟု ကတိပြုခဲ့ပါသည်။

သို့သော် ယနေ့အချိန်ထိ လူကြီးမင်းသည် ယင်းဆိုင်ခန်း (၂)ခန်းကို ကျွန်ုပ်အမှုသည်ထံသို့ လွှဲပြောင်းပေးအပ်ခြင်းမရှိခဲ့ပါ။ လူကြီးမင်းသည် ဆက်သွယ်၍မရအောင် တိမ်းရှောင်နေသည်ဟု သိရပါသည်။ ကျွန်ုပ်မှလူကြီးမင်းထံသို့ အကြောင်းကြားနို့တစ်စာလည်း ပေပို့ခဲ့ပြီးဖြစ်ပါသည်။ ယနေ့အချိန်ထိ လူကြီးမင်းမှဆက်သွယ်လာမှုမရှိသေးပါ။ သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်အမှုသည်နှင့် လာရောက်ဆက်သွယ်၍ ဆိုင်ခန်း(၂)ခန်းစလုံး လက်ရောက်ပေးအပ်ရန် အသိပေးအပ်ပါသည်။ ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်အိမြတ်နိုး**

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအေးမြင့်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၅၂)**
**တိုက်အမှတ်(၉/၁၁)၊ အခန်း ၄၊ လေးလွှာ၊ ၃၆လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ

# ကြေညာချက်

### ၂၀၁၇ ခုနှစ် မတ် ၁၃ ရက်

၁။ ၂၀၁၇ခုနှစ် ဧပြီ ၁ ရက်တွင် ဖွင့်လှစ်မည့် (၁)ကြိမ်မြောက် ကျပ်၅၀၀၀တန် အောင်ဘာလေထီလက်မှတ်စာအုပ်များကို အောက်ပါအတိုင်း ထုတ်ဝေထားပါသည်-

(က) အက္ခရာအရေအတွက် = ၅၂ လုံး
(ခ) ထီစာအုပ်ပေါင်း = ၄၂၅၄၅၃၆ အုပ်
(ဂ) ထီစောင်ရေပေါင်း = ၄၆၇၉၉၈၉၆ စောင်

၂။ (၁)ကြိမ်မြောက်အတွက် ကျပ် ၅၀၀၀တန် အောင်ဘာလေထီလက်မှတ်စာအုပ်များကို အောက်ပါအတိုင်း ရောင်းချပြီးဖြစ်ပါသည်-

(က) အက္ခရာအရေအတွက် = ၃၅ လုံးကျော်
(ခ) ထီစာအုပ်ပေါင်း = ၂၈၉၇၆၇၉ အုပ်
(ဂ) ထီစောင်ရေပေါင်း = ၃၁၈၇၄၄၆၉ စောင်

၃။ (၁)ကြိမ်မြောက်အတွက် ကျပ် ၅၀၀၀တန် အရန်ထီလက်မှတ်စာအုပ်များကို အောက်ပါအတိုင်း ရောင်းချရန် ကျန်ရှိနေပါသည်-

(က) အက္ခရာအရေအတွက် = ၁၆ လုံးကျော်
(ခ) ထီစာအုပ်ပေါင်း = ၁၃၅၆၈၅၇ အုပ်
(ဂ) ထီစောင်ရေပေါင်း = ၁၄၉၂၅၄၂၇ စောင်

၄။ ရောင်းချရန်ကျန်ရှိသည့် (၁)ကြိမ်မြောက် ကျပ် ၅၀၀၀တန် အရန်ထီလက်မှတ်စာအုပ်များကို အနည်းဆုံးအုပ်ရေ(၁၀၀)နှင့်အထက် ဝယ်ယူလိုပါက TF-1 ချလန်ဖြင့်ဘဏ်သို့ငွေသွင်းပြီး အောက်ပါအတိုင်းဝယ်ယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

(က) **ရောင်းချမည့်နေရာ** = အောင်ဘာလေသိန်းဆုဌာနခွဲ၊ အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်
(ခ) **ရောင်းချမည့်ကာလ** = ၃-၃-၂၀၁၇ရက်မှ ၂၄-၃-၂၀၁၇ရက်ထိ

**အောင်ဘာလေသိန်းဆုဌာနခွဲ**

# ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်း

**အများပြည်သူသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

*ယမန်နေ့မှအဆက်*

**အခန်း(၄)**

**ကျောက်မျက်ရတနာလုပ်ကွက်သတ်မှတ်ခြင်း**

၉။ ဝန်ကြီးဌာနသည် ကျောက်မျက် ရတနာထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုရန်အလို့ငှာ ရတနာနယ်မြေအတွင်း ကျောက်မျက်ရတနာတူးဖော်နိုင်သည့် နေရာများကို အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာလုပ်ကွက်များအဖြစ် သတ်မှတ်ရမည်။

**အခန်း(၅)**

**ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်**

၁၀။ ဝန်ကြီးဌာနသည် -

(က) အလတ်စား တူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာလုပ်ကွက်တစ်ခုချင်းအတွက် နေရာပေါ်မူတည်၍ သင့်လျော်သော အတည်ပြုချက်စျေးနှုန်းကို သတ်မှတ်ပေးရမည်။ အကယ်၍ လုပ်ကွက်တစ်ခုအတွက် ယှဉ်ပြိုင်အဆိုပြုလွှာ တင်သွင်းခြင်းများ ပေါ်ပေါက်လာပါက လိုအပ်သောရွေးချယ်မှု စည်းကမ်းချက်များ သတ်မှတ်ပေးရမည်။

(ခ) လုပ်ကွက်အတန်းအစားအလိုက် သတ်မှတ်ထားသော စျေးနှုန်းဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရန် အဆိုပြုလွှာ ခေါ်ယူရမည်။

၁၁။ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် ကုမ္ပဏီသည် သင်းဖွဲ့မှတ်တမ်းအရလည်းကောင်း၊ အသင်းသည် အသင်းစည်းကမ်းအရလည်းကောင်း ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရှိရမည်။ ထို့ပြင် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်လည်း ညီညွတ်ရမည်။

၁၂။ ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သော ကုမ္ပဏီ သို့မဟုတ် အသင်းသည် ဝန်ကြီးဌာနက အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာ လုပ်ကွက်များကို ဝင်ရောက်ယှဉ်ပြိုင်၍ အဆိုပြုလွှာတင်ခွင့်ရှိသည်။

၁၃။ ဝန်ကြီးဌာနသည် အလတ်စားတူးဖော်ထုတ်လုပ်ခြင်းအတွက် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်ညီညွတ်၍ ရွေးချယ်အတည်ပြုထားသော အဆိုပြုလွှာတင်သည့်ကုမ္ပဏီ သို့မဟုတ် အသင်းအား ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် ခွင့်ပြုမိန့်ထုတ်ပေးရမည်။

၁၄။ဝန်ကြီးဌာနသည် ခွင့်ပြုမိန့်ရရှိသူနှင့် အလတ်စား တူးဖော်ထုတ်လုပ်ခြင်းအတွက် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့်အညီ ထုတ်လုပ်မှုအပေါ် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာကုန်ကျစရိတ်များ အပါအဝင် ရာခိုင်နှုန်းဖြင့် ခွဲဝေခံစားသည့်စနစ် သို့မဟုတ် အကျိုးအမြတ်အပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် လုပ်ကိုင်ရမည်။

၁၅။ ဝန်ကြီးဌာနသည်-

(က) အလတ်စား တူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုသည့် ကျောက်မျက်ရတနာလုပ်ကွက်များ၏ ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုကြောင်း လျှောက်ထားလာပါက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုကို စိစစ်သုံးသပ်ပြီး လုပ်ကိုင်ခွင့်သက်တမ်းကို တိုးမြှင့်ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ခွင့်ပြုသော အလတ်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ကျောက်မျက်ရတနာလုပ်ကွက်တစ်ခုချင်းအတွက် လိုအပ်ပါက စျေးနှုန်းပြန်လည်သတ်မှတ်ပြီး ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း ဆက်လက်လုပ်ကိုင်ရန် ၃ နှစ်ထက် မပိုစေဘဲသက်တမ်းတိုးမြှင့် ခွင့်ပြုမိန့်ထုတ်ပေးရမည်။

၁၆။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့များကို ဖွဲ့စည်းပေးနိုင်သည်။

၁၇။ (က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သည် ရတနာနယ်မြေ သို့မဟုတ် ရတနာနယ်မြေပြင်ပဧရိယာအတွင်း အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ခွင့်ပြုမည့် နေရာဒေသများကို ဝန်ကြီးဌာန၏ သဘောထားရယူပြီး လုပ်ကွက်ချထားပေးနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ သတ်မှတ်ထားသည့် နေရာဒေသအတွင်းရှိမြေတွင် အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် ခွင့်ပြုမိန့်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သို့ လျှောက်ထားရမည်။

၁၈။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည်-

(က) အသေးစားတူးဖော် ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုမိန့်ထုတ်ပေးရန် ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ခ)အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် အညီစိစစ်၍ အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့် သက်တမ်းနှင့် အတည်ပြုစျေးနှုန်းကို သတ်မှတ်ရမည်။ အကယ်၍ လုပ်ကွက်တစ်ခုအတွက် ယှဉ်ပြိုင်အဆိုပြုလွှာ တင်သွင်းခြင်းများ ပေါ်ပေါက်လာပါက လိုအပ်သောရွေးချယ်မှု စည်းကမ်းချက်များ သတ်မှတ်ပေးရမည်။

(ခ) သတ်မှတ်ထားသောစျေးနှုန်းကို လျှောက်ထားသူက သတ်မှတ်ကာလအတွင်း ပေးသွင်းလျှင် ခွင့်ပြုမိန့်ထုတ်ပေးရမည်။

(ဂ) ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံး၍ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ခွင့်ပြုသည့်အခါ အသေးစားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ၂ နှစ်ထက်မပိုသော လုပ်ကိုင်ခွင့်သက်တမ်းနှင့် စျေးနှုန်းတို့ကို ပြန်လည်သတ်မှတ်ရမည်။

(ဃ) လက်ရှိ လုပ်ငန်းလုပ်ကိုင်နေသူသည် သတ်မှတ်ထားသော စျေးနှုန်းကို သတ်မှတ်ကာလအတွင်း ပေးသွင်းလျှင် ခွင့်ပြုမိန့်ထုတ်ပေးရမည်။

၁၉။ ဝန်ကြီးဌာနသည်ခွင့်ပြုမိန့်ရရှိသူက ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရာတွင် အများသုံးမြေစာပစ်ရန်နေရာကို ရတနာနယ်မြေအတွင်း သတ်မှတ်ပေးရမည်။

၂၀။ (က) ခွင့်ပြုမိန့်ရရှိသူသည် ရတနာနယ်မြေတွင် မြေအသုံးပြုခွင့်ပြုမိန့်ရရှိရန်ဝန်ကြီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

(ခ) ဝန်ကြီးဌာနသည် -

(၁) ပုဒ်မခွဲ (က)အရ လျှောက်ထားချက်ကို စိစစ်ပြီးစည်းကမ်းချက်များသတ်မှတ်၍ မြေအသုံးပြု ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်။

(၂) ပုဒ်မခွဲငယ်(၁)အရ မြေအသုံးပြုခွင့်ပြုမိန့် ထုတ်ပေးသည့်အခါ ခွင့်ပြုမိန့်ရရှိသော လုပ်ကွက်ပြင်ပရှိ လုပ်ငန်းသုံးနေရာတစ်ခုခုအတွက် မြေအသုံးပြုခွင့်ပြုမိန့် သက်တမ်းနှင့် မြေငှားရမ်းခတို့ကို သတ်မှတ်ရမည်။

(၃) ပုဒ်မခွဲငယ်(၂)အရ သတ်မှတ်ပေးသည့် မြေအသုံးပြု ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးပါက သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

**အခန်း(၆)**

**ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်နှင့် အခွင့်အရေးများ**

၂၁။ ခွင့်ပြုမိန့်ရရှိသူသည် -

(က) ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာအရိုင်းများကို သက်ဆိုင်ရာ တန်ဖိုးဖြတ်အဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ ပြသ၍ မှတ်ပုံတင်ရမည်။

(ဃ) ဤဥပဒေနှင့် အညီ ရတနာခွန်ပေးဆောင်ရမည်။

(င) ရရှိထားသောခွင့်ပြုမိန့်ကို တစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်စေခြင်းမပြုရ။

(စ) လုပ်ကိုင်ခွင့်ရရှိသည့် လုပ်ကွက်တစ်ခုချင်းအလိုက် ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်မှု၊ ရတနာခွန်ပေးဆောင်မှု၊ ရောင်းချမှုနှင့် ကျန်ရှိမှုကို ခွင့်ပြုမိန့်ထုတ်ပေးသည့် ဌာန သို့မဟုတ် အဖွဲ့အစည်းသို့ ၆ လတစ်ကြိမ် မပျက်မကွက် တင်ပြရမည်။

(ဆ) အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ထမ်းများ၊ အလုပ်သမားများ ခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်း၊ အသက်၊ လုပ်ခ၊ လစာနှင့် အခြားအခကြေးငွေများ သတ်မှတ်ခြင်း၊

(၂) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ မြေပေါ်မြေအောက်၌ အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း၊

(၃) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရန်စီမံဆောင်ရွက်ခြင်း၊

(၄) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းမှ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များရေးဆွဲအကောင်အထည်ဖော်ခြင်း၊

(၅) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(၆) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်း၌ ဖြစ်ပွားသည့် မတော်တဆဖြစ်ပွားမှုများနှင့် ယင်းမတော်တဆ ဖြစ်ပွားမှုကြောင့် လူ့အသက်ဆုံးရှုံးခြင်းနှင့် ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရမှုများကို သတင်းပို့အစီရင်ခံခြင်း၊

(၇) စစ်ဆေးရေး အရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကို ခံယူခြင်း။

၂၂။ ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မှတ်ပုံတင်၍ ရတနာခွန်ထမ်းဆောင်ပြီးဖြစ်လျှင် တည်ဆဲဥပဒေများနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်အညီ -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းထားသော ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို လိုက်နာ၍ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့် ရုပ်တုရုပ်ထွင်း ပြုလုပ်ခြင်းတို့ကို ပြုလုပ်၍ အချောထည်ပြုလုပ်ခွင့်နှင့် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းများ ပြုလုပ်ခွင့်ရှိသည်။

(ခ) ယင်းကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်းနှင့် အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့် ရုပ်တုရုပ်ထွင်းတို့ ပြုလုပ်ပြီးသော ကျောက်မျက်ရတနာအချောထည်ကို လက်ဝတ်ရတနာနှင့် ကျောက်မျက်ရတနာဖြင့်ပြုလုပ်သော ပစ္စည်းများ ပြုလုပ်ခွင့်ရှိသည်။

(ဂ) ယင်းကျောက်မျက်ရတနာအရိုင်းကို လည်းကောင်း၊ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့် ရုပ်တုရုပ်ထွင်းတို့ပြုလုပ်ပြီးသော ကျောက်မျက်ရတနာ အချောထည်ကိုလည်းကောင်း၊ လက်ဝတ်ရတနာကိုလည်းကောင်း၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကိုလည်းကောင်း -

(၁) ပြည်တွင်း၌ လွတ်လပ်စွာ သယ်ယူခွင့်ရှိသည်။

(၂) ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်ဖြစ်စေ ၊ နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ လွတ်လပ်စွာ ရောင်းချခွင့်ရှိသည်။

(၃) ဝန်ကြီးဌာနက ခွင့်ပြုသည့် နယ်စပ်မြို့များတွင် ကုန်သွယ်ရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အသင်းချုပ်နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတို့၏ ကြီးကြပ်မှုဖြင့် ကျောက်မျက်ရတနာပြပွဲများပြုလုပ်၍ ရောင်းချခွင့်ရှိသည်။

(၄) ပြည်ပသို့ နိုင်ငံခြားသုံးငွေဖြင့် တင်ပို့ရောင်းချခွင့်ရှိသည်။

(၅) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ကျင်းပသော ကျောက်မျက်ရတနာပြပွဲများတွင်လည်းကောင်း၊ ပုဂ္ဂလိကများက အခါအားလျော်စွာ ကျင်းပပြုလုပ်သော ပြည်တွင်းကျောက်မျက်ရတနာပြပွဲများတွင် လည်းကောင်း၊ တရားဝင်ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာစျေးနှင့် လိုင်စင်အရ ခွင့်ပြုသည့်ဆိုင်ခန်းနေရာများတွင်လည်းကောင်း ရောင်းချခွင့်ရှိသည်။

(၆) ပြည်ပမှ ရတနာကုန်သည်များကို မိမိအစီအစဉ်ဖြင့် ဖိတ်ခေါ်၍ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ရောင်းချခွင့်ရှိသည်။

(၇) ပြည်ပကျောက်မျက်ရတနာပြပွဲများတွင် သွားရောက်ရောင်းချခွင့်ရှိသည်။

၂၃။ ခွင့်ပြုမိန့်ရရှိသူသည် တန်ဖိုးဖြတ်အဖွဲ့ကသတ်မှတ်သည့် ကျောက်မျက်ရတနာတန်ဖိုးကို မကျေနပ်ပါက ပြင်ဆင်သတ်မှတ်ပေးရန် တန်ဖိုးသတ်မှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုကော်မတီသို့ တင်ပြခွင့်ရှိသည်။

၂၄။ ခွင့်ပြုမိန့်ရရှိသူသည် ကျောက်မျက်ရတနာအချောထည် သို့မဟုတ် လက်ဝတ်ရတနာပြုလုပ်ရောင်းချရာ၌ အသုံးပြုရန် အမှန်တကယ်လိုအပ်သော ကုန်ကြမ်းပစ္စည်းနှင့် ထုတ်လုပ်မှုနှင့်ဆိုင်သော စက်ပစ္စည်းကိရိယာများကို အကောက်ခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ဖြင့် တင်သွင်းခွင့်ပြုရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လျှောက်ထားခွင့်ရှိသည်။

**အခန်း(၇)**

**ကျောက်မျက်ရတနာအရိုင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်**

၂၅။ မည်သူမဆို အောက်ပါ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုပါက လိုင်စင်ရရှိရန် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့်အညီ ဝန်ကြီးဌာနသို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ လျှောက်ထားရမည် -

(က) ကျောက်မျက်ရတနာ အရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကို ဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကိုဖြစ်စေ ရောင်းချခြင်းလုပ်ငန်း၊

(ခ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ကျောက်မျက်ရတနာ အချောထည်ပြုလုပ်ခြင်း သို့မဟုတ် လက်ဝတ်ရတနာပြုလုပ်ခြင်းလုပ်ငန်း၊

(ဂ) ကျောက်မျက်ရတနာ အရိုင်းကို ကျောက်မျက်ရတနာ အချောထည်ပြုလုပ်ခြင်းလုပ်ငန်း။

၂၆။ ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် -

(က) ပုဒ်မ ၂၅ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လိုင်စင်ထုတ်ပေးရန် ခွင့်ပြု၍ လိုင်စင်ထုတ်ပေးပါက လိုင်စင်သက်တမ်း၊ လိုင်စင်ခနှင့် စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်။

*ဆက်လက်ဖော်ပြပါမည်*

# ပြည်တော်ပြန် သဲပုံကျင်း၊ ချီးမြှင့်သာသနာနုဂ္ဂဟ

ဦးကျော်ဇော (လှသိပ္ပံ၊ ရွှေဘို)

တပေါင်းလကို ရှေးပညာရှိကြီးများက ထန်းပေါင်းလဟူ၍လည်း ခေါ်ဆိုခဲ့ကြပါသေးသည်။ ထန်းဖိုပင်များမှ ထန်းဦးရည်နှင့် ထန်းမပင်များမှ ထန်းရေများကိုပေါင်းစုပြီး ထန်းလျက်ကျိုချက်ရသော အခါသမယ ဖြစ်သဖြင့် ထန်းပေါင်းလဟု ခေါ်ဆိုခဲ့ကြခြင်းဖြစ်ပါသည်။ ထိုမှတစ်ဆင့် ရှည်ကြာကာလ ကြာညောင်းလာသောအခါ တပေါင်းလဟုခေါ်ဆိုခဲ့ခြင်း ဖြစ်ပါသည်။

ထိုထိုသောအခါသမယတွင် လွမ်းမောဖွယ်ရာ မှတ်မှတ်ရရ အတိတ်ကာလကို ပြန်လည်ဆင်ခြင်မိပါတော့သည်။ လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင့်ငါးရာကျော် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဗုဒ္ဓမြတ်စွာ သဗ္ဗညုတဉာဏ်တော်ရရှိပြီး ဘုရားစင်စစ်အမှန်ဖြစ်၍ ၁၀ လအကြာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်တွင် သီတင်းသုံးတော်မူ နေထိုင်စဉ် မဂဓတိုင်းသားများနှင့် အင်္ဂတိုင်းသား တစ်သောင်းကျော်တို့အား တရားရေအေးအမြိုက်ဆေးတိုက်ကျွေးပြီး ကျွတ်တန်းဝင်စေခဲ့ပါသည်။ ထိုသတင်းကို မြတ်စွာဘုရားရှင်၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ကြားသိရတဲ့အခါတွင် ကပိလဝတ်ပြည်ကို ပြန်လည်ကြွချီတော်မူရန်အတွက် အမတ်တစ်ယောက်လျှင် အခြံအရံတစ်ထောင်ခြံရံစေပြီး ပင့်ဖိတ်စေခဲ့ပါသည်။ ရောက်လာသမျှသော အမတ်များနှင့် အခြံအရံများသည် ဘုရားရှင်ရှေ့မှောက်တွင် တရားတော်များကို နာကြားကြရ၍ ဧဟိဘိက္ခု ရဟန်းများ ဖြစ်သွားကြပြီး တရား၌မွေ့လျော်နေကြသည့် အတွက်ကြောင့် ကပိလဝတ်ပြည်သို့မပြန်နိုင်ဘဲ ဖြစ်ခဲ့ကြပါသည်။

နောက်ဆုံးဆယ်ယောက်မြောက်အမတ်ဖြစ်သော ဗုဒ္ဓမြတ်စွာ၏ ဖွားဖက်တော် ကာဠုဒါယီအမတ်နှင့် အခြံအရံတစ်ထောင်ကို စေလွှတ်ခဲ့သည်။ ကာဠုဒါယီအမတ်လည်း မြတ်စွာဘုရား၏ တရားတော်ကို ဖူးတွေ့နာကြားရပြီး ဧဟိဘိက္ခုရဟန်း ဖြစ်သွားပါသည်။

သို့သော် ရဟန်းကာဠုဒါယီသည် တပေါင်းလ၏ သာယာပုံများ၊ လမ်းခရီးတွင်လည်း ရွှံ့ ညွှန်ဗွက်ထမရှိရဘဲ ကြည်နူးဖွယ်အစုံစုံတို့ကို ထွင်၍ခေါင်မြတ်စွာအား ဂါထာပေါင်း ခြောက်ဆယ့်လေး ဂါထာဖြင့် သီကုံးလျှောက်ထား ပင့်ဖိတ်ခဲ့သည့်နေ့မှာ တပေါင်းလပြည့်နေ့ပဲ ဖြစ်ပါတယ်။

ကာဠုဒါယီအမတ်၏ လျှောက်ထားချက်အရ မြတ်ဗုဒ္ဓဟာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်နေ့ကစပြီး ရာဇဂြိုဟ်ပြည်မှ ယူဇနာ ၆၀ ကွာသော ကပိလဝတ်ပြည်သို့ တစ်ရက်လျှင် တစ်ယူဇနာကျခရီးဖြင့် ဒေသစာရီ ကြွချီတော်မူခဲ့သည်။ ထို့ကြောင့်ပင် တပေါင်းလပြည့်နေ့ကို မြတ်ဗုဒ္ဓပြည်တော်ဝင် အခါသမယနေ့ဟု ခေါ်ဆိုခဲ့ကြခြင်း ဖြစ်သည်။

တပေါင်းလရာသီတွင် စီးဆင်းနေကြသည့် မြစ်ရေလျှင် အသီးသီးဟာလည်း မိုးမကူလေမဖက် ရေကျချိန်ရေသင်ဖြူးခင်းချိန်ဖြစ်သည့်အားလျော်စွာ မြစ်ပြင်တိုင်းတွင်လည်း သဲသောင်များ ထွန်းလေ့ရှိသည်။

ပေါ်ထွန်းလာသည့် သဲသောင်ပြင်များတွင် ရှေးအခါသမယက စတင်ကာမင်းနှင့် တကွသော မှူးမတ်၊ ပြည်သူများသည် သဲပုံစေတီများပြုလုပ်ပြီး ဗုဒ္ဓကိုရည်မှန်းပူဇော်ကြလေ့ရှိသည်။ "မည်မျှပင် သေးငယ်စေကာမူ မိမိ၏သဒ္ဓါ၊ စေတနာထက်သန်စွာဖြင့် လှူဒါန်းပူဇော်မှုသည် အကျိုးအချည်းနှီးမဖြစ်ကုသိုလ်ထူးသည်သာဖြစ်သည်ဟု မြတ်ဗုဒ္ဓက ဟောကြားပြီး ခွင့်ပြုခဲ့ပါသည်"။ ထို့ကြောင့် တပေါင်းပွဲတော်ဟူသည်မှာ မြတ်ဗုဒ္ဓအားရည်မှန်း၍ သဲပုံစေတီများ ပြုလုပ်ကာပူဇော်သည့် ပူဇော်ပွဲနေ့ဟူ၍လည်း ခေါ်ဆိုခဲ့ကြခြင်း ဖြစ်သည်။

မြတ်ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ တစ်ရက်လျှင် တစ်ယူဇနာခရီးဖြင့် ဒေသစာရီကြွချီခဲ့ရာ နှစ်လအကြာ ကဆုန်လပြည့်နေ့တွင် သံဃာတော်ပေါင်းနှစ်သောင်းခြံရံလျက်ကပိလဝတ်ပြည်သို့ ရောက်တော်မူခဲ့သည်။ ရောက်ရှိသည့်အခါတွင် ခမည်းတော်သုဒ္ဓေါဒနမင်းကြီး အမှူးပြုသည့် ဆွေတော်မျိုးတော်များနှင့် ပြည်သူများအား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပါသည်။

ထို့ကြောင့်ဖြစ်သည့် အားလျော်စွာ ဗုဒ္ဓဘုရားရှင် လက်ထက်တော်မှအစပြုပြီး ရှေးရှေးအစိုးရတော် မူခဲ့ကြသော မင်းကောင်းမင်းမြတ် အဆက်ဆက်တို့ဟာ ဗုဒ္ဓသာသနာတော်မြတ်ကြီးကို ဓမ္မာနုဂ္ဂဟ၊ အာမိသာနုဂ္ဂဟတို့ဖြင့် ချီးမြှောက်တော်မူခဲ့ကြသော၊ ချီးမြှောက်ဆဲဖြစ်ကြသော ရဟန္တာ၊ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသက၊ ဥပါသိကာတို့အား သာသနာနုဂ္ဂဟဟုခေါ်ဆိုသော သက်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း ပူဇော်ချီးမြှင့်လာခဲ့သည်မှာ ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိခဲ့စဉ် အချိန်ကစပြီး ယနေ့ထိတိုင်အောင်ပင် ဖြစ်သည်။ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်များကို အစဉ်အလာအားဖြင့် တပေါင်းလပြည့်နေ့၌ပင် ပူဇော်ဆက်ကပ်ချီးမြှင့်ကြရိုး ထုံးစံဖြစ်သည်။

ဗုဒ္ဓမြတ်စွာဘုရားရှင် ကိုယ်တော်တိုင်သည်လည်း သာသနာတော်အဓွန့်ရှည်ရေးကိုရည်ရွယ်ပြီး ဘွဲ့ထူးဂုဏ်ထူးများကို ချီးမြှင့်တော်မူခဲ့သည်။ ရဟန်းတော်များ၊ ဘိက္ခု၊ ဘိက္ခုနီ၊ ဒါယကာ၊ ဒါယိကာမတို့အား သာသနာတော်အတွက် အများတကာထက် ထူးကဲသာလွန်စွာ စွမ်းဆောင်နိုင်မှုဂုဏ်ရည်ကို အကြောင်းပြုပြီး ဧတဒဂ်ဘွဲ့တံဆိပ်တော်များ ချီးမြှင့်တော်မူခဲ့ပါသည်။

အောက်ဖော်ပြပါ ဘွဲ့တံဆိပ်တော်များဟာ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ချီးမြှင့်အပ်နှင်းခဲ့သော ဘွဲ့တံဆိပ်တော်များဖြစ်ကြောင်း သိရှိရပါသည်။

ပညာအရာတွင် သာလွန်ထူးချွန်သော လက်ယာတော်ရံ အဂ္ဂသာဝက အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးအား ပညာဝန္တတေဒဂ်ဘွဲ့၊ တန်ခိုးအရာတွင် သာလွန်ထူးချွန်သော လက်ဝဲတော်ရံ အဂ္ဂသာဝက အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီးအား ဣဒ္ဓိမန္တတေဒဂ်ဘွဲ့၊ တရားဟောရာတွင် သာလွန်ထူးချွန်သော အရှင်မ ဓမ္မဒိန္နာအား ဓမ္မကထိကတေဒဂ်ဘွဲ့၊ ဝိနည်းတော်အရာ၌ သာလွန်ထူးချွန်သော အရှင်မပဋာစာရီထေရီအား ဝိနယဓရ တေဒဂ်ဘွဲ့၊ လှူဒါန်းပြုရာတွင် သာလွန်ထူးချွန်သော အနာထပိဏ်သူဌေးကြီးအား ဒါယကာတေဒဂ်ဘွဲ့၊ ဂိလာနလူနာများအား ပြုစုလုပ်ကျွေးရာ၌ သာလွန်ထူးချွန်သော သုပ္ပိယာ အမျိုးသမီးအား ဂိလာနုပဋ္ဌာကီ တေဒဂ်ဘွဲ့ စသည်တို့ကို အရာဌာနအားလျော်စွာ ချီးမြှင့်တော်မူခဲ့ရာ ဘုရားရှင်လက်ထက်တော်၌ပင် ရဟန္တာမထေရ် ၄၁ ပါး၊ ရဟန္တာထေရီ ၁၃ ပါး၊ အမျိုးသား (ဥပါသက) ၁၀ ဦး၊ အမျိုးသမီး (ဥပါသိကာ) ၁၀ ဦးတို့ကို တေဒဂ်ဘွဲ့ထူးများ ချီးမြှင့်ခဲ့ကြောင်း မှတ်သားခဲ့ရပါသည်။

သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာနိုင်ငံ)တွင်လည်း သာသနာပြု အစိုးရတော်မူကြသော မင်းကောင်းမင်းမြတ်များသည် စာပေပရိယတ္တိတတ်မြောက်ကျွမ်းကျင်တော်မူ ကြသောဆရာတော်သံဃာတော်ကြီးများအား "သံဃရာဇာဘွဲ့ထူး၊ သံဃဂုရုဘွဲ့ထူး၊ မဟာသာမိကဝိစက္ကဝတ္တိ ဘွဲ့ထူး" စသည့်ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။ ထိုနည်းအတူ မြန်မာနိုင်ငံတော်သို့ ထေရဝါဒ ဗုဒ္ဓသာသနာတော် ရောက်ရှိပြန့်ပွားသည့် အချိန်မှအစပြုပြီး ပုဂံခေတ် သာသနာပြုမင်းမြတ်များသည် "အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မ ဝိလာသ၊ ဒိသာပါမောက္ခ" စသော ဘွဲ့တံဆိပ်တော်များကို လည်းကောင်း ၊ ပင်းယခေတ်တွင်လည်း သာသနာပြုမင်းမြတ်များဟာ "သီရိမဟာစတုရင်္ဂဗလဘွဲ့၊ သုဓမ္မမဟာသာမိ" စသော ဘွဲ့တံဆိပ်တော်များကို လည်းကောင်း၊ အင်းဝခေတ်နှင့် ကုန်းဘောင်ခေတ် သာသနာပြုမင်းများသည်လည်း "ရာဇဂုရု၊ မဟာဓမ္မရာဇာဓိရာဇဂုရု၊ ဓမ္မသေနာပတိ၊ ပထမစာတော်ချ၊ ဒုတိယစာတော်ချ၊ တတိယစာတော်ချ" စသော ဘွဲ့တံဆိပ်တော်များကို လည်းကောင်း၊ လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်များတွင်လည်း ရှေးအစဉ်အလာအတိုင်း ဆက်ကပ်ခဲ့ သည့် "အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ" စသည့် ဘွဲ့တံဆိပ်တော်များကိုလည်းကောင်း ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

ဤနေရာတွင် သတိပြုဆင်ခြင်အပ်သည်မှာ သာသနာတော်အား သူတော်ကောင်း မင်းကောင်းမင်းမြတ်များ ချီးမြှင့်ပါလျှင်သာသနာတော်သည် နေလပမာတောက်ပပြီး မင်းကောင်းမင်းမြတ်များ မချီးမြှင့်ခဲ့ပါလျှင် သာသနာ့အရောင် မှေးမှိန်နိုင်ကြောင်း သတိပြုရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ ပုဂံသို့ ထေရဝါဒ ဗုဒ္ဓသာသနာ စတင်ရောက်ရှိချိန်မှအစပြုပြီး ဗုဒ္ဓဘာသာဝင် ရှေးမင်းကောင်းမင်းမြတ်များသည် "သာသနာနုဂ္ဂဟ" ဆိုသည့် ဘာသာသာသနာဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို စဉ်ဆက်မပြတ် ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြသည် အမှန်ပင်ဖြစ်သော်လည်း မြန်မာနိုင်ငံသည် ဘာသာမတူ၊ လူမျိုးခြားတို့ လက်အောက်ကျွန်ဘဝသို့ရောက်သည့် အချိန်များတွင် သာသနာအရောင် မှေးမှိန်ခဲ့ရပေသည်။

သို့သော်လည်း မြန်မာနိုင်ငံတော်သည် ၁၉၄၈ ခု ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးရပြီးသည့် အချိန်မှအစပြု၍ ရှေးရိုးစဉ်လာမပျက် "သာသနာနုဂ္ဂဟ" ဘွဲ့တံဆိပ်တော်များ ဆက်လက် ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့သည်မှာ ယနေ့တိုင်ပင် ဖြစ်ပါတော့သည်။

နိုင်ငံတော်အစိုးရမင်းများသည် "သာသနာနုဂ္ဂဟ" ဘွဲ့တံဆိပ်တော်များနှင့်အတူ လူမှုထူးချွန်မှုဆိုင်ရာ တံဆိပ်များကိုလည်း နှစ်စဉ်ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့၌ ထုတ်ပြန်ကြေညာပြီး မြန်မာသက္ကရာဇ်၏နောက်ဆုံးလဖြစ်သည့် တပေါင်းလပြည့်နေ့တွင် ဘွဲ့တံဆိပ်တော်များနှင့် လူမှုထူးချွန်မှုဆိုင်ရာ တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းပူဇော်ချီးမြှင့်လေ့ရှိသည်။ ထို့ကြောင့်ပင် တပေါင်းလပြည့်နေ့သည် မြတ်ဗုဒ္ဓကို အကြောင်းပြုပြီး "မြတ်ဗုဒ္ဓပြည်တော်ပြန် အခါသမယနေ့၊ တပေါင်းပွဲတော်နေ့ (သဲပုံစေတီပွဲတော်နေ့)၊ သာသနာနုဂ္ဂဟနေ့" ဆိုပြီး ခေါ်ဆိုခဲ့ကြခြင်း ဖြစ်ပါသည်။

**မြတ်ဗုဒ္ဓ၏ သာသနာတော်ကို အဓွန့်ရှည်ကြာ ထွန်းလင်းနိုင်စေခြင်းငှာ "ဂန္ထဓူရနှင့် ဝိပဿနာဓူရ" ဆောင်ဆရာတော်ကြီးများ အမှူးပြုသည့် ရဟန်းသာမဏေ၊ သီလရှင်ဆရာကြီးများ၊ ဥပါသက၊ ဥပါသိကာများသည် ဓမ္မာနုဂ္ဂဟဆိုသည့် မြတ်ဗုဒ္ဓဟောကြားခဲ့သော တရားတော်များ၊ (ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ)များကို လေ့လာဆည်းပူး၊ ကျက်မှတ်ဖြန့်ဝေဟောပြောပို့ချသင်ကြား ကျင့်သုံးသည့်နည်းဖြင့် ဗုဒ္ဓသာသနာတော်ကြီးကို ချီးမြှင့်တော်မူကြ**

မြတ်ဗုဒ္ဓ၏ သာသနာတော်ကို အဓွန့်ရှည်ကြာ ထွန်းလင်းနိုင်စေခြင်းငှာ "ဂန္ထဓူရနှင့် ဝိပဿနာဓူရ" ဆောင် ဆရာတော်ကြီးများအမှူးပြုသည့် ရဟန်းသာမဏေ၊ သီလရှင်ဆရာကြီးများ၊ ဥပါသက၊ ဥပါသိကာများသည် ဓမ္မာနုဂ္ဂဟဆိုသည့် မြတ်ဗုဒ္ဓဟောကြားခဲ့သော တရားတော်များ၊ (ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ)များကို လေ့လာဆည်းပူး၊ ကျက်မှတ်ဖြန့်ဝေ ဟောပြောပို့ချသင်ကြား ကျင့်သုံးသည့်နည်းဖြင့် ဗုဒ္ဓသာသနာတော်ကြီးကို ချီးမြှင့်တော်မူကြပါသည်။ အကယ်၍သာ ပရိယတ္တိသာသနာတည်းဟူသော ဗုဒ္ဓဟောကြားတော်မူခဲ့သည့် ပါဠိဘာသာဖြင့် ရေးသားထားအပ်သည့် ပိဋကတ်သုံးပုံတို့ကို ဘာသာပြန်လက်ဆင့်ကမ်း သင်ကြား ပေးနိုင်သည့် ပုဂ္ဂိုလ် ဆရာများမရှိတော့ပါက မြတ်ဗုဒ္ဓ၏သာသနာတော်သည် အချိန်မရွေးကွယ်ပျောက်သွားနိုင်ကြောင်း အထူးသတိပြုဆင်ခြင်အပ်ပါသည်။

ဥပါသက ဥပါသိကာများ၊ ပုထုဇဉ်လူပုဂ္ဂိုလ်အများတို့မှာလည်း မြတ်ဗုဒ္ဓသာသနာတော်ကြီးကို ဓမ္မနုဂ္ဂဟ ဖြင့် ချီးမြှောက်တော်မူကြသည့် ဆရာတော်ကြီးများ၊ ရဟန်း၊ သာမဏေ၊ သီလရှင် ဆရာလေး ဆရာကြီးများအား အာမိသာနုဂ္ဂဟဆိုသည့် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး တည်းဟူသော ပစ္စည်းလေးပါးတို့ဖြင့် စွမ်းစွမ်းတမံလှူဒါန်း ထောက်ပံ့ခြင်းဖြင့် ဗုဒ္ဓသာသနာတော်ကြီးကို ချီးမြှင့်တော်မူကြပါသည်။

ထိုသို့ ဗုဒ္ဓသာသနာတော်ကြီးကို ဓမ္မနုဂ္ဂဟ၊ အာမိသာနုဂ္ဂဟဖြင့် ချီးမြှင့်ထောက်ပံ့လှူဒါန်းကြသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များအား "သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့အား ချီးမြှောက်ကော်ရော်ပူဇော်သိမှတ်ဂုဏ်ပြုအပ်၏" ဆိုသည့် မြတ်ဗုဒ္ဓ၏ ဒေသနာတော်နှင့်အညီ ရှေးအစိုးရ မင်းကောင်းမင်းမြတ်များမှ အစပြုကာ ယနေ့တိုင် သာသနာနုဂ္ဂဟဆိုသည့် သက်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်ပူဇော်လာခဲ့ခြင်း ဖြစ်ပါသည်။

သာသနာတော်ကို ချီးမြှောက်တော်မူကြသော အစိုးရမင်း ကောင်းမင်းမြတ်များ၏ သာသနာတော်အပေါ် ကြည်ညိုလေးစားမှု အတိုင်းအတာအရ ဘွဲ့တံဆိပ်တော်များသည်လည်း တိုးတက်လာလေ့ရှိပါသည်။ ရှေးယခင်က မြန်မာနိုင်ငံတော်တွင် ဘာသာရေး၊ သာသနာရေးနှင့် ပတ်သက်သော သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်နှစ်မျိုးသာရှိခဲ့ရာမှ ယနေ့ခေတ်တွင် အမျိုးပေါင်း ၂၀ ထပ်မံတိုးချဲ့၍ ဆက်ကပ်လှူဒါန်း ပူဇော်လာခြင်းမှာ ဗုဒ္ဓသာသနာတော်အတွက် ကောင်းမြတ်သော အလင်းတန်ဆောင် ထပ်ဆင့်ထွန်းညှိလိုက်ခြင်းပင် ဖြစ်ပါသည်။ နှောင်းလူများအနေဖြင့် ဤအမွေကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ဗုဒ္ဓသာသနာတော်ကြီးမှာ ဆတက်ထမ်းပိုး တိုးပွားစည်ပင်လာမည်ပင် ဖြစ်ပါတော့သည်။

ယနေ့ခေတ် တိုးချဲ့လာသော သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်များနှင့် ယခင်ရှိရင်းစွဲ ဘွဲ့တံဆိပ်တော် များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ (စာရှည်မည်စိုးပါသဖြင့် ဘွဲ့တံဆိပ်တော်များ၏ တစ်ခုချင်းအနက် အဓိပ္ပာယ်ကို မဖော်ပြတော့ပေ။ နီးစပ်ရာဆရာတော်ကြီးများထံတွင် မေးမြန်းလျှောက်ထားကြရန်ဖြစ်ပါသည်။)

၁။ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် (ယခင်)
၂။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့တံဆိပ် တော်
၃။ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် (ယခင်)
၄။ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်
၅။ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်
၆။ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်
၇။ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်
၈။ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်
၉။ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်
၁၀။ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်
၁၁။ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်
၁၂။ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်
၁၃။ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်
၁၄။ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်
၁၅။ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်တော်
၁၆။ အဂ္ဂမဟာ သီရိသုဓမ္မ သိင်္ဂီ ဘွဲ့တံဆိပ်တော်
၁၇။ သီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်တော်
၁၈။ သီရိသုဓမ္မ သိင်္ဂီ ဘွဲ့တံဆိပ်တော်
၁၉။ သီဟသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်တော်
၂၀။ သီဟသုဓမ္မ သိင်္ဂီ ဘွဲ့တံဆိပ်တော်
၂၁။ သုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်တော်
၂၂။ သုဓမ္မ သိင်္ဂီ ဘွဲ့တံဆိပ်တော် တို့ဖြစ်ပါသည်။

တိုးချဲ့ဘွဲ့တံဆိပ်တော်များကို ၁၉၉၂ ခုနှစ်၌ စတင်ပြဋ္ဌာန်းဆက်ကပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး လက်ဆင့်ကမ်း တာဝန်ထမ်းဆောင်နေကြသော နိုင်ငံတော်အစိုးရမင်းများသည်လည်း အစဉ်အလာမပျက် ဆက်လက် ဆက်ကပ်လှူဒါန်းသွားကြဦးမည်သာဖြစ်သည်။

နိဂုံးမချုပ်မီ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော် အရှင်ဇနကာဘိဝံသ၏လင်္ကာနှင့် ဆရာကြီး ဦးရွှေအောင် မဟာဝိဇ္ဇာ (သက္ကတ)၊ ဝဋ္ဋံသကာ၊ သိရောမဏိ၏ ဂါထာတစ်ပုဒ်တို့ဖြင့် မှတ်တမ်းပြုပူဇော်အပ်ပါသည်။

"ဗုဒ္ဓမြတ်စွာ၊ သာသနာကို၊ ကောင်းစွာကြိုတင် မပြုပြင်သော်၊ အမြင်မှိန်မှေး၊ အထင်သေး၍၊ ယဉ်ကျေးဖွယ်ရာ၊ အဖြာဖြာနှင့်၊ ဘာသာဝါဒ၊ ဟူသမျှတို့၊ စစကုန်သုဉ်း၊ ပြုတ်ပြုတ်ပြုန်းလိမ့်၊ ထွင်၍ဘုန်းသာသနာ၊ မှိန်သောခါဝယ်၊ ထွေးရာကောင်းနိုး၊ ဝါဒမျိုးဖြင့်၊ အကျိုးမတည့်ဖြစ် ပြန်ခဲ့မူ၊ တကယ့်တိုင်းကြီး၊ ပြည်အနီး၌၊ တိုင်းသီးပြည်ငယ်၊ မျက်နှာငယ် လိမ့်၊ သို့နှယ်ကြောင်းရာ၊ စုပေါင်းခါဖြင့်၊ ကောင်းစွာမြော်ညှိဆင်ခြင်မိ၍၊ တို့၏အမွေ၊ တို့နယ်မြေနှင့် တို့မေဘာသာ၊ သာသနာကို၊ တို့သာကြံ့ကြံ့ စောင့်ရှောက်အံ့"။

**(အရှင်ဇနကာဘိဝံသ)**

"သေယျော၊ သဒ္ဓမ္မော၊ ဝိဂုဏော၊ ပရဓမ္မာ၊ သုနုဋ္ဌိတာ"

"သဒ္ဓမ္မော" မိမိ၏အမျိုး၊ မိမိ၏ရပ်ရွာ၊ မိမိ၏နိုင်ငံ၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှုသည်။ "ဝိဂုဏော" ဂုဏ်မဲ့နေသည်ဟု ထင်ရစေကာမူ "သုနုဋ္ဌိတာ" အဆများစွာပို၍ တိုးတက်နေသည်ဟု ထင်ရသော "ပရဓမ္မာ" သူတစ်ပါးအမျိုး၊ သူတစ်ပါး ရပ်ရွာ၊ သူတစ်ပါးနိုင်ငံ၊ သူတစ်ပါးတို့ ယဉ်ကျေးမှုထက် "သေယျော" မြတ်ပါ၏။

**(ဆရာကြီး ဦးရွှေအောင်)**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ဖြေလျှော့ပေးသွားမည့် ဆောင်ရွက်ချက်များအား ပြည်သူများသိရှိစေရန် ထုတ်ပြန်

**နေပြည်တော် မတ် ၁၃**

၁။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အစားအသောက် တင်သွင်းခြင်းလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် အဆင့်လိုက်ဖြေလျှော့ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်ဖြေလျှော့ခြင်းအနေဖြင့် သွင်းကုန် လိုင်စင်ထောက်ခံချက် ထုတ်ပေးရေးလမ်းစဉ်တွင် တိုက်ရိုက်စားသုံးရန်မဟုတ်သော၊ ပါဝင်ပစ္စည်းတစ်မျိုးတည်းသာပါဝင်သော အစားအသောက် ထပ်ဖြည့်ပစ္စည်း (Food Additives) များ တင်သွင်းရန်အတွက် သွင်းကုန်လိုင်စင် ထောက်ခံချက်လျှောက်ထားရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၏ ထောက်ခံချက်လျှောက်ထားခြင်းမှ ကင်းလွတ်ခွင့်ပြုကြောင်းနှင့် ယင်းကုန်ပစ္စည်းစာရင်းကို သိလိုပါက www.codexalimentarius.org အင်တာနက်ဝက်ဘ်ဆိုဒ်တွင် ကြည့်ရှုနိုင်ကြောင်း (၁၇-၆-၂၀၁၃) ရက်နေ့ ထုတ်နေ့စဉ်သတင်းစာများတွင် ထည့်သွင်းကြေညာပြီး ဖြစ်သည်။

၂။ ယခုအခါ ဒုတိယအဆင့် ဖြေလျှော့ခြင်းအနေဖြင့် ယခုကြေညာချက် ထုတ်ပြန်သည့်နေ့မှစ၍ အန္တရာယ်ဖြစ်နိုင်ခြေအနည်းဆုံး စားသောက်ကုန် အုပ်စုဝင် ၁၀၀၈ မျိုးအား အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုဘဲ ကုန်သွယ်ရေးဦးစီးဌာနတွင် သွင်းကုန် လိုင်စင်အား တိုက်ရိုက်လျှောက်နိုင်ကြောင်းနှင့် ယင်းကုန်ပစ္စည်းစာရင်းကို သိရှိလိုပါက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ www.fdamyanmar.gov.mm အင်တာနက်ဝက်ဘ်ဆိုဒ်တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

၃။ ယခုထုတ်ပြန်ကြေညာထားသော အန္တရာယ်ဖြစ်နိုင်ခြေအနည်းဆုံး စားသောက်ကုန်အုပ်စုဝင် ၁၀၀၈ မျိုးသည် အန္တရာယ်အခြေပြု ဆန်းစစ်ခြင်းစနစ်ကို အခြေခံထားသည့်အတွက် အခြေအနေနှင့် အချိန်အခါအလိုက်အပြောင်းအလဲ ရှိနိုင်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သိရှိရသည်။

**(မြန်မာ့အလင်း)**

## ထင်သာမြင်သာပြုပြင်စရာ

# ရထားတွဲများပေါ်မှ ဆေးလိပ်သောက်သုံးမှုအန္တရာယ်

ပြည်သူများ ခရီးသွားလာရေးအဆင်ပြေစေရန်အတွက် ရေလမ်းခရီး၊ ကုန်းလမ်းခရီး စသည်ဖြင့် ပို့ဆောင်ရေးကဏ္ဍကို အစိုးရက တတ်အားသရွေ့ ဝန်ဆောင်မှုပေးလျက်ရှိရာ ရထားဖြင့်ခရီးသွားခြင်းသည် လမ်းခရီး သက်သောင့်သက်သာရှိပြီး စရိတ်စက နည်းပါးသည့်အတွက် ပြည်သူအများစုက နှစ်သက်ကြသည်။

မြန်မာ့မီးရထားကလည်း ကူးသန်းသွားလာမှုများပြားသည့် ရန်ကုန်နှင့် မန္တလေး မြို့ကြီးများကို ကူးလူးဆက်သွယ်ပေးရာတွင် ပြည်သူများသွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် လူစီးရထားတွဲများကို အဆင့်မြှင့်တင်ပြီး ပြေးဆွဲပေးလျက်ရှိရာ ခရီးသည်အချို့ စည်းကမ်းမလိုက်နာမှုကြောင့် ရထားစီးပြည်သူအများ လမ်းခရီး၌ စိတ်ကသိကအောက်ဖြစ်လျက်ရှိကြောင်း သိရသည်။

မန္တလေးမှ ရန်ကုန် အစုန်ရထားတွင် လိုက်ပါလာသည့် ခရီးသည်တစ်ဦးက ဆေးလိပ်မသောက်ရဟု ကပ်ထားသော စာတန်းဆိုင်းဘုတ်ကို ဂရုမပြုဘဲ စည်းကမ်း ချိုးဖောက်မှုကြောင့် အနီးအနားရှိ ခရီးသွားပြည်သူများသာမက ရထားအတွက်ပါ မမျှော်မှန်းနိုင်သည့်အန္တရာယ်များ ဖြစ်ပေါ်လာနိုင်သည်ကိုတွေးပြီး ရထားစီးခရီးသည် အချို့က စိုးကြောက်နေမိသည်။

သို့ဖြစ်၍ ခရီးသွားပြည်သူများ စိတ်ချလက်ချ စီးနင်းလိုက်ပါနိုင်ရေးအတွက် ဆိုင်ရာက ထုတ်ပြန်ထားသည့် စည်းကမ်းများကို ဖောက်ဖျက်မှုများမရှိစေရန် သက်ဆိုင်ရာတာဝန်ရှိသူများက ကြပ်မတ်ပေးသင့်ပါကြောင်း ဆန္ဒပြုလိုက်ပါသည်။

**လဘန်အောင်(ကချင်မြေ)**



# (၆၈) ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ကျင်းပ

**ရန်ကုန် မတ် ၁၃**

(၆၈)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ကို မတ်လ ၁၁ ရက်က ရန်ကုန်မြို့ ရိပ်သာလမ်း တောင်ကြီး ပရိယတ္တိ ဗဟန်းမြို့နယ်အမှတ် (၇၁) သာသနာ့ စာသင်တိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။




အဆိုပါ ပအိုဝ်းအမျိုးသားနေ့ ပွဲတော်တွင် ပအိုဝ်းရိုးရာယဉ်ကျေးမှု အသုံးအဆောင်များ၊ ရိုးရာအစားအစာများ၊ ပအိုဝ်းလူငယ်မောင်မယ်များက ရိုးရာယဉ်ကျေးမှု အဆို အက ပဒေသာများ၊ ခေတ်ပေါ်တေးဂီတများဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှု (ရန်ကုန်)က မတ် ၁၂ ရက်တွင် ပအိုဝ်းအမျိုးသားနေ့ပွဲတော် အခမ်းအနားကို နံနက် ၈ နာရီတွင် ကျင်းပခဲ့ရာ ပင့်သံဃာတော်များနှင့် ဓမ္မာစရိယ တန်းအောင် (သာသနဇဓမ္မာစရိယဘွဲ့ရ) သံဃာတော်များအား လှူဖွယ်ပစ္စည်းဆက်ကပ်ခြင်း၊ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း၊ ထူးချွန်ကျောင်းသား ကျောင်းသူများ ဆုချီးမြှင့်ကြပြီး ညနေပိုင်းတွင် ပအိုဝ်းလူငယ်မောင်မယ်များက ရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# နောက်ဖေးလမ်းကြားသန့်ရှင်းရေး မြို့နယ်များ တိုးချဲ့ဆောင်ရွက်မည်

**ရန်ကုန် မတ် ၁၃**




ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ နောက်ဖေးလမ်းကြားများ သန့်ရှင်းရေးလုပ်ငန်းကို မြို့တွင်း ခြောက်မြို့နယ်တွင် ဆောင်ရွက်ခဲ့ပြီးနောက် ဆက်စပ်မြို့နယ်များတွင် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေး ဌာနအနေဖြင့် ရန်ကုန်မြို့တော်ဝန်ရဲ့ ညွှန်ကြားချက်ဖြင့် ၁၅-၈-၂၀၁၆ ရက်နေ့မှစပြီး မြို့တွင်းခြောက်မြို့နယ်ဖြစ်တဲ့ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ ဗိုလ်တထောင်၊ ပုဇွန်တောင်နဲ့ လမ်းမတော်မြို့နယ်တွေမှာ နောက်ဖေးလမ်းကြားသန့်ရှင်းရေးကို ဆောင်ရွက်ခဲ့ပါတယ်။ ယခုအခါမှာတော့ မြို့တွင်းခြောက်မြို့နယ်မှာ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်တဲ့အတွက် ဆက်စပ်မြို့နယ်တွေမှာ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လောလောဆယ်မှာတော့ အဖွဲ့နှစ်ဖွဲ့ခွဲပြီး တစ်မြို့နယ်စီ ဆောင်ရွက်နေပါတယ်"ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဌာနခွဲမှူး ဦးအောင်ထိုက်က ပြောသည်။

ယခုလောလောဆယ် နောက်ဖေးလမ်းကြား သန့်ရှင်းရေးလုပ်ငန်းကို အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်နှင့် တောင်ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်တို့၌ အဖွဲ့နှစ်ဖွဲ့က တစ်ဖွဲ့လျှင် စည်ပင်ဝန်ထမ်း ၃၀၊ ယာဉ်လေးစီးနှုန်းဖြင့် တနင်္ဂနွေနှင့် တနင်္လာနေ့တို့မှအပ နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းမြို့နယ်နှစ်ခု နောက်ဖေးလမ်းကြားသန့်ရှင်းရေးကို ဆောင်ရွက်ပြီးစီးသွားပါက အနောက်ပိုင်း ခရိုင်အဖွဲ့သည် ကြည့်မြင်တိုင်မြို့နယ်သို့ လည်းကောင်း၊ တောင်ပိုင်းခရိုင်အဖွဲ့သည် တာမွေမြို့နယ်သို့လည်းကောင်း နောက်ဖေးလမ်းကြားသန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ သန့်ရှင်းရေးဆောင်ရွက်ပြီး မြို့တွင်းခြောက်မြို့နယ်၌ နောက်ဖေးလမ်းကြားများကို ကွန်ကရစ်များ ခင်းပေးခြင်းလုပ်ငန်းလည်း စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့်နှစ်အတွင်း နောက်ဖေးလမ်းကြားကွန်ကရစ်ခင်းပေးခြင်းလုပ်ငန်းကို ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

သန့်ရှင်းရေး ဆောင်ရွက်ပြီးသော နောက်ဖေးလမ်းကြားများကို ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့မိမြို့ဖနှင့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များထံ အပ်နှံကြောင်း၊ အရေးအကြီးဆုံးအချက်မှာ ပြည်သူများအနေဖြင့် နောက်ဖေးလမ်းကြားများတွင် အမှိုက်များထပ်မံပစ်ချခြင်းမပြုလုပ်ကြရန် အရေးကြီးကြောင်း၊ အဇီများဆွဲကျုံးကျော်နေထိုင်ခြင်း၊ အမှိုက်များ ပစ်ချခြင်းများ မလုပ်ကြရန်လိုကြောင်းဦးအောင်ထိုက်က ထပ်လောင်းပြောကြား သည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# မြစ်သားမြို့နယ်အတွင်း လေပြင်းဒဏ်ခံနိုင်ရည်မရှိသော လူနေအိမ်များကို ထောက်ပံ့မှုများပေးအပ်

**မြစ်သား မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ရွာခိုင်ကြီးကျေးရွာအုပ်စုနှင့် ဒိုင်းကျေးရွာအုပ်စုတွင် မန္တလေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန မန္တလေးကလျာဏမိတ္တ လူမှုကူညီမှုအသင်း၊ မြို့နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၊ မြို့နယ်/ကျေးရွာလူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ လေပြင်းဘေးမဖြစ်ခင် ကြိုတင်ပြင်ဆင်ရေးအဖြစ် ကိုယ်တိုင်ပြုပြင်ရန် အခက်အခဲရှိသည့် လေပြင်းဒဏ်ခံနိုင်ရည်မရှိသော လူနေအိမ်များ၏ လိုအပ်ချက်များကို မတ် ၁၁ ကထောက်ပံ့ဆောင်ရွက်ပေးကြကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွဋ်ဆွေ၊ မန္တလေးကလျာဏမိတ္တ လူမှုကူညီမှုအသင်းဥက္ကဋ္ဌ ဦးခင်မောင်တင့်၊ မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအသင်း၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မြို့နယ်/ကျေးရွာလူမှုရေး အသင်းအဖွဲ့များပူးပေါင်း၍ ယခင်နှစ်လေပြင်းဒဏ်ခံရသော ရွာခိုင်ကြီးကျေးရွာအုပ်စုနှင့် ဒိုင်းကျေးရွာအုပ်စုတို့မှ လေပြင်းဒဏ်ခံနိုင်ရည်မရှိသော လူနေအိမ် ၁၅၅ လုံးကို ရွေးချယ်၍ အိမ်အမိုးများကို ခိုင်ခံ့အောင် ပြန်လည်ပြုပြင်ခြင်း၊ ခေါင်ချုပ်ခြင်း၊ ကန့်လန့်ဖြတ်တန်းများထည့်ခြင်း စသည့် ထောက်ပံ့မှုများကို ပူးပေါင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# လေဖြတ်၍ သင့်ဘဝ မသေစေရန်

**ကြည်လွင်မြင့်(မုံရွာ)**

တစ်ခါက ဆရာကန်တော့ပွဲတစ်ခုတွင် လေဖြတ်ထားသောကြောင့် ညာဘက်တစ်ခြမ်း လက်၊ ခြေမသန်၊ တုတ်ကောက်တစ်ခု၏ အောက်ခြေတွင် အဖုလေးဖုတပ်ထားသော အထိန်းနှင့်မလဲအောင်ကိုင်ထားရသည့်အပြင် နံဘေးမှ အကူအတွဲတစ်ယောက်ပါမှ လျှောက်လမ်းနိုင်သည့် ဆရာကြီးတစ်ဦးနှင့် တွေ့ရသည်။

ထိုဆရာကြီးသည် တစ်ခုသောအချိန် လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုကျော်က ဤကျောင်းကြီး၏ လျှမ်းလျှမ်းတောက် ဂုဏ်သတင်းဆောင်ခဲ့သည့် တိုင်းတစ်ခုလုံးတွင် အောင်ချက်အကောင်းဆုံးကျောင်းကြီးဖြစ်အောင် ထူးချွန်စွာတာဝန်ထမ်းဆောင်ခဲ့သည့် ဆရာကြီးတစ်ဦးဖြစ်ပါသည်။

ဆရာကြီးသည် ဤကျောင်းတော်ကြီးကို ဆယ်နှစ်ဆယ်မိုးအုပ်ချုပ်ခဲ့သည်။ ဦးစီးပဲ့ကိုင်ခဲ့သည်။ တစ်ချိန်က အထက်တန်းပြဆရာအဖြစ်နှင့် တစ်ကြိမ်၊ ကျောင်းအုပ်ဆရာကြီးအဖြစ်နှင့် တစ်ကြိမ်၊ နှစ်ကြိမ်တိုင် ဤကျောင်းကြီးတွင် တာဝန်ထမ်းခဲ့ပြီး အလွန်ထက်မြက်သွက်လက်သော တက်ကြွသော ဆရာကြီးဖြစ်ခဲ့သည်။

ယခုခေတ် လက်အုပ်ချီကန်တော့ကြသော တပည့်ဟောင်းများနှင့် လက်တွဲဖော်၊ လုပ်ဖော်ကိုင်ဖက် ဆရာဟောင်းများကိုကြည့်ပြီး ဆရာကြီး၏ပါးပြင်ပေါ်သို့ စီးကျလာသော မျက်ရည်များသည် ယခင်ဘဝဟောင်းကို ပြန်လည် တမ်းတသတိရသည့် သက်သေများပင်ဖြစ်တော့သည်။

ဆရာကြီး၏ ဘဝတစ်လျှောက်လုံးတွင် စည်းကမ်းရှိသော ပုဂ္ဂိုလ်၊ စံပြပုဂ္ဂိုလ်တစ်ဦးဖြစ်သည်နှင့်အညီ အရက်၊ ဆေးလိပ်၊ အပျော်အပါး၊ အသောက်အစား ကင်းခဲ့သည်။ အဘယ့်ကြောင့် လေဖြတ်ဝေဒနာခံစားရပါသနည်းဟု တပည့်ဟောင်းတစ်ဦးအနေဖြင့် တွေးတောနေမိသည်။

လေဖြတ်သူ၊ ဦးနှောက်သွေးကြောပေါက်သူ၊ သွေးခဲပိတ်သူတို့၏ နောက်ကွယ်မှ အဓိကလက်သည်မှာ (များသောအားဖြင့်) သွေးတိုးရောဂါပင်ဖြစ်သည်။ တစ်ခါတစ်ရံ သတိမမူမိခင် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်သော သွေးတိုးရောဂါကြောင့် ရုတ်တရက် လဲကျပြီး လေဖြတ်ကာ အသက်သေလျှင်သေ၊ မသေလျှင် ဒုက္ခိတဘဝရောက်ကြရလေသည်။

ဆရာကြီးသည် ဧရာဝတီတိုင်းဒေသကြီးသားဖြစ်သဖြင့် ငါးပိ၊ အငန် ကြိုက်သည်။ ဖြစ်မည့်နေ့က တမာရွက်ပြုတ်တို့စရာနှင့် ငါးပိ ရည်စားပြီးနောက် နှစ်နာရီခန့်အကြာတွင် ခေါင်းမူးသဖြင့် ခေတ္တအိပ်သည်။ အိပ်ရာမှ ပြန်အထတွင် ခုတင်ဘေးလဲကျနေသည်ကို အိမ်သားများမရှိသဖြင့် မသိလိုက်ကြ။ တစ်နာရီခန့်အကြာမှ သိကြပြီး နီးစပ်ရာဆရာဝန်ခေါ်ကြသည်။ သွေးပေါင် အလွန်တက်နေသဖြင့် ဆရာဝန်၏ ညွှန်ကြားချက်အရ ဆေးရုံတင်လိုက်ကြသည်။

ဆေးရုံမှ ဦးခေါင်းဓာတ်မှန်ရိုက် စစ်ဆေးပြီး တွေ့ရှိချက်အရ ဆရာကြီးသည် သွေးဆောင့်တိုးသည့်ဒဏ်ကြောင့် ဦးနှောက်ဘယ်ဘက်အခြမ်းတွင် သွေးကြောတစ်ချောင်းပေါက်သွားသည်။ အရေးပေါ် ဦးခေါင်းကို ခွဲစိတ်ကုသရန်လိုသည်ဆိုသဖြင့် သားသမီးများ တိုင်ပင်ပြီး ခွဲစိတ်ကုသလိုက်သဖြင့် အသက် ပြန်ရှင်လာခြင်းဖြစ်သည်။ သို့သော် ညာဘက်ကိုယ်တစ်ခြမ်းမှာမသန်စွမ်းတော့ပါ။ လျှာတစ်ခြမ်းမှာလည်း ရွဲ့စောင်းသွားသဖြင့် စကားမပီတော့ပါ။ ဖြစ်စကဆိုလျှင် စကားလုံးဝမပြောနိုင်။ တစ်ဖက်မှ တိုင်းရင်းဆေးဝါးများဖြင့် လျှာပွတ်ခြင်း၊ လိမ်းဆေးများလိမ်းခြင်းဖြင့် တစ်နှစ်ခန့်ကြာမှ စကားကို မပီသသော်လည်း ပြောနိုင်လာသည်။ လိုချင်သည့်အရာကို ထုတ်ပြောနိုင်လာ သည်ဟုဆိုသည်။


မိမိကိုယ်မိမိ ကျန်းမာနေသည်၊ စားကောင်း အိပ်ပျော်ဖြစ်နေသည်ဆိုတိုင်း အစားအသောက်အနေအထိုင်ကို ထင်သလိုစားသောက်ခြင်း၊ အအေးပတ်ခံခြင်းများ မပြုသင့်ပေ။ အသက်အရွယ်ကြောင့် သွေးကြောများ မာဆတ်နေသဖြင့် သွေးဆောင့်တိုးလျှင် ပိုက်လုံးအဟောင်းများကဲ့သို့ ခံနိုင်ရည်မရှိဘဲ ပေါက်သွားနိုင်သည်ကို သတိပြုသင့်ပေသည်။

ဒေါသာဓာတု မလာ မူလာ၊ သဒ္ဒါ ဒေဟပ္ပဝတ္တနေ၊

ရောဂါနံ့ပါတုဘာဝေစ၊ တေသံ လက္ခဏံ မုစ္စတေ။

ရောဂါဆိုသည်မှာ ခန္ဓာကိုယ်တွင်းရှိ သက်စောင့်ဓာတ်များဖြစ်ကြသော လေသည်းခြေ၊ သလိပ်ဟူသော ဒေါသသုံးပါးနှင့် ဓာတ်ခုနစ်ပါး၊ မလ ၁၂ ပါးတို့ မညီမညွတ်ဖောက်ပြန်သည့်အပြင် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရားလေးပါးကြောင့်လည်းဖြစ်နိုင်ပေသည်။ ဒေသနာနယဆေးပညာခေါ် ဗုဒ္ဓအဘိဓမ္မာအခြေခံသည့် ဆေးပညာတွင် ကံသည် အဓိကဖြစ်ပြီး အတိတ်ကံကြောင့်(သို့မဟုတ်) လက်ရှိဘဝပစ္စုပ္ပန်ကံကြောင့်လည်း ရုတ်တရက်လေဖြတ်နိုင်ပေသည်။

ရာသီဥတုဖောက်ပြန်ပြီး အပူအအေး မညီညွတ်၊ မမျှတမှုများကြောင့် လေဖြတ်သူများစွာရှိသည်။ ထိုသို့လေဖြတ်သူများတွင် အချို့မှာ နှလုံး၊ သွေးတိုး၊ ဆီးချိုစသော ရောဂါအကြောင်းခံရှိခြင်းကြောင့် လေဖြတ်သူများဖြစ်သော်လည်း အချို့လူများမှာ မည်သည့်ရောဂါအကြောင်းရင်းခံမှုမရှိဘဲ ရုတ်တရက် လေဖြတ်သွားသူများလည်းရှိကြောင်း တွေ့ရသည်။ လူများသာမက ဘုန်းကြီး၊ ရဟန်းများလည်း လေဖြတ်သည်ကို တွေ့ရသည်။




အခြား စာရေးသူ၏မိတ်ဆွေအမျိုးသမီးတစ်ဦးသည် လွန်ခဲ့သောရက်ပိုင်းအတွင်းက ပြင်ဦးလွင်၊ အနီးစခန်းရှိ သူကိုးကွယ်သောဘုန်းကြီးကျောင်းမှ ဆရာတော်နှင့် နေ့ဆွမ်းစားပြီးချိန်တွင် ဖုန်းပြောသည်။ အလှူအတန်းကိစ္စနှင့် သာကြောင်းမာကြောင်းများ လျှောက်ထားပြောဆိုသည်။ ထိုနေ့ မွန်းလွဲ နှစ်နာရီခန့်တွင် ထိုဆရာတော်ကြီး လေဖြတ်ပြီး လဲကျသွားကြောင်းဖုန်းလာသဖြင့် ထိတ်လန့်အံ့သြသွားသည်။ ‘နေ့လယ်ကပဲ တပည့်တော်နှင့်ဖုန်းပြောသေးတာပဲ . . . အကောင်းကြီးပဲ . . . ဘယ်လိုဖြစ်ရတာလဲဘုရား . . .’ဟု ဆက်သွယ်လာသောဦးပဉ္စင်းကို မေးမြန်းလျှောက်ထားသောအခါ . . . မန္တလေးမှဖုန်းလာ၍ပြောပြီးနောက် မကြာမီပင် ဖုန်းပြောသော စကားပြောခွက်ဘေးလွတ်ကျပြီး ပါးစပ်မှ စကားမပြောနိုင်ဘဲ ပါးရွဲ့စောင်းကာ သွားရည်များထွက်ကျလာကြောင်း၊ မခေါ်နိုင်သဖြင့် အပြင်ဘက်မှ ကိုရင်များက တစ်နာရီခန့်ကြာမှတွေ့ပြီး သိရှိကြခြင်းဖြစ်ကြောင်း ပြောပြသည်။

ထိုဆရာတော်ကြီးကို ဒါယကာ၊ ဒါယိကာမများက မန္တလေးသို့ ပင့်ခေါ်ပြီး ဆေးရုံကြီးတစ်ရုံတွင် အထူးကုဖြင့် ကုသသည်။ CT Head ခေါ် ဦးနှောက် ဓာတ်မှန်ရိုက်ပြီးသောအခါ ဦးနှောက်ဘယ်ဘက်ခြမ်းအတွင်း သွေးခဲပိတ်ဆို့သွားသဖြင့် ဆန့်ကျင်ဘက် ညာခြမ်းလေဖြတ်ကာလျှာပါရွဲ့စောင်းသွားသဖြင့် စကားမပြောနိုင်ဘဲ လေဖြတ်သွားခြင်းဖြစ်ကြောင်း သိရသည်။ လေဖြတ်သူများတွင် ဘယ်ခြမ်းနှင့်ညာခြမ်းသန်ရာဖြစ်သည့် လက်ယာဘက် (ညာဘက်) အခြမ်းလေဖြတ်လျှင် ပို၍ ဆိုးသည်။ စကားပြောဆိုသည့်အင်္ဂါ (လျှာ) ပါ ရွဲ့စောင်းသွားသဖြင့် စကားမပြောနိုင်ဖြစ်ရသည်။ ဦးနှောက်မှသိသော်လည်း မပြောနိုင်သောဝေဒနာကို ခံစားရသဖြင့် အချို့လူနာများမှာ မျက်ရည်များကျလာကြောင်း တွေ့ရသည်။

ဤဆရာတော်ကြီး လေဖြတ်ရခြင်းအကြောင်း ရင်းခံမှာ သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါများရှိ၍မဟုတ်ပေ။ လွန်ခဲ့သော သုံးရက်က ဆွမ်းစားပင့်၍ ပြင်ဦးလွင်မှ မန္တလေးသို့ဆင်းလာသည်။ မန္တလေးတွင် နေအလွန်ပူပြင်းချိန်နှင့် ကြုံရသည်။ စီးလာသောကားတွင် အဲယားကွန်းပါသဖြင့် တော်သေးသည်။ သို့သော် ကားအတွင်းမှဆင်းလိုက်သည်နှင့်အပူလုံးက ရိုက်သည်။ မန္တလေးသို့ရောက်ခိုက် မိမိဆရာတော်ရှိရာ ငယ်စဉ်က စာသင်ခဲ့သည့် ကျောင်းတိုက်သို့ ကြွလိုက်သေးသည်။ ခြေကျင်ကြွသည့်အချိန်တွင် မန္တလေး၏အပူဒဏ်ကို အတော်ပင်ခံရသည်။ အပူတစ်လှည့် အအေးတစ်လှည့် ပြဿနာကြောင့် ပြင်ဦးလွင် အနီးစခန်းကျောင်းသို့ ပြန်ရောက်ပြီးနောက် နှစ်ရက်လုံးခေါင်းကိုက်နေသည်။ တတိယမြောက်နေ့တွင် မကိုက်တော့ဘဲ နောက်စေ့ထဲမှအုံနေသည်။ ပုံမှန်ဖြစ်အောင် ရေချိုးပြီး နေ့ဆွမ်းဘုဉ်းပေးသည်။ ထို့နောက် မန္တလေးမှ ဒါယိကာမဆီက ဖုန်းလာသောအခါတွင်လည်း စိတ်ပူမည်စိုး၍ ထွေထွေထူးထူးပြောပုံ မရသော်လည်း အတူနေသူဦးပဉ္စင်းကို နောက်စေ့မှထိုးနေကြောင်းပြောသည်ဟု ဆိုသည်။ ထို့နောက်တွင်တော့ လေဖြတ်သွားသည်။

လေဖြတ်ခြင်း၏အကြောင်းရင်းတရားခံမှာ ရောဂါမဟုတ်ဘဲ အပူအအေးဖြစ်တတ်သည်။ အေးသောအရပ်မှပူသောအရပ်သို့သွားခြင်း၊ ပူသောနေရာမှအေးသောနေရာသို့သွားခြင်း၊ ပူလွန်းခြင်းနှင့်အေးလွန်းခြင်း နှစ်ခုကြားတွင် အချိန်တိုအတွင်းအပြောင်းအလဲလုပ်ခြင်းများကြောင့် ဦးနှောက်အတွင်းရှိ သွေးကြောများမခံနိုင်ဘဲ ရောင်ခြင်း၊ သွေးခဲပိတ်ခြင်း၊ သွေးကြောပေါက်ခြင်းများဖြစ်နိုင်ပေသည်။ ခေါင်းကိုက်ခြင်းရက်ကြာလျှင်၊ ထူးခြားစွာကိုက်လျှင်၊ နောက်စေ့မှကိုက်လျှင်၊ ခေါင်းတစ်ခြမ်းကိုက်လျှင် ကြိုတင်သတိရှိသင့်ပေသည်။

တစ်ခါက နေအလွန်ပူသောနေ့တစ်နေ့တွင် ကလေးအထူးကုဆေးခန်းတွင် မိမိကလေးကိုလာပြသူတစ်ဦးသည် တိုကင်အလှည့်မကျသေးသဖြင့် ကားစက်နှိုးထားပြီး အဲယားကွန်းဖွင့်ထားသည်။ ကားထဲမှကလေးကိုကြည့်လိုက်၊ အပြင်ထွက်ပြီး ဆရာဝန်ကခေါ်မည့်အလှည့်ကျ/မကျ ကြည့်လိုက်ပြုလုပ်ရင်း ကားနံဘေးတွင် ရုတ်တရက်လဲကျကာတက်သွားသဖြင့် ဆေးရုံပို့လိုက်ကြရသည်။ ကားထဲမှ သူ့ကလေးမှာ ဆေးခန်းမပြလိုက်ရမီ လူကြီးက Heat Stroke ခေါ် အပူရုပ်ပြီးလေဖြတ်သွားခြင်းဖြစ်သည်။ အပူအအေးကြောင့် ရုတ်တရက်သွေးကြောပေါက်ခြင်းသည် ဦးနှောက်အတွင်း သွေးယိုစီးမှုဖြစ်တတ်သဖြင့် ချက်ချင်းအသက်ဆုံးရှုံးစေနိုင်သည်။

နံနက်စောစော အိမ်ရှေ့ထွက်ပြီးဆွမ်းလောင်းသူ အသက် ၇၀ ကျော်အမျိုးသမီးကြီးတစ်ဦးသည် ဆွမ်းခံကိုယ်တော်များကို ဆွမ်းလောင်းရင်း ရုတ်တရက်လဲကျကာ လေဖြတ်သွားသည်ဟု ကြားသိရဖူးသည်။ သူသည် နံနက်သုံးနာရီခန့်မှ အိပ်ရာထပြီး ဆွမ်းနှင့်ဆွမ်းဟင်းချက်သည့်ကိစ္စကို ဆောင်ရွက်ရာမှ အအေးပတ်ပြီးလေဖြတ်ရခြင်းဖြစ်သည်။ အနောက်တိုင်းသုတေသီများ၏အဆိုအရ သွေးတိုးပြီးလေဖြတ်ခြင်းအတော်များများသည် နံနက်အိပ်ရာထချိန်နှင့်လမ်းလျှောက်ပြီး အပြန်တွင် အအေးမိခဲ့၍ဖြစ်လေ့ရှိသည်ဟုဆိုသည်။ ဆွမ်းလောင်းရင်း လေဖြတ်လဲကျသွားသူ အမေကြီးမှာ ဆေးရုံ ရောက်ပြီးနောက် အသက်ဆုံးရှုံးသွားပါသည်။ ကောင်းရာ သုဂတိရောက်မည် ထင်ပါသည်။ သံဃာတော်များမှာ ထိုအမေကြီးအတွက် အတော်ပင်စိတ်မကောင်းဖြစ်ကြသည်ဟု သိရသည်။

ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းတို့ကြောင့်လည်း ရုတ်တရက်လေဖြတ်နိုင်သည်။ ယခုရက်ပိုင်းအတွင်းမှာပင် မလေးရှားနိုင်ငံ၌ သွားရောက် အလုပ်လုပ်နေကြသူများ အသက်အန္တရာယ်တိုက်ခိုက်ခံရမှုများရှိလာသဖြင့် အစိုးရက အလုပ်သမားများ သွားရောက်ခြင်းကို ချက်ချင်းရပ်စဲခဲ့ပြီး ရောက်ရှိနေပြီးသူများကို ပြန်ခေါ်သည်။ အချို့မှာ ဒဏ်ရာများ ဆေးကုသ ခံယူဆဲတန်းလန်း၊ ပတ်တီးများစည်းလျက်နှင့်ပြန်လာကြသည်ကို တွေ့ရသည်။ ထိုသူများအထဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့မှ မိခင်တစ်ဦးသည် လေဆိပ်တွင် သားပြန်အလာကို သွားကြိုပြီး အသက်မသေပြန်လာသည့်သားကို ပွေ့ဖက်ငိုယိုရင်း အပြန်လမ်းကားပေါ်မှာပင် ရုတ်တရက်သတိလစ်ပြီး မလှုပ်ရှားနိုင်တော့။ ရန်ကုန်ဘက်သို့ ကားပြန်လှည့်ပြီး ဆေးရုံကြီးရောက် သောအခါ အသက်မပါတော့။ ဦးနှောက်သွေးကြောပိတ်ဆို့ပြီး လေဖြတ်ရာမှ အသက်ဆုံးသွားရခြင်း ဖြစ်ပေသည်။

ယခုရေးသားတင်ပြခဲ့သည့် ရဟန်းနှင့်လူများကိုလေ့လာကြည့်လျှင် အသက်ကြီးသူများဖြစ်ကြောင်းတွေ့ရပါမည်။ အသက်အရွယ်ကြောင့် ရာသီဥတုဒဏ်၊ အအေးပတ်သည့်ဒဏ်၊ စိတ်ထိခိုက်လှုပ်ရှားသည့်ဒဏ်တို့ကို မခံနိုင်၊ ရုတ်တရက် နှလုံးမှ လေပင့်၍ ဦးခေါင်းဦးနှောက်အတွင်းသို့ သွေးတိုးဖိအားဆောင့်တက်သွားခြင်းဒဏ်ကို ခံနိုင်သည့်အရွယ်မဟုတ်တော့သဖြင့် ရုတ်တရက် လေသင်တုန်းဖြတ်ကာ အသက်ပါသွားရခြင်းဖြစ်သည်။

အသက်ကြီးသူများတွင်ဖြစ်သဖြင့် အသက်ငယ်သူများတွင် လေသင်တုန်းမဖြတ်နိုင်ဘူးလားဟု မယူဆပါနှင့်။ လွန်ခဲ့သည့်နှစ်က ဆယ်တန်းအောင်စာရင်းထွက်သောအခါ တိုးဝေ့ကြည့်ရင်း မိမိအောင်ပါလျက်နှင့် အကြည့်မှား၍ မအောင်ဘူးထင်ကာ သတိလစ်လဲကျသွားရာမှ အသက်ဆုံးရှုံးသွားသူ အသက် ၁၆ နှစ်အရွယ် သမီးငယ်တစ်ဦးအကြောင်း စစ်ကိုင်းတိုင်းရှိ မြို့ငယ်တစ်မြို့၌ ဖြစ်ခဲ့ကြောင်း ဂျာနယ်တစ်စောင်တွင် ဖတ်လိုက်ရပါသည်။

လေဖြတ်ခြင်းသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသောဗုဒ္ဓဟောကြားသည့် သမုဋ္ဌာန်လေးပါးကြောင့်ဖြစ်သည် မှန်သော်လည်း မိမိပြုသောကံအမှားကြောင့် မဆင်ခြင်မိသောအပြုအမူကြောင့် စိတ်သောကကို မထိန်းချုပ်နိုင်သောကြောင့်လည်း ရုတ်တရက် မမျှော်လင့်ဘဲ ဖြစ်နိုင်ချေရှိသည်ကို သတိပြုနိုင်ကြစေရန် ရေးသားတင်ပြလိုက်ရပါသည်။

# ပြင်ဦးလွင်ရထားလုံးများ နွေရာသီအမီ ပြင်ဆင်မွမ်းမံ



**ပြင်ဦးလွင် မတ် ၁၃**

ပြင်ဦးလွင်မြို့သို့ ပြည်တွင်းပြည်ပမှ ဧည့်သည်များ ဆယ့်နှစ်လရာသီပတ်လုံး လာရောက်လည်ပတ်လျက်ရှိရာ နှစ်စဉ်နှစ်တိုင်း နွေရာသီကျောင်းပိတ်ရက်များတွင် ပိုမို၍လာရောက်လည်ပတ်ကြကြောင်း သိရသည်။

ပြင်ဦးလွင်သို့ လာရောက်လည်ပတ်ကြသူများသည်အထင်ကရနေရာအများအပြားသို့ သွားရောက်လည်ပတ်လေ့ရှိကြသည့်အပြင် ပြင်ဦးလွင်၏အမှတ်သင်္ကေတတစ်ခုဖြစ်သည့် နာမည်ကျော် ရထားလုံးကိုလည်း ငှားရမ်းစီးနင်းကာ ယှဉ်တွဲ၍ ဓာတ်ပုံရိုက်လေ့ရှိကြသည်။

ရထားလုံးမြင်းယာဉ်ပိုင်ရှင်များအနေဖြင့်လည်း မိမိတို့မြင်းယာဉ်အား ဧည့်သည်များ ပိုမိုငှားရမ်းစီးနင်းကာ သဘောကျ နှစ်ခြိုက်စေရေးအတွက် အဘက်ဘက်မှအမြဲတစေ ပြင်ဆင်မွမ်းမံလျက်ရှိနေကြပြီး ယခုအချိန်တွင် နွေရာသီအမီ ဆေးအသစ်ခြယ်သခြင်း၊ အတွင်းထိုင်ခုံကူရှင်များ အသစ်လဲလှယ်ခြင်း၊ အလှအပ ပစ္စည်းများတပ်ဆင်ခြင်း စသည်ဖြင့် ပြင်ဆင်မွမ်းမံလေ့ရှိကြောင်း သိရသည်။

ပြင်ဦးလွင်မြို့တွင် မြို့တွင်းအနေးယာဉ်အဖြစ်ပြေးဆွဲနေသည့်ယာဉ်များတွင် တခြားမြို့များကဲ့သို့ ဆိုက်ကား လုံးဝမရှိဘဲ ရှေးယခင်ကတည်းက လေးဘီးတပ် ရထားလုံးမြင်းယာဉ်များသာရှိပြီး ယခုအချိန်တွင် မြင်းယာဉ် တချို့လျော့နည်းသွားကြသော်လည်း မြို့နယ်စည်ပင်သာယာရေး ကော်မတီတွင်မှတ်ပုံတင်ထားသည့် ရထားလုံးမြင်း ယာဉ်အစီးရေ တစ်ရာကျော် ကျန်ရှိနေသေးကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

# မန်စီးတီးနဲ့ ဂျူဗင်တပ်စ်တို့ နောက်တစ်ဆင့်တက်ရောက်မယ့် ချန်ပီယံလိဂ် (၁၆)သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်

ဒီတစ်ပတ်ကြားရက်ဖြစ်တဲ့ မတ် ၁၄ ရက်နဲ့ ၁၅ ရက် ညတွေမှာတော့ ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲစဉ်တွေ ကစားဖို့ရှိနေပါတယ်။ ပြည်တွင်းလိဂ်ပြိုင်ပွဲနဲ့ ဖလားလုပွဲတွေကြောင့် ပွဲပန်းနေတဲ့ အသင်းကြီးတွေက သက်ပြင်းမချနိုင်တဲ့ အရေးကြီးတဲ့ ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲစဉ်တွေကို ဆက်တိုက်ဆင်နွှဲရခြင်းဖြစ်တာမို့ အားထည့်ကစားကြရဦးမယ့်ပွဲတွေ ဖြစ်နေပြန်ပါတယ်။ နောက်တစ်ဆင့်တက်လှမ်းနိုင်ရေးအတွက် အဆုံးအဖြတ်ပေးတော့မယ့်ပွဲစဉ်ဖြစ်တာကြောင့် ရေကုန်ရေခန်းကစားပြီး ရလဒ်ကောင်းနိုင်ရေး အပြိုင်အဆိုင် ထုဆစ်ပုံဖော်ကြရဦးမှာ ဖြစ်ပါတယ်။




### လက်စတာနှင့် ဆီဗီလာ

ဒီနှစ်ပရီမီယာလိဂ်မှာ လက်ရှိချန်ပီယံ လက်စတာရဲ့ ခြေစွမ်းကတော့ ချန်ပီယံလိဂ်မှာ ထူးထူးခြားခြားအိမ်ကွင်း ခြေစွမ်းကောင်းပြသနိုင်ပါတယ်။ ပထမအကျော့ အဝေးကွင်းမှာ လက်စတာတို့ ဆီဗီလာကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးပွဲကြုံခဲ့တာမို့ အခုပွဲမှာ ပြတ်သားတဲ့ရလဒ်ကို ပုံဖော်နိုင်မလားကြည့်ရမှာဖြစ်ပါတယ်။ လက်စတာရဲ့ ချန်ပီယံလိဂ် အိမ်ကွင်း နောက်ဆုံးသုံးပွဲကစားခဲ့ရာမှာ ပေါ်တို၊ ကိုပင်ဟေဂင်၊ ဘရုဂျက်အသင်းတွေကို နိုင်ပွဲတွေချည်း ရယူနိုင်ခဲ့ပါတယ်။ ဆီဗီလာတို့ကတော့ ချန်ပီယံလိဂ် အဝေးကွင်းနောက်ဆုံးကစားခဲ့တဲ့ သုံးပွဲမှာ ဒိုင်နမိုကာရက်အသင်းကိုပဲ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့ပြီး ကျန်တဲ့ လိုင်ယွန်နဲ့ ဂျူဗင်တပ်စ်ကို ဂိုးမရှိသရေသာ ကစားနိုင်ခဲ့ပါတယ်။ လက်စတာရော ဆီဗီလာပါ ခံစစ်ပိုင်းကောင်းမွန်ပေမယ့် တိုက်စစ်ပိုင်းမှာ အားနည်းချက်ရှိနေပါတယ်။ ဒီပွဲဟာ လက်ရှိခြေစွမ်းအရ လက်စတာတို့ အသာစီးရနိုင်ပေမယ့် နောက်တစ်ဆင့်တက်မှာက ဆီဗီလာတို့ ဖြစ်သွားနိုင်ပါတယ်။

### အက်သလက်တီကိုနှင့် လေဗာကူဆင်

ပထမအကျော့ပွဲစဉ်မှာ အက်သလက်တီကိုတို့က လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ယူခဲ့တာမို့ အခုပွဲ အိမ်ကွင်းမှာလည်း အက်သလက်တီကို အားထည့်ကစားရဦးမှာဖြစ်ပါတယ်။ အက်သလက်တီကိုရဲ့ခြေစွမ်းက ဒီနှစ်ချန်ပီယံလိဂ် အုပ်စုပွဲ အိမ်ကွင်းမှာ ဘိုင်ယန်မြူးနစ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ကစားနိုင်ခဲ့တဲ့ ခြေစွမ်းရှိထားပါတယ်။ ဒါ့အပြင် နောက်ဆုံးကစားခဲ့တဲ့ ချန်ပီယံလိဂ် အိမ်ကွင်း သုံးပွဲမှာ သုံးပွဲစလုံးအနိုင်ရရှိထားပါတယ်။ လေဗာကူဆင်တို့က ဒီနှစ်ချန်ပီယံလိဂ် အဝေးကွင်း သုံးပွဲကစားခဲ့ရာမှာ နိုင်ပွဲတစ်ပွဲမှ မရခဲ့ပါဘူး။ ဒါ့အပြင် ဒေါ့မွန်ကို အဝေးကွင်းမှာ ခြောက်ဂိုးအထိ အသွင်းခံရပြီး ရှုံးနိမ့်ခဲ့တဲ့ လေဗာကူဆင်ရဲ့ခံစစ်ပိုင်းကလည်း အားရစရာမရှိပါဘူး။ အက်သလက်တီကိုဟာ ဂျာမနီကလပ်အသင်းတွေနဲ့ အိမ်ကွင်းမှာ လက်ခံကစားခဲ့တဲ့ ခုနစ်ပွဲစလုံး ရှုံးပွဲမရှိခဲ့ပါဘူး။ ဒါကြောင့် လက်ရှိ ခြေစွမ်းကောင်းမွန်နေတဲ့ အက်သလက်တီကိုတို့ဟာ ဒီပွဲမှာ နိုင်ပွဲရပြီး နောက်တစ်ဆင့်တက်ရောက်သွားပါလိမ့်မယ်။

### ဂျူဗင်တပ်စ်နှင့် ပေါ်တို

ပထမအကျော့မှာ နှစ်ဂိုးပြတ်နိုင်ပွဲရထားခဲ့တဲ့ ဂျူဗင်တပ်စ်တို့က ဒီပွဲမှာ အိမ်ကွင်းလည်းဖြစ်တာမို့ ပေါ်တိုကို ဖိအားပေးကစားပါလိမ့်မယ်။ ဂျူဗင်တပ်စ်တို့က အခု ချန်ပီယံလိဂ် အိမ်ကွင်းသုံးပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် ရှုံးပွဲမရှိခဲ့ပေမယ့် လိုင်ယွန်နဲ့ ဆီဗီလာတို့ကို ဂိုးမရှိသရေပွဲဖြစ်ခဲ့ပါတယ်။ ပေါ်တိုအသင်းကတော့ ချန်ပီယံလိဂ်ပွဲစဉ်တွေမှာ အဝေးကွင်းခြေစွမ်းကျဆင်းတတ်ပြီး ရလဒ်လည်း ကောင်းအောင် မကစားနိုင်ဘူးဖြစ်နေပါတယ်။ ဂျူဗင်တပ်စ်တို့ကတော့ ခံစစ်ပိုင်းတောင့်တင်းပြီး အမှားအယွင်းလည်း မရှိပါဘူး။ ပေါ်တိုအသင်းဟာ ကစားရခက်ခဲတဲ့အသင်းဖြစ်ပေမယ့် နေရာစုံမှာ ကစားသမားကောင်းတွေနဲ့ စုဖွဲ့ထားတဲ့ ဂျူဗင်တပ်စ်ကို အဝေးကွင်းမှာ ပေါ်တိုတို့ခက်ခဲပါလိမ့်မယ်။ ဒီပွဲမှာ ပေါ်တိုတို့ ဂိုးသွင်းဖို့ အခွင့်အရေးနည်းပါးမှာဖြစ်သလို နိုင်ပွဲရဖို့လည်း မလွယ်ပါဘူး။ ဒီပွဲမှာ အနိုင်က ဂျူဗင်တပ်စ်တို့ဖြစ်ပြီး နောက်တစ်ဆင့်လည်း ဂျူဗင်တပ်စ်တို့ပဲ ဖြစ်ပါလိမ့်မယ်။

### မိုနာကိုနှင့် မန်စီးတီး

ပထမအကျော့ပွဲစဉ်မှာ မန်စီးတီးတို့က ငါးဂိုး-သုံးဂိုးနဲ့ နိုင်ပွဲရခဲ့ပေမယ့် အခုတလော ခြေစွမ်းပြနေတဲ့ မိုနာကိုတို့အတွက် ဒီပွဲကမဖြစ်မနေ ဂိုးပြတ်သွင်းယူနိုင်ရေး ကြိုးစားလာပါလိမ့်မယ်။ မိုနာကိုရဲ့ နောက်ဆုံးကစားခဲ့တဲ့ နန့်တက်နဲ့ မာဆေးအသင်းတွေကို ဂိုးပြတ်သွင်းအနိုင်ယူခဲ့တဲ့ ခြေစွမ်းမျိုး ပြန်ရရင် မန်စီးတီးတို့ မလွယ်ပါဘူး။ မိုနာကိုရဲ့ ဒီနှစ်ချန်ပီယံလိဂ် အိမ်ကွင်းသုံးပွဲမှာ ရှုံးပွဲမရှိခဲ့တာမို့ ဒီပွဲကို အလေးထားပြီး အားထည့် ကစားပါလိမ့်မယ်။ မိုနာကိုအသင်းဟာ အိမ်ကွင်းမှာ အင်္ဂလန်အသင်းတွေနဲ့ စုစုပေါင်း ကိုးပွဲ ကစားခဲ့ရာမှာ နှစ်ပွဲသာ ရှုံးခဲ့တာမို့ မျှော်လင့်ချက်ပြည့်ဝရေး အခုပွဲမှာ ခြေကုန်ဖွင့်လာပါလိမ့်မယ်။ ဒီပွဲဟာ မိုနာကိုတို့ နိုင်ပွဲရသွားနိုင်ပေမယ့် နောက်တစ်ဆင့်ကိုတော့ မန်စီးတီးတို့ပဲ တက်သွားပါလိမ့်မယ်။ ။

မိုးမြင့်လင်းလက်



## ဘွန်ဒက်စ်လီဂါမှာ ၁၀ မှတ်အသာနဲ့ ဘိုင်ယန်မြူးနစ် ဦးဆောင်

ဘိုင်ယန်မြူးနစ်အသင်းဟာ ဘွန်ဒက်စ်လီဂါမှာ ဖလားလုပြိုင်ဘက်အသင်းတွေ ရှုံးနိမ့်နေချိန်မှာ အိမ်ကွင်းမှာ ခြေစွမ်းပြပြီး ဖရန့်ဖတ်အသင်းကို ဂိုးပြတ်အနိုင်ရလိုက်တာကြောင့် ပွဲစဉ် ၂၄ အပြီးမှာ ရမှတ် ၁၀ မှတ်အသာနဲ့ အမှတ်ပေးဇယားမှာ ဦးဆောင်နေပါတယ်။ ဒီပွဲမှာ လီဝမ်ဒေါ်စကီးက ဘိုင်ယန်အတွက် အဖွင့်ဂိုးကို သွင်းယူပေးပြီး ဒေါက်ကလပ် ကော်စတာက ဒုတိယဂိုးကို သွင်းယူပေးခဲ့ပါတယ်။ လီဝမ်ဒေါ်စကီးဟာ ဒုတိယပိုင်းမှာလည်း နောက်တစ်ဂိုး ထပ်မံသွင်းယူပေးခဲ့တာကြောင့် ဘိုင်ယန်က သုံးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။ ပိုလန်တိုက်စစ်မှူး လီဝမ်ဒေါ်စကီးရဲ့ ဒုတိယဂိုးဟာ ဘိုင်ယန်မြူးနစ်မှာ ၁၃၆ ပွဲ ကစားခဲ့ပြီးနောက် ဂိုး ၁၀၀ မြောက်အဖြစ် သွင်းယူခဲ့တာလည်း ဖြစ်ပါတယ်။

ဘိုင်ယန်ရဲ့ အနီးကပ် ဖလားလုပြိုင်ဘက်တွေဖြစ်တဲ့ လစ်ဇစ်နဲ့ ဒေါ့မွန်တို့ကတော့ ဒီပွဲစဉ်မှာ ပြိုင်ဘက်အသင်းတွေကို ရှုံးပွဲတွေ အသီးသီး ကြုံတွေ့ခဲ့ရပါတယ်။ ဒါကြောင့် အမှတ်ပေးဇယားမှာ ဘိုင်ယန်မြူးနစ်က ၅၉ မှတ်နဲ့ ဦးဆောင်နေပြီး လစ်ဇစ်က ၄၉ မှတ်နဲ့ ဒုတိယ၊ ဒေါ့မွန်က ၄၃ မှတ်နဲ့ တတိယနေရာတွေမှာ ရှိနေကြပါတယ်။

## ပြိုင်ဘက်အသင်းတွေထက် ခံစစ်ပိုင်းပိုကောင်းအောင် ပြင်ဆင်သွားမယ်ဆိုတဲ့ ချယ်လ်ဆီး

ချယ်လ်ဆီးအသင်းအနေနဲ့ လက်ရှိခံစစ်ပိုင်းကို ပြိုင်ဘက်အသင်းတွေထက် ပိုကောင်းအောင် ပြင်ဆင်သွားမယ်လို့ နည်းပြ ကွန်တီက ဆိုပါတယ်။ လက်ရှိကစားနေတဲ့ ၃-၄-၃ ပုံစံကို ပြောင်းလဲသွားဖို့ ရှိနေပါတယ်။ ဒီကစားကွက်ဟာ ချယ်လ်ဆီးအသင်းအတွက် စွန့်စားရမှု သိပ်မရှိခဲ့ပါဘူး။ ဒီကစားကွက်ကြောင့် ချယ်လ်ဆီးအသင်းရဲ့ အောင်မြင်မှုဟာ ၁၉၉၅ ခုနှစ် နောက်ပိုင်းအကောင်းဆုံးခံစစ်ကို ရရှိထားပါတယ်။ ဒါပေမယ့်လည်း ပြိုင်ဘက်အသင်းတွေထက် ခံစစ်ပိုင်းကို အကောင်းဆုံး ပြင်ဆင်ထားဖို့ စီစဉ်နေပါတယ်။ မန်စီးတီး၊ မန်ယူတို့ဟာ ခံစစ်ပိုင်းကောင်းတဲ့ အသင်းတွေဖြစ်ကြပါတယ်။ ဒီအထဲမှာတော့ ချယ်လ်ဆီးက ခံစစ်ပိုင်း အကောင်းဆုံးအသင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ချယ်လ်ဆီးအသင်းဟာ အမှတ်ပေးဇယားထိပ်ကို ရောက်ရှိခဲ့တယ်လို့ နည်းပြ ကွန်တီက ဆိုပါတယ်။





## အက်ဖ်အေဖလားမှာ မစ်ဒယ်ဘရော့ကိုနိုင်ပြီး ဆီမီးဖိုင်နယ်တက်ခွင့်ရသွားတဲ့ မန်စီးတီး

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်မှာ မန်စီးတီးဟာ ဒေးဗစ်ဆေးဗားလ်နဲ့ အဂူရိုတို့ရဲ့ သွင်းဂိုးတွေနဲ့ မစ်ဒယ်ဘရော့အသင်းကို အနိုင်ရရှိပြီး အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ကို တက်ရောက်သွားခဲ့ပါတယ်။ မန်စီးတီးဟာ ဆီမီးဖိုင်နယ်မှာလည်း နိုင်ပွဲရပြီး ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ဖို့ အလားအလာကောင်းနေပါတယ်။ မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်မှာလည်း ရလဒ်ကောင်းတွေ ပိုင်ဆိုင်နေသလို အက်ဖ်အေဖလား ကွာတားဖိုင်နယ်မှာလည်း အနိုင်ရခဲ့တာဖြစ်ပါတယ်။ မန်စီးတီးနည်းပြ ဂွာဒီယိုလာဟာ ၂၀၁၁ ခုနှစ်က ဘာစီလိုနာအသင်းနဲ့အတူ ဝင်ဘလေကွင်းမှာ ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ဒီနှစ်ရာသီမှာ မန်စီးတီးနဲ့အတူ အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ကစားဖို့ ဝင်ဘလေကွင်းကို ပြန်လည်ခြေချခွင့် ရရှိသွားခဲ့ပါတယ်။ မန်စီးတီးက မစ်ဒယ်ဘရော့ကို အနိုင်ရပြီး ဆီမီးဖိုင်နယ်တက်ခဲ့သလို မန်စီးတီးရဲ့ပြိုင်ဘက် အာဆင်နယ်အသင်းကလည်း လင်ကွန်းစီးတီးအသင်းကို ငါးဂိုးပြတ်နဲ့ အနိုင်ရပြီး ဆီမီးဖိုင်နယ်ကို တက်နိုင်ခဲ့ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

# သမိုင်းဝင် ရှေးဟောင်း ဂုတ်ထိပ်တံတား

**မောင်သာ(ရှေးဟောင်းသုတေသန)**

မြန်မာနိုင်ငံ၏ ပထမဆုံးမီးရထားလမ်းဖြစ်သည့် ၁၆၁ မိုင် ရှည်လျားသော ရန်ကုန်-ပြည် မီးရထားလမ်းကို ၁၈၇၆ ခုနှစ်တွင် ဖောက်လုပ်ခဲ့ကာ ၁၈၇၇ ခုနှစ်တွင် စတင်ပြေးဆွဲခဲ့ပြီးနောက် မြန်မာနိုင်ငံအတွင်း မီးရထားလမ်းများ ဆက်လက်ပေါ်ထွန်းလာခဲ့သည်။ မြန်မာနိုင်ငံအတွင်း လွတ်လပ်ရေးမရမီအချိန်အထိ အသုံးပြုခဲ့သော မီးရထားလမ်းများအနက် ဗြိတိသျှတို့ ဖောက်လုပ်ခဲ့သည့် ဂုတ်ထိပ်မီးရထားလမ်းနှင့် ဂျပန်တို့ဖောက်လုပ်ခဲ့သည့် သေမင်းတမန်ရထားလမ်းတို့သည် ကမ္ဘာကျော် မီးရထားလမ်းများအဖြစ် ထင်ရှားခဲ့သည်။

ဂုတ်ထိပ်တံတား မီးရထားလမ်းသည် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်တွင် တည်ရှိ၍ တောင်ကြားနှစ်ခုအကြား ပေ ၃၀၀ ကျော်အမြင့်တွင် ဖောက်လုပ်ထားသဖြင့် တောင်ကြားကိုဖြတ်၍ တည်ဆောက်သည့် ကမ္ဘာ့အမြင့်ဆုံး ရထားလမ်းတစ်ခုအဖြစ် ထင်ရှားခဲ့သည်။ သေမင်းတမန်ရထားလမ်းသည် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် တည်ရှိ၍ ဒုတိယကမ္ဘာစစ်အတွင်း စစ်သုံ့ပန်းများနှင့် မြန်မာပြည်သူများ၏ အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသဖြင့် စစ်၏အနိဋ္ဌာရုံ ရထားလမ်းတစ်ခုအဖြစ် ထင်ရှားခဲ့သည်။

**ဂုတ်ထိပ်တံတားသို့**

ဂုတ်ထိပ်တောင်ကြားဖြတ်ရထားလမ်း(Goteik viaduct)ဟုလည်း ထင်ရှားသည့် ဂုတ်ထိပ်တံတားသည် တောင်ကြားနှစ်ခုကို သွယ်တန်းဖောက်လုပ်ထားသည့် မီးရထားလမ်းများအနက် ကမ္ဘာပေါ်တွင် အမြင့်ဆုံးနှင့် ဒုတိယ အရှည်လျားဆုံးဖြစ်ပြီး မန္တလေး-လားရှိုး မီးရထားလမ်းပေါ်ရှိ နောင်ချိုဘူတာနှင့် နောင်ပိန်ဘူတာအကြား နောင်ချိုဘူတာမှ ခုနစ်မိုင်အလွန်၊ မိုင်တိုင်အမှတ်(၄၆၃/၀၉)တွင် တည်ရှိသည်။

လွန်ခဲ့သည့် နှစ် ၁၂၀ နီးပါး ခရစ်နှစ် ၁၈၉၉ ခုနှစ်တွင် တည်ဆောက်ခဲ့သည့် ဂုတ်ထိပ်တံတား မီးရထားလမ်းသည် တည်ဆောက်ခဲ့စဉ်အချိန်မှစ၍ နည်းပညာ အဆင့်မြင့်မားမှုနှင့် လှပသော သဘာဝဝန်းကျင်များကြောင့် ခေတ်အဆက်ဆက် ထင်ရှားခဲ့သည်။ မြန်မာနိုင်ငံ၏ ထူးခြားသော ခရီးသွားနေရာတစ်ခု ဖြစ်လာခဲ့သည့် ဂုတ်ထိပ်တံတားသည် ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်တစား လာရောက်လေ့လာကြည့်ရှုကြရသည့် ရှေးဟောင်းသမိုင်းဝင် တံတားကြီးတစ်ခုအဖြစ် ကျော်ကြားလျက်ရှိပေသည်။

မြန်မာနိုင်ငံ၏အမြင့်ဆုံး မီးရထားလမ်းရှိသည့် ဂုတ်ထိပ်တံတားသို့ မီးရထားဖြင့်သွားရောက်နိုင်သကဲ့သို့ မော်တော်ယာဉ်ဖြင့်လည်း သွားရောက်နိုင်သည်။ ဂုတ်ထိပ်သို့ မော်တော်ကားဖြင့် သွားရောက်ကြသူများသည် နောင်ချိုမြို့မှတစ်ဆင့် သွားရောက်နိုင်ကြသည်။

ဂုတ်ထိပ်သို့ မီးရထားဖြင့်သွားလိုလျှင် မန္တလေးမြို့မှထွက်ခွာသည့် မန္တလေး-လားရှိုး မီးရထားကိုစီးကာ ဂုတ်ထိပ်တံတားပေါ်မှ ဖြတ်သန်းပြီးနောက် ဂုတ်တွင်းဘူတာတွင် ဆင်းသက်နိုင်သည်။ ယခင်က ခရီးသွားများအား ဂုတ်ထိပ်တံတားပေါ်သို့ လမ်းလျှောက်ဖြတ်သန်းခွင့်ပြုခဲ့သော်လည်း ယခုအခါတွင် တံတားကြီး ရေရှည်ကြံ့ခိုင်မှုရှိစေရန်နှင့် ခရီးသွားများ အသက်အန္တရာယ်မဖြစ်ပွားစေရန် တံတားပေါ်ဖြတ်သန်းခွင့်ကို ပိတ်ပင်ထားသည်။ ထို့ကြောင့် မီးရထားဖြင့် လာကြသူများသည် ဂုတ်ထိပ်ဘူတာတွင် မဆင်းကြတော့ဘဲ မီးရထားဖြင့် တံတားပေါ်မှ ဖြတ်သန်းကာ ဂုတ်တွင်းဘူတာအထိ စီးကြပြီး အပြန်ခရီးတွင် ဂုတ်တွင်းဘူတာမှ မီးရထားစီး၍ တံတားကြီးပေါ်မှ ပြန်လည်ဖြတ်သန်းလေ့ရှိကြသည်။

လွန်ခဲ့သော ရက်သတ္တပတ်က ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာနတွင် ဖွင့်လှစ်ထားသည့် စာပေဖန်တီးရေးသားမှုနှင့် တည်းဖြတ်မှုအတတ်ပညာ ဒီပလိုမာ သင်တန်းမှ ခရီးသွားဝါသနာပါသူ သင်တန်းသားများသည် ရှမ်းပြည်နယ်မြောက်ပိုင်းသို့ မော်တော်ကားဖြင့် လေ့လာရေးခရီးထွက်ခဲ့ကြရာ ကျွန်တော်လည်း လိုက်ပါခဲ့သည်။

နောင်ချိုမြို့သို့ရောက်ရှိနေသည့် ကျွန်တော်တို့အဖွဲ့သည် နောင်ချိုမြို့မှ မော်တော်ကားလမ်းခရီး ရှစ်မိုင်ကွာဝေးသည့် ဂုတ်ထိပ်သို့သွားရန် ပြင်ဦးလွင်-လားရှိုး ပြည်ထောင်စုလမ်းမကြီး၏ ယာဘက်သို့ ဝင်ခဲ့ကြပြီး ရွှေပြည်ညွှန့်ကျေးရွာကို ဖြတ်ကျော်ခဲ့ကြသည်။ တံတားသို့မရောက်မီ တစ်နေရာ၌ ကားလမ်း၏ ယာဘက်ခြမ်းတွင် ဂုတ်ထိပ်တံတားကြီးကို အဝေးမှ မြင်တွေ့ကြရသည်။ မကြာမီ ကျယ်ပြန့်သော လွင်ပြင်တစ်ခုသို့ ရောက်ရှိခဲ့ကြပြီး လှေကားထစ်များမှတစ်ဆင့် ဂုတ်ထိပ်ဘူတာသို့ ဆင်းခဲ့ကြသည်။ ဂုတ်ထိပ်ဘူတာသည် အနိမ့်ပိုင်းတွင်ရှိနေသဖြင့် ကားလမ်းပေါ်မှ မမြင်တွေ့ရပါချေ။

ဂုတ်ထိပ်ဘူတာမှ ရထားသံလမ်းလမ်းအတိုင်း အုံ့ဆိုင်းနေသည့် သစ်ပင်များအောက်မှဖြတ်သန်းကာ တံတားကြီးရှိရာသို့ လမ်းလျှောက်သွားကြရသည်။ ဂုတ်ထိပ်တံတားပေါ်မှ နေ့စဉ် မန္တလေး-လားရှိုး မီးရထားတစ်စင်းသာ ဖြတ်သန်းသဖြင့် မီးရထားဖြတ်သွားပြီးတိုင်း ရထားလမ်းကို ပြန်လည်ပိတ်ထားကာ ဂုတ်ထိပ်သို့ ရောက်လာသူများအား တံတားပေါ်မှ ဖြတ်သန်းမလျှောက်ရန် တားမြစ်ထား သည်။ သို့သော် တံတားကြီးကို အနီးကပ်မြင်တွေ့ကာ ဓာတ်ပုံမှတ်တမ်းများ ရိုက်ကူးနိုင်ကြသည်။ ထို့အတူတံတားအနီး ကုန်းမြင့်တစ်ခုပေါ်တွင် ခုံတန်းလျားများ ချထားပေးသဖြင့် ခရီးသွားများသည် တံတားကြီး၏လှပသော မြင်ကွင်းကို ဓာတ်ပုံများ ရိုက်ကူးနိုင်ကြပေသည်။



**ဂုတ်ထိပ်(သို့မဟုတ်)မြင်းခုံတံတား**

ဂုတ်ထိပ်တံတားသည် ကမ္ဘာ့အမြင့်ဆုံး မီးရထားသံလမ်းတံတား(trestle)ဖြစ်ပြီး အင်္ဂလိပ်စကားလုံး trestle ကို မြင်းခုံဟု မြန်မာဝေါဟာရဖလှယ်ကာ မြင်းခုံတံတားဟုလည်း ခေါ်ဆိုကြသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်ရှိ ဟိုကွတ်ကျေးရွာသည် မန္တလေးမြို့မှ အရှေ့မြောက်ဘက်သို့ မိုင် ၆၀ ကွာဝေးသည်။ အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို အုပ်စိုးထားစဉ် ၁၈၉၈ ခုနှစ်တွင် ဟိုကွတ်သည် ရွာ ၄၈ ရွာကို အုပ်ချုပ်ရသော တိုက်နယ်ဖြစ်ခဲ့သည်။ ဟိုကွတ်ဟူသောအမည်သည် ထိုနေရာတွင် မြစ်ချောင်းများ ငုပ်လျှိုးကွယ်ပျောက်၍သွားသည်ကို အစွဲပြု၍ ခေါ်ဆိုခြင်းဖြစ်ကြောင်း မြန်မာ့စွယ်စုံကျမ်း အတွဲ(၃)တွင် ဖော်ပြထားသည်။ နမ်းပဆေးမြစ်သည် ဟိုကွတ်ရွာအနီးတွင် မြေကြီးထဲသို့ ငုပ်လျှိုးသွားပြီး အခြားတစ်နေရာရောက်မှ ပြန်ပေါ်လာသဖြင့် နမ်းပဆေးမြစ် ငုပ်သွားသည့် ထိပ်နေရာဟု ရည်ညွှန်းလျက် ငုပ်ထိပ်ကျေးရွာဟု ခေါ်ခဲ့ကြရာမှ ကာလရွေ့လျောလာမှုနှင့်အတူ ငုပ်ထိပ်မှ ဂုတ်ထိပ် ဖြစ်လာခဲ့သည်။

ဂုတ်ထိပ်တံတားအောက်တွင် စီးဆင်းနေသည့် မြစ်ရေကို အဝေးမှမြင်နိုင်သော်လည်း နမ်းပဆေးမြစ်သည် ဂုတ်ထိပ်တံတားအောက်တွင် ကျောက်လိုဏ်ဂူအတွင်း ဝင်ရောက်သွားသောကြောင့် ပျောက်ကွယ်နေသည်။ ထိုနေရာတွင် ကျောက်လိုဏ်ဂူသုံးခု ရှိနေပြီး နမ်းပဆေးမြစ်သည် ကျောက်လိုဏ်သုံးခုကို ဖြတ်သန်းကာ အဝေးရောက်မှ ပြန်လည်ပေါ်ထွက်လာသည်။ ဂုတ်ထိပ်တံတား တိုင်အမှတ်(၁၆)ကို ပထမဂူ၏ အမိုးပေါ်တွင် စိုက်ထူထားသည်။

ဗြိတိသျှအစိုးရသည် ၁၈၉၇ ခုနှစ်တွင် မန္တလေးမှ ဗန်းမော်သို့ မီးရထားလမ်းဖောက်ခဲ့ပြီးနောက် မန္တလေးမှ ကွမ်းလုံသို့လည်း မီးရထားလမ်းဖောက်လုပ်ရန် စီစဉ်ခဲ့ရာမှ ဂုတ်ထိပ်ကျေးရွာတွင် ကမ္ဘာကျော် မီးရထားလမ်းကြီး ပေါ်ပေါက်လာခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံ၏ မီးရထားပို့ဆောင်ရေးလုပ်ငန်းများကို တာဝန်ယူရသည့် ဗမာ့မီးရထားလမ်းကုမ္ပဏီ(Burma Railroad Company)တွင် ဗြိတိသျှနှင့် မြန်မာအင်ဂျင်နီယာများ တာဝန်ထမ်းဆောင်ခဲ့ကြသည်။

ဗြိတိသျှအစိုးရသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံး မီးရထားလမ်းဖြစ်လာမည့် ဂုတ်ထိပ်တံတားကို တာဝန်ယူတည်ဆောက်ရန် ဗမာ့မီးရထားကုမ္ပဏီအား တာဝန်ပေးအပ်ခဲ့သည်။ ထို့ကြောင့် ဗမာ့မီးရထားကုမ္ပဏီသည် တောင်ကြားဖြတ်တံတားကြီးကို တည်ဆောက်၍ တံတားပေါ်တွင် မီးရထားလမ်းဖောက်လုပ်ရန် ၁၈၉၉ ခုနှစ်တွင် အမေရိကန်နိုင်ငံမှ ပင်ဆယ်လ်ဗေးနီးယားနှင့် မေရီလန်း စတီးကုမ္ပဏီတို့အား ငှားရမ်းခဲ့သည်။ သို့သော်လည်း ဗမာ့မီးရထားလမ်း ကုမ္ပဏီမှ အင်ဂျင်နီယာ Sir Arthur Rendel နှင့် ဗြိတိသျှ၊ မြန်မာ အင်ဂျင်နီယာများက တံတားကြီးကို တည်ဆောက်ခဲ့ကြသည်။

တံတားဒီဇိုင်းကို ဗြိတိန်နိုင်ငံမှ ဆာအေအမ်ရင်း ဒဲလ်အင်ကုမ္ပဏီက ရေးဆွဲခဲ့သည်။ တံတားကြီးကို ထောက်ပင့်ထားသော သံတိုင်များအနက် အမြင့်ဆုံးတိုင်သည် ပေ ၃၂၀ မြင့်၍ တံတားပေါင်းကူးအကျယ် ပေ ၁၂၀ ရှိကာ အနိမ့်ဆုံးသံတိုင်သည် ၄၅ ပေ မြင့်သည်။ ပေ ၃၀၀ ကျော်မတ်စောက်သည့် လျှိုကြီးနှစ်ခုကို ဖြတ်သန်းထားသည့် ဂုတ်ထိပ်တံတားတွင် တံတားတိုင်ပေါင်း ၁၆ တိုင်ရှိရာ အလယ်တိုင်များဖြစ်ကြသည့် တိုင်အမှတ် (၈)နှင့် (၉)သည် အမြင့်ဆုံး ဖြစ်ကြသည်။

ဂုတ်ထိပ်တံတားသည် ပေ ၂၂၆၀ ရှည်လျားပြီး တံတား၏ အောက်ခြေသံတိုင်အချို့ကို အနိမ့်ဆုံးချိုင့်ဝှမ်း မြေပြင်မှ ပေ ၁၀၀၀ အမြင့်တွင် စိုက်ထူထားသည်။ တံတား၏ ပျမ်းမျှအမြင့်သည် တံတားအောက်ရှိ လိုဏ်ဂူအောက်တွင် ဖြတ်သန်းစီးဆင်းနေသော မြစ်ရေပြင်မှအထက် ပေ ၈၂၀ ဖြစ်ပြီး အမြင့်ဆုံး ထောက်တိုင်အပေါ်ရှိ မီးရထားသံလမ်းသည် တံတားအောက်မြေပြင်မှ ၃၃၅ ပေ မြင့်သည်။ တံတားတစ်ခုလုံးအတွက် သံနှင့် သံမဏိ ၄၃၁၁ တန်၊ သံမှိုပေါင်းတစ်သန်း အသုံးပြုခဲ့ရပြီး တံတားကြီး တည်ဆောက်ရာတွင် အသုံးပြုသောပစ္စည်းများကို အမေရိကန်နိုင်ငံမှ တိုက်ရိုက်မှာယူတင်သွင်းခဲ့သည်။

တံတားကြီး ဆောက်လုပ်မှုလုပ်ငန်းများကို ၁၈၉၉ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်နေ့တွင် ပြီးစီးခဲ့ကာ ငွေကျပ် ၁၆၉၈၂၀၀ ကုန်ကျခဲ့သည်။ ၁၉၀၁ ခုနှစ်တွင် တံတားကြီးကို စတင် အသုံးပြုခဲ့သည်။

ဂုတ်ထိပ်တံတားကြီးသည် ဒုတိယ ကမ္ဘာစစ်ကာလအတွင်း မဟာမိတ်တို့၏ မြေလှန်စနစ်ကြောင့် ဖျက်ဆီးခြင်းခံခဲ့ရသဖြင့် တိုင်အမှတ် (၂)နှင့် (၅)တို့ ပျက်စီးခဲ့သည်။ မြန်မာနိုင်ငံမှ ဂျပန်တို့ ပြန်လည်ဆုတ်ခွာချိန်တွင် ဂုတ်ထိပ်တံတား၏ အမြင့်ဆုံးတိုင်များဖြစ်သည့် အလယ်တိုင်လေးတိုင်ကို ဗုံးခွဲဖျက်ဆီးခဲ့သဖြင့် တိုင်အမှတ်(၁၁)သည် အောက်ခြေပြတ်ခဲ့ပြီး တိုင်အမှတ်(၁၀)နှင့် (၁၂)တို့ လဲကျပျက်စီးခဲ့ကြသည်။ ထိုတိုင်များပေါ်တွင် တပ်ဆင်ထားသော ပေ ၁၂၀ စီရှည်သည့် ပေါင်းကူးသံပေါင် လေးခုသည်လည်း မြေပေါ်သို့ ပြုတ်ကျခဲ့သည်။

၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့်နောက် မြန်မာနိုင်ငံမီးရထားဌာနက ပျက်စီးနေသော ဂုတ်ထိပ်တံတားကြီးကို ၁၉၄၈ ခုနှစ် မေလတွင် စတင်ပြင်ဆင်ခဲ့သည်။ သို့သော် တံတားပြင်ဆင်မှုလုပ်ငန်းသည် ပစ္စည်းများရှားပါးမှုနှင့်လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုတို့ကြောင့် သုံးနှစ်ကျော် အချိန်ကြာမြင့်ခဲ့ကာ ၁၉၅၁ ခုနှစ် ဩဂုတ်လတွင် ပြီးစီးခဲ့သည်။ ထိုအချိန်က ဂုတ်ထိပ်တံတားကြီး ပြင်ဆင်မှုဆောင်ရွက်သည့် လုပ်ငန်းအတွက် ငွေကျပ် ၃၂ သိန်း ကုန်ကျခဲ့သည်။

ဗြိတိသျှတို့သည် ကမ္ဘာ့ခဲသိုက်ကြီးဟု ခေါ်ဆိုနိုင်သော နမ္မတူဘော်တွင်းမှ သတ္တုများကို သယ်ယူရန်ရည်ရွယ်လျက် မန္တလေး-ကွမ်းလုံ မီးရထားလမ်းကို ဖောက်လုပ်ခဲ့သည်။ ရထားလမ်းဖြတ်သန်းသွားမည့် ဂုတ်ထိပ်တံတားကို ဂုတ်ထိပ်ကျေးရွာရှိ တောင်ထိပ်နှစ်ခုကို သွယ်တန်း၍ လျှိုမြောင်ကြီးကို ဖြတ်ကျော်ဖောက်လုပ်ခဲ့သည်။ ဂုတ်ထိပ်တံတားကြီးသည် ဗြိတိသျှတို့၏ အကျိုးစီးပွားကို များစွာ အထောက်အပံ့ ဖြစ်စေခဲ့သည်။

အခြားနိုင်ငံများတွင် ဂုတ်ထိပ်တံတားကဲ့သို့ တံတားများ တည်ဆောက်ခဲ့ရာတွင် ကွန်ကရစ်ကိုသာ အများဆုံးအသုံးပြု တည်ဆောက်ခဲ့ကြသည်။ စတီးလ်၊ သံမဏိ၊ သံချောင်းများဖြင့် ထောက်ခံ တည်ဆောက်ထားသော တံတားများတွင် မြန်မာနိုင်ငံမှ ဂုတ်ထိပ်တံတားနှင့် ကနေဒါနိုင်ငံ အယ်ဘာတာမှ လက်သ်(Leth)တံတားတို့သည် အမြင့်ဆုံးဖြစ်ကြသည်။ လက်သ်တံတားက ဂုတ်ထိပ်တံတားထက် အလျားနှစ်ဆ ပိုရှည်သဖြင့် တောင်ကြားတွင်ဖောက်လုပ်သည့် အရှည်ဆုံး မီးရထား လမ်းဖြစ်ခဲ့ပြီး ဂုတ်ထိပ်တံတားက အမြင့်ဆုံးနှင့် ဒုတိယအရှည်ဆုံး တောင်ကြားဖြတ်မီးရထားလမ်းတံတားအဖြစ် ထင်ရှားခဲ့ပေသည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်ရှိ ဂျိုစိုတံတား၊ နယူးယောက်ရှိ ပိုကိပ်စီတံတား၊ ပင်ဆယ်လ်ဗေးနီးယားရှိ ကင်ဇူဝါတံတားတို့သည်လည်း စတီးထောက်တိုင်များဖြင့် တည်ဆောက်ထားသော တံတားများဖြစ်ကြပြီး ဂုတ်ထိပ်တံတားနှင့် အရွယ်အစားတူညီကြသည်။ သို့သော်လည်း အဆိုပါတံတားများသည် ဂုတ်ထိပ်တံတားလောက် ထင်ရှားခြင်း မရှိခဲ့ပါချေ။

ဂုတ်ထိပ်တံတားကြီးသည် ယခုအခါ သက်တမ်းအားဖြင့် နှစ် ၁၀၀ ကျော်ခဲ့ပြီဖြစ်ရာ တံတားကြီး၏ ကြံ့ခိုင်မှုသည်လည်း မူလဆောက်လုပ်ရေးကုမ္ပဏီ၏ အာမခံသက်တမ်း ကုန်ဆုံးနေပြီဖြစ်သည်။ မြန်မာနိုင်ငံအား ဗြိတိသျှတို့ အုပ်စိုးခဲ့စဉ်ကာလက နိုင်ငံ၏ အရှေ့မြောက်ပိုင်းကို လွှမ်းမိုးနိုင်ရန်နှင့် စီးပွားရေးအထောက်အပံ့ဖြစ်ရန် ရည်ရွယ်ကာ တည်ဆောက်ဖောက်လုပ်ခဲ့သော ဂုတ်ထိပ်တံတားသည် သာယာလှပသော ရှမ်းပြည်နယ်မြောက်ပိုင်းအလှနှင့် ပေါင်းစပ်ကာ ကမ္ဘာကျော်တံတား တစ်စင်းအဖြစ် ကာလရှည်ကြာကတည်းကပင် ရပ်တည်နိုင်ခဲ့ပေသည်။

ဂုတ်ထိပ်တံတား၏ ပျက်စီးယိုယွင်းမှုများကို ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းလာခဲ့ခြင်းကြောင့် Goteik viaduct သည် ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားဖွယ်သွားရောက်လေ့လာကြရသည့် နေရာတစ်ခုအဖြစ် တစ်နှစ်ထက်တစ်နှစ် ပိုမိုထင်ရှားလျက်ရှိနေသည်။ ယခုအခါ သက်တမ်း နှစ် ၁၀၀ ကျော်ပြီဖြစ်သည့် ဂုတ်ထိပ်တံတားကြီးသည် သမိုင်းဝင် ရှေးဟောင်းပစ္စည်းတစ်ခုအဖြစ် တည်ရှိနေပေသည်။

ဂုတ်ထိပ်တံတားသို့ လာရောက်လည်ပတ်ကြသော ပြည်တွင်းပြည်ပ ခရီးသည်များသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလျက်ရှိရာ သမိုင်းဝင် ရှေးဟောင်းတံတားကြီးကို ရေရှည်ကြံ့ခိုင်အောင် ထိန်းသိမ်းစောင့်ရှောက်ထားနိုင်သည်နှင့်အမျှ ဂုတ်ထိပ်တံတား ခရီးသွားလုပ်ငန်းနှင့် ဆက်နွှယ်နေသည့် ဝင်ငွေများသည် နှစ်စဉ်တိုးတက်လာမည်ဖြစ်ပေသည်။ ထို့အတူ ဂုတ်ထိပ်တံတား အနီးဝန်းကျင်ရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာမည်သာ ဖြစ်ပါပေသည်။ ။

**ကိုးကား**

**(၁) မြန်မာ့စွယ်စုံကျမ်း အတွဲ(၃)**
**(၂) Goteik Viaduct**
**(၃) ကိုယ်တွေ့ခရီးသွားမှတ်တမ်း**

> **ဂုတ်ထိပ်တံတားကြီးသည် ယခုအခါ သက်တမ်းအားဖြင့် နှစ် ၁၀၀ ကျော်ခဲ့ပြီဖြစ်ရာ တံတားကြီး၏ ကြံ့ခိုင်မှုသည်လည်း မူလဆောက်လုပ်ရေးကုမ္ပဏီ၏ အာမခံသက်တမ်း ကုန်ဆုံးနေပြီဖြစ်သည်။ မြန်မာနိုင်ငံအား ဗြိတိသျှတို့ အုပ်စိုးခဲ့စဉ်ကာလက နိုင်ငံ၏ အရှေ့မြောက်ပိုင်းကို လွှမ်းမိုးနိုင်ရန်နှင့် စီးပွားရေးအထောက်အပံ့ဖြစ်ရန် ရည်ရွယ်ကာ တည်ဆောက်ဖောက်လုပ်ခဲ့သော ဂုတ်ထိပ်တံတားသည် သာယာလှပသော ရှမ်းပြည်နယ်မြောက်ပိုင်းအလှနှင့် ပေါင်းစပ်ကာ ကမ္ဘာကျော် တံတားတစ်စင်းအဖြစ် ကာလရှည်ကြာကတည်းကပင် ရပ်တည်နိုင်ခဲ့ပေသည်**

# မကွေးမြို့ ဗိုလ်ချုပ်လမ်း၌ အပူချိန်ပြ LED ဆိုင်းဘုတ်များစိုက်ထူ

**မကွေး မတ် ၁၃**
အပူချိန်မြင့်မားသော အညာမြေ၏ မြို့တော်တစ်ခုဖြစ်သည့် မကွေးမြို့တွင် အပူချိန်တိုင်းတာပြသသည့် LED ဆိုင်းဘုတ်များကို အများပြည်သူ သွားလာအသုံးပြုမှု အများဆုံးဖြစ်သည့် ဗိုလ်ချုပ်လမ်းပေါ်၌ မတ်လဆန်းမှစ၍ မြို့နယ်စည်ပင်သာယာရေးကော်မတီက စိုက်ထူပေးထားကြောင်း သိရသည်။

ဗိုလ်ချုပ်မြင်းစီးကြေးရုပ်ပန်းခြံအနီး ဗိုလ်ချုပ်လမ်းနှင့် (၁)လမ်းထောင့်တွင် ဆိုင်းဘုတ် တစ်ခု၊ ဗိုလ်ချုပ်လမ်းနှင့် နတ်မောက်လမ်းထောင့်တွင် ဆိုင်းဘုတ်တစ်ခုတို့ကို လတ်တလော တပ်ဆင်ထားခြင်းဖြစ်သည်။ "သွားရင်းလာရင်း မြင်နေရတော့ နေထိုင်၊ သွားလာ၊ စားသောက်မှုတွေကို ဆင်ခြင်နိုင်တာကြောင့် ဒီလိုလုပ်ပေးတာ ကောင်းပါတယ်။ LED မှာ ပြထားတဲ့ အပူချိန်တွေကိုလည်း အမြဲတမ်း မှန်စေချင်တယ်"ဟု ဆိုင်းဘုတ်များ တပ်ဆင်ပေးခြင်းနှင့် ပတ်သက်၍ ဒေသခံတစ်ဦးဖြစ်သူ ဦးအောင်တင်ဝင်းက သူ၏အမြင်ကို ပြောသည်။



အဆိုပါ အပူချိန်ပြ LED ဆိုင်းဘုတ်များတွင် မြန်မာ့ရုပ်မြင်သံကြားနှင့် အခြား တီဗွီချန်နယ်များမှ ထုတ်ပြန်ကြေညာပေးလျက်ရှိသည့် မိုးလေဝသ ခန့်မှန်းချက်များအပြင် မကွေးမြို့တွင် ဖြစ်ပေါ်နေသည့် ပြင်ပအပူချိန်ကို အချိန်နှင့်တစ်ပြေးညီ သိရှိဖော်ပြနိုင်ရန်လည်း လုပ်ဆောင်ထားကြောင်း မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးကျော်စိုးမင်း၏ ပြောကြားချက်အရ သိရသည်။
**ဇေယျာတု(မကွေး)**

# ရခိုင်ပြည်နယ်အတွင်း မှုခင်းကျဆင်းရေးအတွက် ပြည်သူလူထုကို အသိပညာပေးရေး ဆွေးနွေး

**စစ်တွေ မတ် ၁၃**
ရခိုင်ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ လောင်းကစားမှုနှိမ်နင်းရေး၊ အရက်ပုန်းဆိုင်များ ကင်းရှင်းရေးနှင့် မှုခင်းကျဆင်းရေး ဆောင်ရွက်ရာတွင် လိုအပ်သော အကြံဉာဏ်များ ရရှိရန်နှင့် ပြည်သူလူထုများအား အသိပညာပေးရေးကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့၊ စစ်တွေခရိုင်နှင့် မြို့နယ် စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအဖွဲ့အစည်းများ မတ် ၁၁ ရက်က စစ်တွေမြို့ဦးဥတ္တမခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းက ရခိုင်ပြည်နယ်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေကြောင်း၊ ဒေသတစ်ခုသည် တည်ငြိမ်အေးချမ်းမှုရှိမှ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ထို့အပြင် ဖွံ့ဖြိုးတိုးတက်မှုရှိမှလည်း ထိုဒေသသည် တည်ငြိမ်အေးချမ်းမှုရှိမည်ဖြစ်သည့်အတွက် ပြည်နယ်အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးကို တစ်ပြိုင်တည်း ဆောင်ရွက်နေကြောင်း၊ ရဲတပ်ဖွဲ့ဝင်များနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့များကလည်း နယ်မြေသတင်း၊ နယ်မြေလုံခြုံရေးတို့ကို အမြဲလေ့လာလျက်ရှိပြီး ဒေသခံပြည်သူများကလည်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းကာ ကူညီဆောင်ရွက်စေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိန်လွင်က ပြည်နယ်အတွင်း မှုခင်းဖြစ်ပွားမှု အခြေအနေများနှင့် ရဲတပ်ဖွဲ့ဝင်များ၏ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးပြီး စစ်တွေခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ခရိုင်နှင့် မြို့နယ်အတွင်း မှုခင်းဖြစ်ပွားမှု အခြေအနေနှင့် ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဆွေးနွေးပွဲသို့တက်ရောက်ကြသည့် မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တက္ကသိုလ်များမှ ကျောင်းသားများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက သိရှိလိုသည်များကို တင်ပြမေးမြန်းပြီး ပြည်နယ်ဝန်ကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **တင်ထွန်း(ပြန်/ဆက်)**



မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် တောင်တန်းဒေသ၊ သာသနာ့နုဂ္ဂဟအသင်း၊ ရန်ကုန်မြို့အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်နှင့် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း)တို့ ပူးပေါင်းဖွင့်လှစ်သော နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ၌ သာသနာ့နုဂ္ဂဟအသင်းဝင်များနှင့် ကျောင်းသားများအား ဆုယူအပြီးတွေ့ရစဉ် မီးမီး(လှိုင်)

# နွေရာသီကျောင်းပိတ်ရက် တိုက်ကွမ်ဒိုသင်တန်းဖွင့်

**ကသာ မတ် ၁၃**
နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသားလူငယ်များ စိတ်ဓာတ်စွမ်းအားနှင့် ကိုယ်ခန္ဓာကြံ့ခိုင်မှု မြင့်မားရေးအတွက် တိုက်ကွမ်ဒိုသင်တန်းကို ကသာခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ မတ် ၁၀ ရက်မှ စတင်ဖွင့်လှစ် ပို့ချပေးလျက်ရှိကြောင်း သိရသည်။

သင်တန်းကို ကသာမြို့ မီတာ(၄၀၀) အားကစားကွင်းအတွင်း ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပြီး သင်တန်းဆရာများအဖြစ် တိုက်ကွမ်ဒိုနည်းပြဆရာ ဦးမြင့်ဦး၊ တွဲဖက်ကိုဝဏ္ဏ(ခ)ဝေယံနှင့် ရွှေတံဆိပ်ဆုရှင် မနှင်းနန္ဒာကျော်တို့က သင်ကြားပေးကြောင်း သိရသည်။ သင်တန်းသို့ ကျောင်းသားလူငယ် ၄၀ တက်ရောက်လေ့လာ သင်ယူနေကြပြီး သင်တန်းကာလမှာ မတ် ၁၀ ရက်မှ ဧပြီ ၁၀ ရက်အထိ တစ်လကြာမြင့်မည်ဖြစ်ကြောင်း၊ သင်တန်းကို ကျောင်းသား ကျောင်းသူ လူငယ်များ ကာယဉာဏစွမ်းရည်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ အခမဲ့ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။ **ငွေအိုး(ကသာ)**



# ရေတာရှည်မြို့နယ်အတွင်းမှ နွေစပါးစိုက်ခင်းများတွင် ဆစ်ပိုးများကျရောက်

**ရေတာရှည် မတ် ၁၃**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ဆွာရေသောက်ဖြင့် စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများ သက်တမ်းတစ်လကျော် ရှိလာသည့်အချိန်၌ ဆစ်ပိုးများကျရောက်လျက်ရှိပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တောင်သူများအနေဖြင့် မိမိတို့လယ်တွင် ရောဂါပိုးမွှားများ ကျရောက်ပါက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ ဆက်သွယ်၍ အကူအညီတောင်းကာ ဆောင်ရွက်ခြင်းဖြင့် ပိုးမွှားနှိမ်နင်းရေးတွင် ထိရောက်မှုရှိသည့်အပြင် အကုန်အကျလည်း သက်သာနိုင်မည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းမြင့်က ပြောကြားသည်။

"တောင်သူတွေအနေနဲ့ စပါးခင်းတွေ ပိုးကျရင် ကိုယ့်အစီအစဉ်နဲ့ကိုယ် ဆောင်ရွက်ရင် အနာတခြား ဆေးတခြားဖြစ်ပြီး ကုန်ကျမှုတွေများတဲ့အပြင် ထိရောက်မှုလည်း အားနည်းတယ်။ အဲဒီတော့ ကျွန်တော်ပြောချင်တာက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကို ဆက်သွယ်အကြောင်းကြားစေချင်တယ်။ ကျွန်တော်တို့လည်း နေ့တိုင်းကွင်းဆင်းပေမယ့် နယ်မြေကျယ်တော့ ဧရိယာတစ်ခုလုံးကို မရောက်နိုင်သေးဘူး"ဟု ၎င်းက ပြောသည်။

တောင်သူများအနေဖြင့် နွေစပါးစိုက်ပျိုးရာတွင် ထွန်ယက်စိုက်ပျိုးစရိတ်ထက် နောက်ဆက်တွဲလုပ်ငန်းများဖြစ်သော မြေသြဇာအမျိုးမျိုး ထည့်သွင်းရသည့်စရိတ်၊ အလုပ်သမား ငှားရမ်းခနှင့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးစသည့် သွင်းအားစုများအတွက် ကုန်ကျစရိတ်များက ပိုမိုမြင့်တက်လျက်ရှိသည့်အတွက် လက်ရှိဝယ်ယူသုံးစွဲနေရသည့် မြေသြဇာဈေးနှုန်းများ ကြီးမြင့်မှုကို လျှော့ချပေးနိုင်ရန် တောင်သူအားလုံးက မျှော်လင့်လျက်ရှိသည်။
**ကိုလွင်(ဆွာ)**

# ရန်ပုံငွေအပေါ်မူတည်၍ အဓိကလမ်းများတွင် လူကူးမျဉ်းကျားနှင့် လမ်းလယ်မျဉ်းများ ရေးဆွဲမည်

**မုံရွာ မတ် ၁၃**
မုံရွာမြို့ပေါ်ရှိ ပြည်သူများသွားလာမှုများသော အဓိကလမ်းများပေါ်တွင် လူကူးမျဉ်းကျားနှင့် လမ်းလယ်မျဉ်းများ ရေးဆွဲရန်အတွက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လူကူးမျဉ်းကျားနှင့် လမ်းလယ်မျဉ်းများရေးဆွဲရန် အစီအစဉ် ရှိ-မရှိကို မတ် ၁၀ ရက်ကပြုလုပ်သည့် ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်သူရက တိုက်တွန်းမေးမြန်းရာ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က ဖြေကြားခဲ့ခြင်းဖြစ်သည်။

မုံရွာမြို့ပြည်သူ့ဆေးရုံရှေ့၊ အထက(၃)ကျောင်းရှေ့၊ အထကခွဲ(၄)ကျောင်းရှေ့၊ အထက(၁)အလုံနှင့် အထက(၂)အလုံကျောင်းရှေ့၊ ချင်းတွင်းရတနာဈေးရှေ့များတွင် လူကူးမျဉ်းကျား ရေးဆွဲပေးရန်နှင့် ယာဉ်မောင်းသူများ သတ်မှတ်ထားသည့်လမ်းကြောင်းအတိုင်း မောင်းနှင်ကာ ယာဉ်တိုက်မှုဖြစ်ပွားပါကလည်း မှား/မှန် လွယ်ကူစွာသုံးသပ်နိုင်ရေးတို့အတွက် လမ်းလယ်မျဉ်းများရေးဆွဲပေးရန် အစီအစဉ် ရှိ-မရှိကို မေးမြန်းခဲ့ခြင်းဖြစ်သည်။

"မုံရွာမြို့ဟာ စစ်ကိုင်းတိုင်းဒေသကြီးရဲ့မြို့တော်လည်းဖြစ်၊ အနောက်မြောက်ဒေသရဲ့ အဓိကကျတဲ့မြို့လည်းဖြစ်၊ အိန္ဒိယကုန်စည် အဓိကစီးဆင်းတဲ့ဒေသလည်းဖြစ်တဲ့အတွက် ကားနဲ့ဆိုင်ကယ်တွေ သိသိသာသာ ရှုပ်ထွေးများပြားလာတာနဲ့အတူ ကား၊ ဆိုင်ကယ်သွားရာလမ်းတွေ သတ်မှတ်ထားတာရှိပေမယ့် ခြေကျင်လျှောက်သူတွေအတွက် လူကူးမျဉ်းကျားမရှိတာကို တွေ့နေရပါတယ်။ ဖြတ်သန်းသွားလာမှုအများဆုံးနေရာများမှာ လူကူးမျဉ်းကျားလုပ်ပေးဖို့ လိုနေပါတယ်။ လူကူးမျဉ်းကျားလုပ်ပေးလိုက်ရင် ခြေကျင်ဖြတ်ကူးသူတွေအတွက် လုံခြုံစိတ်ချရမှုရှိပြီး ဥပဒေအရလည်း ကာကွယ်ပေးပြီးသား ဖြစ်သွားပါမယ်။ ဒါ့အပြင် ကား၊ ဆိုင်ကယ်မောင်းသူတွေအနေနဲ့လည်း ယာဉ်ကိုရပ်တန့်ပေးရမယ့် အသိရှိလာပြီး ယာဉ်မတော်တဆ တိုက်မိတာတွေ လျော့ကျလာမယ့်အပြင် နိုင်ငံကြီးသား စိတ်ဓာတ်တွေ မြင့်လာမယ်လို့မြင်ပါတယ်"ဟု ဗိုလ်မှူးအောင်သူရက ပြောသည်။



မုံရွာမြို့ပေါ်မှ လမ်းမကြီးတစ်ခု

မေးမြန်းမှုနှင့်ပတ်သက်၍ ဝန်ကြီးက မုံရွာမြို့အတွင်း လူကူးမျဉ်းကျားတစ်ခုလျှင် ၂၂၆၀၀၀ ကျပ်နှုန်းဖြင့် မျဉ်းကျားအခု ၃၀ ကိုလည်းကောင်း၊ လူကူးမျဉ်းကျားတွင် မီးပွိုင့်တစ်ခုလျှင် ၁၂ သိန်းနှုန်းဖြင့် အခု ၆၀ ကိုလည်းကောင်း၊ ကျပ်ငါးသိန်းနှုန်းရှိသည့် လူကူးမျဉ်းကျား အဝါရောင်အချက်ပြမီး အခု ၃၀ ကိုလည်းကောင်း စုစုပေါင်း ကျပ် ၁၃၃၈ သိန်း အကုန်အကျခံ၍ တပ်ဆင်သွားရန်စီစဉ်ထားကြောင်း ဖြေကြားခဲ့သည်။

လမ်းလယ်မျဉ်းရေးဆွဲရေးနှင့် ပတ်သက်၍လည်း အောင်မင်္ဂလာအဝိုင်းမှ ဘိုးဘွားရိပ်သာအဝိုင်းအထိ ပြည်ထောင်စုလမ်းပေါ် အရှည်ပေ ၃၈၀၀၀ တွင်လည်းကောင်း၊ ရန်ကင်းကျောင်းတိုက်ရှေ့မှ ဆွမ်းအုပ် အဝိုင်းပတ်အထိ ကျောက်ကာလမ်းပေါ် အရှည်ပေ ၁၅၉၀၀ တွင်လည်းကောင်း၊ အောင်မင်္ဂလာအဝိုင်းပတ်မှ ကန်သာယာအထိ ဗိုလ်ချုပ်လမ်းပေါ် အရှည်ပေ ၂၀၁၀၀ တွင်လည်းကောင်း၊ မြို့ပတ်လမ်းအဝိုင်းပတ်မှ ဘိုးဘွားရိပ်သာအဝိုင်းအထိ အရှည်ပေ ၈၉၀၀ တွင်လည်းကောင်း ရှစ်လက်မအကျယ် လမ်းလယ်မျဉ်းအမှတ်အသားများကို ကျပ် ၂၃၈ ဒသမ ၃၆ သန်း အကုန်အကျခံ၍ ရေးဆွဲသွားရန် စီစဉ်ထားကြောင်း ဝန်ကြီးထံမှ သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# ဒလမြို့နယ်အတွင်း ရပ်ကွက် ကျေးရွာများတွင် ရေကန်များခန်းခြောက်ပြီး သောက်သုံးရေရှားပါးလာ

**ဒလ မတ် ၁၃**

၂၀၁၄ ခုနှစ်က အယ်နီညိုနွေရာသီကြောင့် ဖြစ်သော အပူရှိန်ကြောင့် မြန်မာနိုင်ငံ အနှံ့အပြားရှိ ရပ်ကွက်/ကျေးရွာများ၌ သောက်သုံးရေရှားပါးမှုများ ကြုံတွေ့ခဲ့ရပြီးနောက် နှစ်စဉ် နွေရာသီကာလတွင် သောက်သုံးရေရှားပါးမှုကို ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်သည်။ ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်သည်လည်း နှစ်စဉ် တပေါင်း၊ တန်ခူးလ နွေရာသီကာလသို့ ရောက်ရှိလျှင် သောက်သုံးရေကန်များ ခန်းခြောက်ကာ ရေအခက်အခဲများကို ရင်ဆိုင်ကြုံတွေ့လျက်ရှိသည်။



ဒလမြို့နယ်သည် နွေရာသီကာလအတွင်း သောက်သုံးရေရှားပါးမှုနှင့် ကြုံတွေ့နေခဲ့ရသည်မှာ ၂၀၁၀ ခုနှစ်မှစ၍ ယခုအချိန်အထိဖြစ်သည်။ မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများတွင် နှစ်စဉ် လူဦးရေတိုးပွားလာမှုကြောင့် နွေရာသီတွင် သောက်သုံးရေလုံလောက်မှုမရှိဘဲ ရေမလုံလောက်မှုအတွက် ပူပန်နေရဆဲဖြစ်သည်။ ဒေသခံပြည်သူများမှာ ကန်ရေကိုသာ အဓိက အားထားသုံးစွဲနေကြရပြီး သောက်သုံးရေကန်များမှာ လူဦးရေနှင့် မျှတမှုမရှိကြောင်း သိရသည်။

ဒလမြို့နယ်ရှိ ရပ်ကွက်ပေါင်း ၂၄ ခု၌ အိမ်ခြေ ၂၁၃၆၃ လုံး၊ အိမ်ထောင်စု ၂၄၁၉၂ စု၊ လူဦးရေ ၁၀၇၉၆၆ ဦးရှိပြီး ကျေးရွာအုပ်စု ၂၃ အုပ်စု၊ ကျေးရွာပေါင်း ၅၄ ရွာ၌ အိမ်ခြေ ၉၉၂၃ လုံး၊ အိမ်ထောင်စု ၁၀၉၂၂ စု၊ လူဦးရေ ၄၆၃၅၉ ဦးရှိရာ ရပ်ကွက်၊ ကျေးရွာများတွင် နေထိုင်ကြသည့် လူဦးရေစုစုပေါင်းမှာ တစ်သိန်းခွဲကျော်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

မြို့နယ်အတွင်းရှိ ရေကန်များမှာ မြို့ပေါ်ရပ်ကွက် ၂၄ ခု၌ မြေသားရေကန် ၁၁၃ ကန်ရှိပြီး ကျေးရွာများ၌ မြေသားရေကန် ၁၉၉ ကန်၊ စုစုပေါင်း ၃၂၂ ကန်ရှိကာ အဆိုပါရေကန်များကိုပင် သောက်သုံးရေအတွက် အဓိက အားထားသုံးစွဲနေကြရသည်။ ဒလမြို့နယ်သို့ နေ့စဉ် ရေဖြန့်ဖြူးလျက်ရှိသော တွံတေးမြို့နယ် ရေပေးဝေရေးစခန်းမှ တစ်ရက်လျှင် ရေဂါလန် ၁ ဒသမ ၂ သန်း ရရှိပြီး မြို့နယ်စည်ပင်သာယာရေး ကော်မတီ ရေသန့်ဌာနက မြို့ပေါ်ရှိ ရပ်ကွက် ၂၃ ခုသို့ ရေထပ်ဆင့် ဖြန့်ဝေပေးလျက်ရှိသည်။ ကျေးရွာများသို့ ရေပိုက်လိုင်းများ တပ်ဆင်ဖြန့်ဝေမှုများ မရှိသေးသောကြောင့် ကျေးရွာများမှာ မြေသားရေကန်များကိုသာ အဓိက အားထားသောက်သုံးနေရသည်။

ဒလမြို့နယ်သည် ရေတွင်းတူးလျှင် ရေချိုမထွက်ဘဲ ရေငန်များသာထွက်ရှိသည့် မြို့နယ်ဖြစ်သဖြင့် မိုးရာသီတွင် ရေကန်များ၌သာ ရေကိုသိုလှောင်ပြီး နွေရာသီတွင် ပြန်လည်သုံးစွဲရသောကြောင့် နှစ်စဉ်နှစ်တိုင်း နွေရာသီကာလတွင် ရေကန်များခန်းခြောက်ကာ သောက်သုံးရေရှားပါးမှုကို ကြုံတွေ့ရကြောင်း၊ ရေမရရှိသေးသော ရပ်ကွက်များတွင် ရေကို ချွေတာသုံးနေကြရကြောင်း၊ အချို့ရပ်ကွက်/ကျေးရွာများ၌ အချိန်ဖြင့် သောက်သုံးရေကို ပေးဝေနေရကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဒလမြို့နယ်အတွင်း ရပ်ကွက်ကျေးရွာများ၌ သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ရေသန့်ဌာနနှင့် NGO အဖွဲ့အစည်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များက ရေသယ်ယာဉ်များဖြင့် ဆောင်ရွက်ပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။ ရပ်ကွက်၊ ကျေးရွာများတွင် သောက်သုံးရေပြတ်လပ်ပါက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များရုံးမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဆက်ဆံရေးတာဝန်ခံ ကိုတင်လှ ဖုန်း-၀၉-၇၈၈၆၂၆၅၆၀၊ ဓမ္မပါလဆရာတော် ဖုန်း-၀၁-၂၆၉၅၆၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

# ဒေသထွက် တံမြက်စည်းပင်များ လှိုင်လှိုင်ပေါ်ပြီး ထိုင်းနိုင်ငံသို့ တင်ပို့နေရ

**ခမောက်ကြီး မတ် ၁၃**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီး မြို့နယ်၏ ဒေသထွက်ကုန်ဖြစ်သော တံမြက်စည်းပင်များ လှိုင်လှိုင်ထွက်ပေါ်လာပြီး ဒေသတွင်းဈေးကွက်တွင်သာမကဘဲ ပြည်ပဈေးကွက်တစ်ခုအနေဖြင့် အိမ်နီးချင်း ထိုင်းနိုင်ငံသို့ပါ တင်ပို့ရောင်းချနေရလျက်ရှိကြောင်း သိရသည်။

ဒေသအခေါ်အားဖြင့် လဲှဟုခေါ်သော တံမြက်စည်းပင်များသည် ခမောက်ကြီးမြို့နယ်နှင့် အနီးတစ်ဝိုက်ရှိ ဒေသများမှ တောတောင်များ၊ ရော်ဘာခြံများတွင် အများအပြား အလေ့ကျပေါက်ရောက်သော အပင်ဖြစ်သည်။ သီးခြားစိုက်ပျိုးရန်မလိုသောကြောင့် ဒေသခံတောင်သူများအနေဖြင့် ငွေအရင်းအနှီး စိုက်ထုတ်စရာမလိုဘဲ လုပ်အားကိုသာ စိုက်ထုတ်ရသော လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ တံမြက်စည်းတံများ ရရှိရန်အတွက် တောနင်းပြီးရှာဖွေကာ ချိုးယူရကြောင်း၊ ပင်ပန်းသော်လည်း ခမောက်ကြီးဒေသခံပြည်သူများ၏ ဝမ်းရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေသည့် အလုပ်ဖြစ်ကြောင်း အမှတ်(၃)ရပ်ကွက်နေ ဒေသခံတစ်ဦးက ပြောသည်။



ရရှိလာသောအပင်များကို တင်ပို့ရောင်းချရာတွင် ဈေးကွက်ဝင်ရန်အတွက် နေပူလှမ်းကာ ပန်းအပွင့်များ ကြွေအောင် ရိုက်ခြွေရကြောင်း၊ အဝယ်ဒိုင်များက တံမြက်စည်းပင် ကုန်ကြမ်းများကို အပင်ကြီးတစ်ပင်လျှင် တစ်ကျပ်နှုန်းဖြင့်လည်းကောင်း၊ အပင်သေးများကို ၇၅ ပြားနှုန်းဖြင့် သတ်မှတ်ဝယ်ယူကြောင်း အဝယ်ဒိုင်တစ်ဦးဖြစ်သူ ဦးသန်းဝင်းထံမှ သိရသည်။ တံမြက်စည်းပင်များကို ဈေးကွက်သို့ ရောင်းချရာတွင် အပင်တစ်ထောင်ပါဝင်သည့် တစ်စည်းကို မြန်မာငွေ ကျပ် ၃၈၀၀ နှုန်းဖြင့် ရောင်းချပြီး ထိုင်းနိုင်ငံသို့ တင်ပို့ရာတွင် ထိုင်းဘတ်ငွေ ၁၀၀ နှုန်းဖြင့် တင်ပို့ကြောင်း သိရသည်။

ယခုနှစ်တွင် တံမြက်စည်းပင်များကို ကုန်ကြမ်းအတိုင်း ရောင်းချပြီး ကုန်ချောမထုတ်လုပ်နိုင်သော်လည်း နိုင်ငံခြားဝင်ငွေရှာပေးနိုင်သော ရာသီပေါ်လုပ်ငန်းတစ်ခုဖြစ်ကာ ဒေသခံပြည်သူများအတွက်လည်း ငွေရင်းမစိုက်ဘဲ ဝင်ငွေရရှိရန် အထောက်အကူဖြစ်သဖြင့် ယခုနှစ်တွင် တံမြက်စည်းလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်လာသူ များပြားလာကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# တရားမဝင်တင်သွင်းလာသော ကြက်ဥဖာများ ဗန်းမော်မြို့၌ သိမ်းဆည်းရမိ

**ဗန်းမော် မတ် ၁၃**

တရုတ်နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော ကြက်ငှက်တုပ်ကွေးရောဂါကြောင့် တရုတ်နိုင်ငံမှ ကြက်ဥ၊ ကြက်သားနှင့် ကြက်ထွက်ပစ္စည်းများ တင်သွင်းမှုကို စိစစ်မှုများ ပြုလုပ်နေချိန်တွင် ကချင်ပြည်နယ် ဗန်းမော်မြို့ပေါက်ကုန်းရပ်ကွက်အတွင်း၌ တရုတ်နိုင်ငံမှ တရားမဝင်တင်သွင်းလာသည့် ကြက်ဥဖာများကို မတ် ၁၀ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံမှ တရားမဝင်တင်သွင်းလာသောကြက်ဥဖာများ ရောက်ရှိနေကြောင်း သတင်းအရ ဗန်းမော်မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဗန်းမော်မြို့မရဲစခန်းမှူးတို့ ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ သတင်းရသော ဦးသက်နိုင်ထွန်း(၃၇ နှစ်)၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ တရုတ်စာတန်းများပါရှိပြီး တစ်ဖာလျှင် ကြက်ဥအလုံး ၃၆၀ ပါသည့် ကြက်ဥဖာ ၅၂ ဖာကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

ကြက်ဥဖာများကို ယာဉ်မောင်း သက်စိုးဦးက လာရောက်ပို့ပေးခြင်းဖြစ်ကြောင်း သိရသဖြင့် ဆက်လက်စုံစမ်းရာ ယာဉ်မောင်း သက်စိုးဦးနှင့် ဒေါင်ဖန်းခြောက်ဘီးယာဉ်ကို လျှပ်စစ်ရုံးရှေ့၌ တွေ့ရှိပြီး သက်စိုးဦးအား စစ်ဆေးမေးမြန်းရာ မတ် ၉ ရက်က ဝိုင်းမော်မြို့မဒိန်ရွာတွင် ကန်ပိုင်တီဘက်မှလာသော ခြောက်ဘီးယာဉ်ပေါ်မှ အမည်မသိ ယာဉ်မောင်းတစ်ဦးက ဗန်းမော်တွင်ရောင်းချရန် တင်ပေးခဲ့ကြောင်း၊ တစ်ဖာလျှင် ကျပ် ၂၆၀၀၀ ဖြင့် ရောင်းချခိုင်းကြောင်း သိရှိရပြီး ယာဉ်ပေါ်မှ ကြက်ဥဖာ ၁၀၇ ဖာကို ထပ်မံစစ်ဆေးတွေ့ရှိခဲ့သည်။

တရားမဝင် သယ်ဆောင်လာသည့် ကြက်ဥဖာများနှင့်အတူ တွေ့ရှိရသော ဦးသက်နိုင်ထွန်းနှင့် ယာဉ်မောင်း သက်စိုးဦးတို့အား ရဲတပ်ဖွဲ့က ဗန်းမော်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ကာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မီးဘေးကာကွယ်ရေးအတွက် လျှပ်စစ်သွယ်တန်းထားမှုများကို ကွင်းဆင်းစစ်ဆေး

**တပ်ကုန်း မတ် ၁၃**

ပူပြင်းခြောက်သွေ့သော နွေရာသီကာလ ရောက်ရှိလာချိန်တွင် ပြည်သူများ မီးဘေးအန္တရာယ် ကင်းဝေးစေရန်နှင့် မီးဘေးလုံခြုံရေး သတိရှိစေရန် ရည်ရွယ်၍ နေပြည်တော် တပ်ကုန်းမြို့မဈေးအတွင်းမှ ဈေးဆိုင်ခန်းများတွင် လျှပ်စစ်သွယ်တန်းထားမှုများကို တာဝန်ရှိသူများ မတ် ၁၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

တပ်ကုန်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ လျှပ်စစ်အင်ဂျင်နီယာမှူး ဦးအောင်ဇော်ဇော်မျိုး ဦးဆောင်သည့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ၊ မြို့မဈေး(တာဝန်ခံ) ဦးမျိုးညွန့်နှင့် ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်း၍ မြို့မဈေးအတွင်းရှိ ဆိုင်ခန်းပေါင်း ၁၀၉၂ ခန်းတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန် စစ်ဆေးခဲ့ကြခြင်းဖြစ်သည်။

ဈေးအတွင်းရှိ လျှပ်စစ်မီးတိုင်များ၊ ဈေးဆိုင်ခန်းများတွင် လျှပ်စစ်ဝိုင်ယာကြိုးများ သွယ်တန်းထားမှုနှင့် ဆိုင်ခန်းများအတွင်းရှိ မီးကြိုး၊ မီးခလုတ်၊ မီးပလတ်ခုံများ ကြံ့ခိုင်မှုရှိ/မရှိ လိုက်လံစစ်ဆေးခဲ့ကြပြီး လျှပ်စစ်မီးအသုံးပြုရာတွင် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ သုံးစွဲပေးကြရန်၊ ဆိုင်သိမ်းပြီး အိမ်ပြန်ချိန်တွင် ဆိုင်အတွင်းရှိ မီးခလုတ်များကို သေချာစစ်ဆေးပြီးမှ ဆိုင်သိမ်းရန်တို့ကိုလည်း ဈေးသူဈေးသားများအား အသိပေးနှိုးဆော်ခဲ့ကာ လျှပ်စစ်အန္တရာယ်အကြောင်း သတိပေးစာစောင်နှင့် မီးဘေးလုံခြုံရေး ပညာပေးစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့သည် အောင်ဇေယျရပ်ကွက်နှင့် ဘုရင့်နောင်ရပ်ကွက်အတွင်းရှိ ဆန်စက်များနှင့် ဂိုဒေါင်များကိုလည်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဝိုင်ယာကြိုးသွယ်တန်းမှုများ စနစ်တကျ ရှိမရှိ ဆက်လက်စစ်ဆေးခဲ့ကြကြောင်း သိရသည်။

**တင်စိုးလွင်**



# တိုင်းရင်းဆေးဖြင့် အခမဲ့ ကွင်းဆင်းဆေးဝါးကုသပေး

**အိမ်မဲ မတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ကြို့ကုန်းကျေးရွာမှ ဒေသခံပြည်သူများအား မြို့နယ်တိုင်းရင်းဆေးကုသရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲနှင့်တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ဆေးကုသခြင်းကို မတ် ၁၁ ရက်က သွားရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြို့ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည့် ဟောပြောပွဲတွင် မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနမှူး ဒေါ်တင့်ခိုင်စိုးက နွေရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများအကြောင်းနှင့် ရောဂါကာကွယ်ရေးဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ဌေးဌေးလှိုင်က စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။ ထို့နောက် မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနက အခမဲ့ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ရာ သွေးတိုး၊ လေငန်း၊ သွေးအားနည်း၊ ကျီးပေါင်းတက်ရောဂါ၊ မီးယပ်ရောဂါ စသည့် ဝေဒနာရှင် လူနာ ၃၀ ခန့်ကို စစ်ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်ပြန်/ဆက်ဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်နှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းများ ပြသပေးပြီး ကျေးရွာရှိပြည်သူများ စာပေဖတ်ရှုနိုင်ရန် စာအုပ်စာစောင်များလည်း လှူဒါန်းခဲ့ကာ ကျေးရွာတွင်ဖွင့်လှစ်ထားသည့် ပညာအလင်းရောင်စာကြည့်တိုက် ရှင်သန်တိုးတက်ရေးအတွက်လည်း စာကြည့်တိုက်ကော်မတီဝင်များနှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန် /ဆက်)**

## ပြည်ထဲရေးဝန်ကြီးဌာန

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော စက်ဆီ/ချောဆီများအား မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်မှာ ၁၃-၃-၂၀၁၇ ရက်မှ ၂၀-၃-၂၀၁၇ ရက်အထိ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်မှာ ၂၀-၃-၂၀၁၇ ရက် ၁၄း၀၀နာရီ ဖြစ်ပါသည်။

၄။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ်ငါးထောင်နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရုံးအမှတ် ၄၅ တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိလိုပါက ဖုန်း-၀၆၇-၄၁၂၅၁၂သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်ဝယ်ယူရေးအဖွဲ့**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကတ်သုတ်ကြေးနီ (၄၀၀±)မက်ထရစ်တန်အား အမေရိကန်ဒေါ်လာဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူ ရောင်းချမည်ဖြစ်ပါသည်-

**ကြမ်းခင်းဈေး** - တင်ဒါဖွင့်ပွဲနေ့မတိုင်မီ တစ်ရက်အလိုနေ့ရှိ London Metal Exchange ဈေးနှုန်းပါ ကတ်သုတ်ကြေးနီတစ်တန်၏ ဈေးနှုန်းထက် မနိမ့်သောဈေး

**တင်ဒါပိတ်ရက်နှင့်အချိန်** - ၇-၄-၂၀၁၇ ရက် ၁၆း၃၀ နာရီ

တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ၊ သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၉၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၃၇၈ နှင့် ၀၆၇-၄၀၉၀၀၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**သတ္တုတွင်းဦးစီးဌာန**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

**တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) တိရစ္ဆာန်အစာတင်ဒါခေါ်ယူခြင်း**

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)တွင် မွေးမြူပြသထားသော တိရစ္ဆာန်များအား ကျွေးမွေးရန်အတွက် အစာတင်ဒါများအား အောက်ပါအတိုင်း ခေါ်ယူသွားမည် ဖြစ်ပါသည်။

အစားအစာ - မြက်၊ ကနဖော့၊ ရိုက္ခာခြောက်၊ ရိုက္ခာစို၊ အမဲသား၊ ကြက်သား၊ ငှက်ပျောသီး။

တင်ဒါပိတ်ရက် - မတ်လ ၂၄ ရက်။

အသေးစိတ် အချက်အလက်များအား အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၊ ကန်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း - ၃၇၀၉၇၆၊ ၃၇၂၉၂၃၊ ၃၇၁၁၂၁၊ လိုင်းခွဲ - ၁၀၇။

## အလုပ်လျှောက်လွှာခေါ်ယူခြင်း

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**လူထုဗဟိုပြုစီမံကိန်း**
**(National Community Driven Development Project-NCDDP)**

ကမ္ဘာ့ဘဏ်၏ ထောက်ပံ့ငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း၏ ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများတွင် တာဝန်ထမ်းဆောင်ရန် National Infrastructure and Safeguards Assistant များအား ဖော်ပြပါအရေအတွက်အတိုင်း ငှားရမ်းလိုပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အရေအတွက် | စာချုပ်သက်တမ်း |
|---|---|---|---|
| ၁။ | ကချင်ပြည်နယ်(မြစ်ကြီးနား) | ၂ ဦး | (၁၂)လ |
| ၂။ | ကယားပြည်နယ်(လွိုင်ကော်) | ၂ ဦး | (၁၂)လ |
| ၃။ | ကရင်ပြည်နယ်(ဘားအံ) | ၂ ဦး | (၁၂)လ |
| ၄။ | ချင်းပြည်နယ်(မင်းတပ်) | ၁ ဦး | (၁၂)လ |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး(မုံရွာ) | ၂ ဦး | (၁၂)လ |
| ၆။ | တနင်္သာရီတိုင်းဒေသကြီး(မြိတ်) | ၂ ဦး | (၁၂)လ |
| ၇။ | ပဲခူးတိုင်းဒေသကြီး(ပဲခူး) | ၃ ဦး | (၁၂)လ |
| ၈။ | မွန်ပြည်နယ်(မော်လမြိုင်) | ၁ ဦး | (၁၂)လ |
| ၉။ | ရခိုင်ပြည်နယ်(စစ်တွေ) | ၂ ဦး | (၁၂)လ |
| ၁၀။ | ရန်ကုန်တိုင်းဒေသကြီး(ရန်ကုန်) | ၁ ဦး | (၁၂)လ |
| ၁၁။ | ရှမ်းပြည်နယ်(တောင်ကြီး) | ၂ ဦး | (၁၂)လ |
| ၁၂။ | နေပြည်တော်(နေပြည်တော်) | ၁ ဦး | (၁၂)လ |

လျှောက်ထားလိုသူများအနေဖြင့် ကိုယ်ရေးအချက်အလက်(CV)တွင် ယခင်ဆောင်ရွက်ခဲ့ဖူးသည့် လုပ်ငန်းအတွေ့အကြုံအသေးစိတ်နှင့် မိမိလျှောက်ထားလိုသော တိုင်းဒေသကြီး/ ပြည်နယ်အမည်အား ဦးစားပေးအစဉ်လိုက် တိကျစွာဖော်ပြ၍ အောက်ဖော်ပြပါလိပ်စာသို့ ၂၇-၃-၂၀၁၇ ရက် နောက်ဆုံးထားပြီး အီးမေးလ်ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ပေးပို့လျှောက်ထားနိုင်ပါသည်။

စီမံကိန်းနှင့်လုပ်ငန်းတာဝန်အကြောင်း၊ လိုအပ်သောအရည်အချင်းများ အသေးစိတ်ပါဝင်သော (Terms of Reference-TOR)ကို အောက်ဖော်ပြပါအီးမေးလ်သို့ ဆက်သွယ်၍လည်းကောင်း စီမံကိန်း၏ Website(http://www.cdd.drdmyanmar.org) တွင် ဝင်ရောက်၍လည်းကောင်း ရယူနိုင်ပါသည်။

**လိပ်မူရန်-**

**ဦးကျော်စွာအောင် (ညွှန်ကြားရေးမှူး)**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊**
**ရုံးအမှတ် ၁၄၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၀၇၁**
**Email:unioncddprocurement@gmail.com**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3B/1915 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**မွေးနေ့မင်္ဂလာတောင်းဆုလွှာ**

ချစ်ခင်မြတ်နိုးရသော ကျေးဇူးရှင်ဖေဖေ ဦးလှငွေး (လ/ထ မြို့နယ်ပညာရေးမှူး-ငြိမ်း) ၏ (၁၄. ၃. ၂၀၁၇) ရက်နေ့တွင်ကျရောက်သော မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့နိုင်ပါစေ။

ချစ်ဇနီး-ဒေါ်ဝင်းရီ၊ ချစ်သား-ကိုအောင်မြတ်ကျော်၊ သမီး-မကဗျာသွယ်
ချစ်မြေး-မမေသင်းကဗျာ၊ မောင်ထက်ဦးဝေယံ

**ဓိနိဝင်းနှင့်ရောင်းရင်းများ**
**သင်္ကြန်အဆင့်မြင့်ခရီးစဉ်များ**
**SCANIA ကားကြီး- Hotel မှာတည်း-Restaurant မှာစား**
**[12/13-4-2017 ထွက်မည် ]**

- ပုပ္ပါး-ပုဂံ(ရွှယ်တော်လေးဆူ)၊ ပခုက္ကူ-သီဟိုဠ်ရှင် (၄)ရက်။
- ပုပ္ပါး-ပုဂံ(ရွှယ်တော်လေးဆူ)၊ မန္တလေး၊ စစ်ကိုင်း၊ ပြင်ဦးလွင် (၆)ရက်။
- တောင်ကြီး၊ အင်းလေး၊ ကုံလုံ၊ မွေတော်ကက္ကူ၊ ထမ့်စမ်း (၄)ရက်။
- တောင်ကြီး၊ အင်းလေးခရီးစဉ်+လွိုင်ကော်-တောင်ကွဲစေတီ (၅)ရက်။
- တောင်ကြီး၊ အင်းလေး၊ မန္တလေး၊ ပြင်ဦးလွင် (၆)ရက်။

အမှတ်-၂၇၅၊ ပန်းဆိုးတန်းလမ်း(အပေါ်လမ်း)၊ ကျောက်တံတား၊ ရန်ကုန်မြို့။
01-249871,255553,09-5137245,09-5508686, 09-5122511

## ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်

တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ သြဘာလမ်း (အထက်ပိုင်း)၊ (၁၅×၆၀)ပေ၊ ပထမထပ်၊ အိပ်ခန်း ၂ ခန်း၊ ပါကေးခင်း၊ သံပန်း၊ ဆန်းရှိတ်၊ ဘိုထိုင်၊ ကိုယ်ပိုင်ရေမီးစုံ၊ သိန်း ၆၀၀ (ညှိနှိုင်း)

ဖုန်း-၀၉-၅၂၀၃၃၅၉၊ ၀၉-၂၆၄၄၄၅၄၇၇

## ဝန်ထမ်းအလိုရှိသည်

**၁။ အရောင်းဝန်ထမ်း မ (၃)ဦး**

ဘွဲ့ရ၊ ရုပ်ရည်သန့်ပြန့်ပြီး စကားအပြောအဆိုချိုသာရမည်။

**၂။ ရုံးဝန်ထမ်း မ (၃)ဦး**

ဘွဲ့ရ၊ Computer အသုံးပြုနိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် CV Form၊ ဓာတ်ပုံ(၁)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ရပ်ကွက်ထောက်ခံစာမိတ္တူ၊ ရဲစခန်းထောက်ခံစာမိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူနှင့် လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**နယ်မှလာသူများအတွက် နေထိုင်စားသောက်ရေးစီစဉ်ပေးသည်။**

**United Vision မျက်မှန်ဆိုင်**

အမှတ်(၆၆/၆၈)၊ စံရိပ်ငြိမ်(၆)လမ်းထိပ်၊ လှည်းတန်းမီးပွိုင့်အနီး၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
အမှတ်(၂၆၃)၊ ရွှေဘုံသာ(အလယ်)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
အမှတ်-အေ(၃)၊ ၇၈လမ်း၊ ၂၇×၂၈ကြား၊ ဘူတာကြီးမြောက်ဘက်၊ မန္တလေးမြို့။

# ဝင်ငွေခွန်(ကြိုတင်ခွန်)များ အချိန်မီပေးသွင်းကြရန် အသိပေးနှိုးဆော်ခြင်း

ဝင်ငွေနှစ် တစ်နှစ်အတွင်းရရှိသည့် စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းအပေါ်ကျသင့်သည့် အခွန်ငွေများကို(ကြိုတင်ခွန်)အဖြစ် သက်ဆိုင်ရာဝင်ငွေနှစ်အတွင်း ပေးသွင်းရမည်ဖြစ်ကြောင်း တည်ဆဲဝင်ငွေခွန်ဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ပေးသွင်းရန်ပျက်ကွက်ခြင်း၊ လျော့နည်းပေးသွင်းခြင်းများ ပေါ်ပေါက်ခဲ့ပါက ယင်းပျက်ကွက်သည့်ငွေ သို့မဟုတ် လျော့နည်းငွေ၏ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်ဟု ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆-က ပုဒ်မခွဲ(ဂ)တွင် ပြဋ္ဌာန်းထားပါသည်။

သို့ဖြစ်ပါ၍ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၃)တွင် လက်ရှိအခွန်ထမ်းဆောင်နေကြသည့် ကုမ္ပဏီလုပ်ငန်းများနှင့် လက်ရှိဝင်ငွေနှစ်အတွင်း ဝင်ငွေဖြစ်ထွန်းပေါ်ပေါက်သည့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေကြသော ကုမ္ပဏီလုပ်ငန်းများတို့သည် မိမိတစ်နှစ်အတွင်းရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် ကျသင့်ဝင်ငွေခွန်များကို သတ်မှတ်အချိန်ကာလအတွင်း အချိန်မီပေးသွင်းကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

ယခုအခါ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကုန်ဆုံးရန် လွန်စွာနီးကပ်နေပြီဖြစ်ပါသဖြင့် ၃၁-၃-၂၀၁၇ရက်ထက် နောက်မကျဘဲ မိမိပေးသွင်းရမည့်ဝင်ငွေခွန်များကို တွက်ချက်၍ အချိန်မီပေးသွင်းကြပါရန် ထပ်ဆင့်အသိပေးနှိုးဆော်အပ်ပါသည်။ အကယ်၍ ပေးသွင်းရန်ပျက်ကွက်ခြင်း၊ လျော့နည်းပေးသွင်းခြင်းများပေါ်ပေါက်ပါက ယင်းပျက်ကွက်သည့်ငွေ သို့မဟုတ် လျော့နည်းပေးသွင်းငွေ၏ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသော ဒဏ်ငွေများ အပြည့်အဝတပ်ရိုက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းအသိပေးအပ်ပါသည်။

မိမိပေးသွင်းရမည့် အခွန်ငွေများပေးသွင်းမည်ဆိုပါက အောက်တွင် ဖော်ပြပါရှိသည့်လိပ်စာပါ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၃)တည်ရှိရာသို့ လာရောက်၍ သတ်မှတ်ဘဏ်ငွေသွင်းချလန်များထုတ်ယူပြီး မြန်မာ့စီးပွားရေးဘဏ်(၂) ငွေစာရင်းအမှတ် MD 010145 သို့ ပေးသွင်းရမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ရုံးလိပ်စာ** - အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၃)
အမှတ် ၅၆/၆၄၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်
လောကနတ်ပန်းချီပြခန်း၏အပေါ်ထပ်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

**စုံစမ်းမေးမြန်းနိုင်သည့်ဖုန်းနံပါတ်များ**

- ၀၁-၃၇၀၄၁၀
- ၀၁-၃၇၀၄၁၁
- ၀၉-၂၅၅၈၀၃၇၁၀ [ဒေါ်နွယ်နီမြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု(၁)]
- ၀၉-၄၄၈၅၄၆၉၂၀ [ဒေါ်စောဥမ္မာ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု(၂)]
- ၀၉-၄၉၃၀၀၀၄၉ [ဦးအောင်ကျော်ထူး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု(၃)]
- ၀၉-၅၀၆၁၇၄၄ [ဒေါ်သက်သက်နွယ်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု(၄)]
- ၀၉-၃၁၁၂၉၉၈၆ [ဒေါ်အေးအေးစိုး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု(၅)]
- ၀၉-၅၃၁၂၈၈၉ [ဒေါ်မာလာအောင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု(၆)]

**အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၃)**
**ပြည်တွင်းအခွန်များဦးစီးဌာန**

## ပို့ကုန်/သွင်းကုန်လုပ်ငန်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံမှုအခြေအနေနှင့် ခုနှိမ်ခွင့်နည်းလမ်းများ အသိပေးကြေညာခြင်း

- ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(က)အရ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည်အမျိုးအစား(၈၇)မျိုးမှအပ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုး အပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်ဖြစ်ပြီး အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်ဖြစ်ပါသည်။
- ၂၀၁၇ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ၁၇၊ ပုဒ်မခွဲ(က)အရ ပြည်ပသို့ တင်ပို့ရောင်းချသည့် ကုန်စည်များအနက် လျှပ်စစ်ဓာတ်အားအပေါ် ရှစ်ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံစိမ်းများအပေါ် ငါးရာခိုင်နှုန်း ဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်ဖြစ်ပြီး အဆိုပါကုန်စည်နှစ်ခုမှအပ ကျန်ကုန်စည်များကို ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်ဖြစ်ပါသည်။
- ကုန်သွယ်လုပ်ငန်းခွန် ခုနှိမ်ခွင့်များနှင့်စပ်လျဉ်း၍ ကုန်ထုတ်လုပ်သူ၊ ကုန်စည်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှု လုပ်ငန်းဆောင်ရွက်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူများသည် အခွန်တစ်ကြိမ်တည်းသာ ကျသင့်စေရန်အတွက် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်း ၄၂ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခွန်ခုနှိမ်ခွင့်များဆောင်ရွက်နိုင်ပါသည်။
- ကုန်ထုတ်လုပ်သူ သို့မဟုတ် ကုန်စည်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်သူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူသည် ဆောင်ရွက်သည့်လုပ်ငန်းအတွက် ပြည်ပမှ တင်သွင်းခြင်း၊ ပြည်တွင်း၌ ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်းများအတွက် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ဆောင်ရွက် သည့်လုပ်ငန်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ အောက်ပါအထောက်အထားများ တင်ပြ၍ ခုနှိမ် ပေးသွင်းနိုင်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

* သွင်းကုန်ကြေညာလွှာ (Import Declaration) (မူရင်း/မိတ္တူ)၊ (ပြည်ပမှ ကိုယ်တိုင် တင်သွင်းခြင်း ဖြစ်ပါက)
* ပတခ(ကသခ)-၃၁ မူရင်း/မိတ္တူ (ပြည်တွင်း၌ ဝယ်ယူခဲ့ခြင်းဖြစ်ပါက)
  ပတခ(ကသခ)-၃၂ မူရင်း/မိတ္တူ (ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက)
  ပတခ(ကသခ)-၃၃ မူရင်း/မိတ္တူ၊ ပတခ(ကသခ)-၂ မိတ္တူ
* လုပ်ငန်းဆောင်ရွက်သူက အခွန်ခုနှိမ်ပေးပါရန် တင်ပြစာ၊
* လုပ်ငန်းမှတ်ပုံတင်လက်မှတ်မိတ္တူ။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပညာရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန**

## လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန၊ နေပြည်တော်နှင့် ရန်ကုန်တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ စာပေလက်ထောက်(၂) (လစာနှုန်း ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူးများ အတွက် သတ်မှတ်အရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး၊ လစာနှုန်း | ဦးရေ | အနိမ့်ဆုံးပညာအရည်အချင်း |
|---|---|---|---|
| (၁) | စာပေလက်ထောက်(၂) (မြန်မာစာ) | (၂၁)ဦး | ဝိဇ္ဇာဘွဲ့(မြန်မာစာ)ရရှိသူ ဖြစ်ရမည်။ မဟာဝိဇ္ဇာဘွဲ့(မြန်မာစာ) ရရှိသူကို ဦးစားပေးမည်။ |
| (၂) | စာပေလက်ထောက်(၂) တိုင်းရင်းသားဘာသာစကား (ကချင်ဘာသာ)၊(ကယားဘာသာ)၊ (ကရင်ဘာသာ)၊ (မွန်ဘာသာ)၊ (ရခိုင်ဘာသာ)၊ (ရှမ်းဘာသာ) | (၆)ဦး<br>(၁)ဦးစီ | ဘွဲ့တစ်ခုခုရရှိရမည်။ မဟာဘွဲ့ရရှိသူကို ဦးစားပေးမည်။ |
| (၃) | စာပေလက်ထောက်(၂) (ဘာသာပြန်) | (၅)ဦး | ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)၊ B.A(English)၊ ဝိဇ္ဇာဘွဲ့(လုပ်ငန်းခွင်သုံး အင်္ဂလိပ်စာ)၊B.A(E.P.P)၊ ဝိဇ္ဇာဘွဲ့(အသက်မွေးဝမ်းကျောင်း သုံးအင်္ဂလိပ်စာ)၊ B.A(E.O.P) ရရှိသူဖြစ်ရမည်။ မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ)ရရှိသူကို ဦးစားပေးမည်။ |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ စာပေလက်ထောက် (၂) တိုင်းရင်းသားဘာသာစကားလျှောက်ထားသူသည် သက်ဆိုင် ရာ တိုင်းရင်းသားလူမျိုးဖြစ်ရမည်။
(ခ) ၃၁-၃-၂၀၁၇ ရက်တွင်အသက်(၃၅)နှစ် (ဝန်ထမ်းဖြစ်ပါ အသက် ၄၀) ထက်မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး လိုအပ်လျှင်ဒေသမရွေးတာဝန်ထမ်းဆောင် နိုင်သူ၊ ကွင်းဆင်း သုတေသနဆောင်ရွက်နိုင်သူဖြစ်ရမည်။
(ဃ) ကွန်ပျူတာကျွမ်းကျင်ရမည်။
(င) အနည်းဆုံး(၃)နှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ သတ်မှတ်လျှောက်လွှာပုံစံကို ဤဦးစီးဌာန၏ Website ဖြစ်သော www.mlc.gov.mm မှ download ရယူလျှောက်ထားနိုင်သည်။ မြန်မာနိုင်ငံတိုင်းရင်းသား ဘာသာစကား ဦးစီးဌာန၊ ရုံးအမှတ် ၅၂၊ နေပြည်တော် (သို့မဟုတ်)၊ ရန်ကုန် ရုံးခွဲ၊ တက္ကသိုလ်စိန်ရတုခန်းမအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တွင်လည်း အခမဲ့ ရယူလျှောက်ထားနိုင်ပါသည်။ လျှောက်ထားသူတစ်ဦးလျှင် ရာထူးတစ်မျိုး အတွက်သာ လျှောက်ထားခွင့်ပြုသည်။

၄။ စာမေးပွဲကြေး ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကို မိမိတို့ မြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်၊ ငွေစာရင်းအမှတ် (MD-011638)သို့လျှောက်လွှာပိတ်ရက်မတိုင်မီ ပေးသွင်းရ မည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများကို ပူးတွဲတင်ပြရ မည်-
(က) စာမေးပွဲဝင်ကြေးငွေ ပေးသွင်းသည့်ချလန်မူရင်း
(ခ) တစ်လအတွင်းရိုက်ထားသော လိုင်စင်ဓာတ်ပုံ(၂)ပုံ
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဃ) ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်မိတ္တူ၊ အောင်လက်မှတ် မိတ္တူ
(င) တက္ကသိုလ်နောက်ဆုံးနှစ်အမှတ်စာရင်းမိတ္တူ
(စ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း အောင်လက်မှတ်မိတ္တူ (သို့မဟုတ်) တက္ကသိုလ်ဝင်အောင်လက်မှတ် မိတ္တူ
(ဆ) လူမှုရေးဆောင်ရွက်ချက်ရှိပါက အထောက်အထားများ
(ဇ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူ
(ဈ) လွန်ခဲ့သောတစ်လအတွင်း ရရှိထားသော အကျင့်စာရိတ္တကောင်းမွန် ကြောင်း မိမိနေထိုင် ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာ မူရင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းရဲစခန်းထောက်ခံစာမူရင်း

၆။ ဝန်ထမ်းမဟုတ်သူများသည် ရေးဖြေစာမေးပွဲကို နေပြည်တော်တွင် ဖြေဆိုလိုပါက မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန၊ ရုံးအမှတ် ၅၂၊ နေပြည်တော်သို့လည်းကောင်း ရန်ကုန်မြို့တွင်ဖြေဆိုလိုပါက မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန၊ ရန်ကုန်ရုံးခွဲ၊ တက္ကသိုလ်စိန်ရတုခန်းမအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်သို့လည်းကောင်း လျှောက်လွှာများကို လူကိုယ်တိုင် ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်၍ဖြစ်စေ လျှောက်လွှာပိတ်ရက် ၃၁-၃-၂၀၁၇ ရက် (တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။

၇။ နိုင်ငံ့ဝန်ထမ်းများသည် လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင် သည့်ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုကြောင်းစာနှင့်အတူ ရုံးလုပ်ထုံးလုပ်နည်းနှင့်အညီ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတိုင်းရင်းသား ဘာသာစကားဦးစီးဌာန၊ ရုံးအမှတ် ၅၂၊ နေပြည်တော်သို့ လျှောက်လွှာပိတ်ရက် မတိုင်မီ ပေးပို့ရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို အပိုဒ်(၆) ပါ လိပ်စာ သို့ လျှောက်လွှာပိတ်ရက်မတိုင်မီ အရောက်ပေးပို့ရမည်။

၈။ လျှောက်ထားသူသည် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို အောက်ပါ အတိုင်း နေပြည်တော်(သို့မဟုတ်)ရန်ကုန်တွင် ဖြေဆိုရပါမည်-
(၁) မြန်မာစာ ၂ နာရီမေးခွန်း ၁၃-၅-၂၀၁၇ (စနေနေ့)
(၂) အင်္ဂလိပ်စာ ၂ နာရီမေးခွန်း ၁၃-၅-၂၀၁၇ (စနေနေ့)
(၃) အထွေထွေဗဟုသုတ ၂ နာရီမေးခွန်း ၁၄-၅-၂၀၁၇ (တနင်္ဂနွေနေ့)

၉။ ဝင်ခွင့်စာမေးပွဲခုံအမှတ်နှင့် စာဖြေဌာနစာရင်းကို ၂-၅-၂၀၁၇ ရက်တွင် ဤဦးစီးဌာန နေပြည်တော်(ရုံးချုပ်)တွင်လည်းကောင်း၊ ရန်ကုန်ရုံးခွဲတွင်လည်း ကောင်း ကြေညာထားမည်ဖြစ်ပြီး ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၃-၅-၂၀၁၇ ရက်မှစ၍ မိမိလျှောက်လွှာတင်သွင်းသောရုံးတွင် ကာယကံရှင် ကိုယ်တိုင်နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းပြသ၍ ထုတ်ယူနိုင်သည်။ ဤ ဦးစီးဌာန Website ဖြစ်သော www.mlc.gov.mm တွင်လည်းကြေညာထား မည်။ တစ်ဦးချင်းထံသို့ သီးခြားအကြောင်းကြားမည်မဟုတ်ပါ။


၁၀။ ရေးဖြေစာမေးပွဲအောင်မြင်သူများသည် လူတွေ့စာမေးပွဲဖြေဆိုရမည်။ ဘာသာစကားကျွမ်းကျင်မှုနှင့် ကွန်ပျူတာကျွမ်းကျင်မှုအတွက် လိုအပ်လျှင် လက်တွေ့စစ်ဆေးမည်။

၁၁။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက်မပြည့်စုံသူများ၊ လျှောက်လွှာပိတ်ရက်နောက်ပိုင်း စာမေးပွဲဝင်ကြေးငွေ ပေးသွင်းသည့်လျှောက်လွှာများနှင့် သတ်မှတ်နေ့ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ အသေးစိတ်သိလိုပါက ဖုန်း-၀၆၇-၄၃၀၁၅၂၊ ၀၁-၅၃၆၃၉၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဝန်ထမ်းရွေးချယ်ခန့်ထားရေးအဖွဲ့**
**မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန**

---




ဗဟိုစာရင်းအင်းအဖွဲ့မှ သုံးလပတ်စာရင်းအင်းစာစောင် (Quarterly Statistics Bulletin) ကို နိုင်ငံတကာတွင် ထုတ်ပြန်လျက်ရှိသည့် သုံးလပတ်စာရင်းအင်း စာစောင်များ နည်းတူ အခန်းပေါင်း ၇ ခန်း၊ ဇယားပေါင်း ၂၈ ခုပါဝင်ပြီး ဈေးနှုန်းမှာ ၃၅၀၀ ကျပ်နှုန်းဖြင့် ပုံနှိပ်ထုတ်ဝေ ဖြန့်ဖြူး ရောင်းချမည် ဖြစ်ပါသည်။

ဝယ်ယူရရှိနိုင်သောနေရာများမှာ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်၊ ဗဟိုစာရင်းအင်းအဖွဲ့ (ရန်ကုန်ရုံးခွဲ)၊ ခြံအမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး နှင့် စာပေဗိမာန် အရောင်းဆိုင် (နေပြည်တော်၊ ရန်ကုန်မြို့) တို့တွင် ဝယ်ယူ ရရှိနိုင်မည်ဖြစ်ပါကြောင်း သတင်းကောင်းပါး အပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း- ၀၆၇-၄၀၆၃၂၅၊ ၀၆၇-၄၀၆၃၂၉၊
၀၆၇-၄၀၆၂၈၉၊ ၀၁-၆၅၇၃၀၈

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်မိတ်ဆွေ ဦးကျော်ဇင်ဦး၁၄/ဖပန(နိုင်)၁၀၂၃၄၄မှ ဦးနေမျိုး အောင် ၁၂/ကမတ(နိုင်)၀၂၆၆၆၉ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင် သာယာမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်းနှင့် ခရေလမ်းထောင့်၊ ရွှေလင် ပန်း(၂၃)ရပ်ကွက်ရှိ အမှတ် ၁၁၃၉၊ မြေအကျယ်(၄၀×၆၀)ပေကို စရန် ပေးကာ ဝယ်ယူခဲ့ပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဒေါ်ခင်ဖုန်း | ဦးအောင်သိန်း | ဦးကျော်လင်းညွန့် |
|---|---|---|
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၄၄၉၃၅) | (စဉ်-၂၂၀၁၉) | (စဉ်-၄၆၇၅၇) |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်မိတ်ဆွေ ဦးတင်မောင်လွင် ၁၄/ဘကလ(နိုင်)၁၅၃၃၂၀မှ ဦးပြည့်ဖြိုး အောင် ၁၂/လမန(နိုင်)၁၄၀၅၅၃ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်းနှင့် ခရေလမ်းထောင့်၊ ရွှေလင်ပန်း(၂၃)ရပ်ကွက်ရှိ မြေကွက်အမှတ်-၁၁၄၀၊ မြေအကျယ် (၄၀×၆၀)ပေ ကိုစရန်ပေးကာ ဝယ်ယူခဲ့ပြီး ဖြစ်၍ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက် အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဒေါ်ခင်ဖုန်း | ဦးအောင်သိန်း | ဦးကျော်လင်းညွန့် |
|---|---|---|
| (အထက်တန်းရှေ့နေ) | (အထက်တန်းရှေ့နေ) | (အထက်တန်းရှေ့နေ) |
| စဉ်-၄၄၉၃၅ | စဉ်-၂၂၀၁၉ | စဉ်-၄၆၇၅၇ |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AA/6675 Toyota Mark II GX110 S/L(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးခင်အောင် ၉/မရမ(နိုင်)၀၈၁၀၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၇၈၂၀၉ Honda Click 125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဌေးဦး ၈/ရနခ(နိုင်)၀၉၀၄၉၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေး ရန်လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံ သော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄အိုင်၊ မြေကွက်အမှတ် ၂၈၉/အေ၊ မြေကွက်တည်နေရာအမှတ်၇၄/B၊ စက်မှု (၅)လမ်းထိပ်၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် (ဦးကျော်ညွန့် ၅/စကန (နိုင်)၁၅၂၇၇၁)၊ ဒေါ်ခင်မမ ၅/စကန (နိုင်)၁၄၆၉၆၅အမည်ပေါက် နှစ်၆၀ ဂရန် မြေအား ဦးကျော်ညွန့်(ခင်ပွန်း)ကွယ်လွန် သဖြင့် ဒေါ်ခင်မမ ၅/စကန(နိုင်)၁၄၆၉၆၅ မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း မြောက်ဥက္ကလာပမြို့နယ်တရားရုံး ကျမ်း ကျိန်လွှာအမှတ် ၃၅၃၈/၁၆(၂၇-၁၂-၁၆) နှင့် ထောက်ခံကျမ်းကျိန်လွှာ၊ ဦးကျော် ညွန့်သည် သြစတေးလျနိုင်ငံ၌ ၂၆-၁၁- ၁၃ရက်တွင် ကွယ်လွန်ကြောင်းအထောက် အထားဖြစ်သော ယင်းနိုင်ငံ၏ DEATH CERTIFICATE နှင့် ၎င်းမကွယ်လွန်မီ ကိုင်ဆောင်ခဲ့သော မြန်မာနိုင်ငံကူး လက်မှတ်အမှတ် A-247968 (၁၅-၉- ၂၀၀၈)တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါ သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့် ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါ က လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိ ပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## နှစ်ဦးသဘောတူ လက်မှတ်ထိုးကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာခြင်း

မန္တလေးမြို့နေ ကျွန်တော် ကိုသူရဇော်(ဘ)ဦးထင်ကျော် ၉/မရတ(နိုင်)၀၀၄၇၃၃ သည်မငြိမ်းငြိမ်းစန်း(ဘ)ဦးတင်စန်း ၉/မရမ(နိုင်)၀၀၂၇၀၃နှင့် အသိသက်သေ များဖြစ်ကြသော မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ (၉၀၂)အကွက်မှူး ဦးဝင်းဇော် ၉/မရတ(နိုင်)၀၀၄၅၃၃၊ ဦးအောင်ဇော် ၉/မဟမ(နိုင်)၀၀၇၈၄၂နှင့် ဒေါ်သီတာမြင့် ၉/မရမ(နိုင်)၀၅၄၂၂၀တို့ရှေ့မှောက်၌ ၂၅-၃-၂၀၁၆တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း သိစေအပ်ပါသည်။

**ကိုသူရဇော် ၉/မရတ(နိုင်)၀၀၄၇၃၃**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာခြင်း

သန်လျင်မြို့၊ မြို့ဟောင်းအလယ်ရပ်နေ ဦးမျိုးကျော် ၁၂/သလန(နိုင်)၀၁၁၇၈၃နှင့် အင်းစိန်မြို့နယ်၊ ဘိုကုန်းရပ်ကွက်နေ ဒေါ်စိန်ဇင်ထိုက် ၁၂/အစန(နိုင်)၀၆၅၂၉၅တို့သည် စိတ်သဘော ထားချင်း မတိုက်ဆိုင်၍ လွန်ခဲ့သော ၉-၂-၂၀၁၇ရက်က ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရုံးတွင် အသိသက်သေ များရှေ့မှောက်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပါသည်။ ၉-၂-၂၀၁၇ရက်မှစ၍ တစ်ဦးနှင့်တစ်ဦးပတ်သက်ဆက်နွှယ်ခြင်း တစ်ဦး၏ကိုယ်ရေးကိုယ်တာအား တစ်ဦးမှ ဝင်ရောက်စွက်ဖက် ပိုင်ခွင့်မရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးမျိုးကျော် ၁၂/သလန(နိုင်)၀၁၁၇၈၃**


Healthcare Call Center
သိလိုသမျှ ကျန်းမာရေး 7887 ဖုန်းဆက်မေး
၂၄ နာရီ ဝန်ဆောင်မှု
Healthcare Call Center
7887
MPT
အထွေထွေရောဂါဝေဒနာများ၊ အထူးကုဆရာဝန်ကြီးများနှင့်ဆေးရုံဆေးခန်းလမ်းညွှန်၊ မျိုးဆက်ပွားကျန်းမာရေး၊
အလှအပနှင့်နေထိုင်မှုပုံစံများ၊ ရင်တွင်းခံစားချက်များစသည့် ကျန်းမာရေးအသိပညာဗဟုသုတများနှင့်ပတ်သက်၍
MPT မိုဘိုင်းလ်ဖုန်းဖြင့် Hotline နံပါတ် 7887 သို့ ခေါ်ဆိုပြီး ဆရာဝန်များနှင့် တိုက်ရိုက်ဆွေးနွေးနိုင်ပါပြီ။
www.healthcare.com.mm


YAN PAE Corn Starch ရန်ပယ် ပြောင်းဖူးကော်မှုန့်
ပြောင်းစိုက်တောင်သူများ၏ အနာဂါတ် ခိုင်ခံ့ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။
လုပ်ငန်းသုံးပြောင်းကော်မှုန့် စားသောက်ကုန် ကုန်ကြမ်းများ ဝယ်ယူရရှိနိုင်ပါသည်။
100% ပြောင်းကော်မှုန့် စစ်စစ်ဖြစ်ကြောင်းအာမခံပါသည်။
FDA approval
ပြောင်းဖူးကော်မှုန့် အသုံးဝင်ပုံ
- ပြောင်းဖူးကော်မှုန့်ကို ဟင်းလျာများချက်ပြုတ်ရာတွင် အရသာအထူးကောင်းမွန်ရန် သင့်လျော်သည့် အချိုးအစားထည့်၍ အသုံးပြုနိုင်ပါသည်။
- အသား၊ ငါး၊ ပုစွန် နှင့် အခြားဟင်းသီးဟင်းရွက်များကြော်ရာတွင် အနှစ်ကပ်ကြော်၍ စားသုံးနိုင်ပါသည်။-
- ဘီစကစ်၊ ကိတ်မုန့် နှင့် အခြား မုန့်အမျိုးမျိုး ပြုလုပ်ရာတွင်ထည့်သွင်းအသုံးပြုနိုင်ပါသည်။
- ပြောင်းဖူးခေါက်ဆွဲ၊ ပြောင်းဖူးကြာဇံ ပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုနိုင်ပါသည်။-
- ပြောင်းဖူး ကျောက်ကျောအဖြစ် ကော်မှုန့်၊ သကြား၊ ရေနှင့် အခြားတန်ဆာပလာများထည့်၍ ကျိုချက်စားသုံးနိုင်ပါသည်။
- ပဲတို့ဟူးပြုလုပ်ရာတွင် ပိုမိုအရသာရှိစေရန် ပြောင်းဖူးကော်မှုန့် ရောနှော၍ အသုံးပြုနိုင်ပါသည်။
- အဆင့်မြင့် ဝီစကီ ချက်လုပ်ခြင်းများတွင် အသုံးပြုနိုင်ပါသည်။
- ဆေးဝါးစက်ရုံများတွင် ဆေးပြား၊ ဆေးတောင့်ပြုလုပ်ရာတွင် B.P Grade Corn Starch အသုံးပြုနိုင်ပါသည်။
'ပြည်တွင်းဖြစ်ကိုအားပေးပါ'
Made in Myanmar
Marketed By - SuperOne Holdings Co.,Ltd. , အမှတ် (၆၆)၊ ၁၂၄ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 01 290702, 09 5413291
Produced By - ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံ(ရန်ပယ်)၊ ပရပ်ကြယ်ကျေးရွာ၊ တောင်တွင်းကြီးမြို့။ ဖုန်း - 01 202256, 09 421040243


PUN HLAING SILOAM HOSPITALS
ပန်းလှိုင်စီလုံဆေးရုံ နှလုံးကုသဌာန အထူးအစီအစဉ်
"နိုင်ငံခြားသို့သွားရောက်ကုသရန် မလိုတော့ပါ"
နှလုံးသွေးကြောကျဉ်းရောဂါရှာဖွေကုသခြင်းပေါင်းများစွာတို့ကိုအောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့သော
နိုင်ငံတကာအတွေ့အကြုံရှိ မြန်မာနိုင်ငံမှနှလုံးအထူးကုဆရာဝန်ကြီးများနှင့် စင်ကာပူနိုင်ငံမှဆရာဝန်ကြီးတို့ပူးပေါင်း၍
ကုသပေးနေပြီ....
နှလုံးသွေးကြောပုံရိပ်ဖော်ခြင်း
နှလုံးသွေးကြောထောက်ကိရိယာ (Stent) ထည့်သွင်းကုသခြင်း
မတ်လ ( ၁၇ ) ရက်နေ့မှ ( ၁၉ ) ရက်နေ့အထိ
LIKE US ON facebook Pun Hlaing Siloam Hospitals
ဆက်သွယ်ရန် – ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၃၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၀၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁
www.punhlaingsiloamhospitals.com

## အထူးဝမ်းနည်းကြေကွဲခြင်း
# ပါမောက္ခချုပ် ဒေါက်တာလှမြင့်
### အသက်(၉၆)နှစ်

မြန်မာနိုင်ငံသား ထူးချွန်ထင်ရှား စီးပွားရေးပညာရှင် အမြောက်အမြား ပေါ်ထွန်းလာအောင် ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးခဲ့သည်သာမက မြန်မာနိုင်ငံပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဘက်ဘက်မှ စေတနာအပြည့်အဝဖြင့် စွမ်းဆောင်ပေးခဲ့သည့် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်ဟောင်း ပါမောက္ခဆရာကြီး ဒေါက်တာလှမြင့်သည် ၉-၃-၂၀၁၇ရက် နံနက် ၄ နာရီတွင် ဘန်ကောက်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ပါမောက္ခဆရာကြီး၏ တပည့်အပေါင်းတို့က ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ အထူးပင် နှမြောတသ ဝမ်းနည်းကြေကွဲကြရပါသည်။

**ပါမောက္ခဆရာကြီး၏တပည့်များ**

---

ဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာဦးနော်မန်လှ
**ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ ခွဲစိတ်ကုပညာဌာန၊ ဆေးတက္ကသိုလ်(၁)**
**အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့**
**အသက်(၇၄)နှစ်**

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ အမှုဆောင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာဦးနော်မန်လှသည် ၁၀-၃-၂၀၁၇ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့**

---

ဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဦးနော်မန်လှ
**ပါမောက္ခ၊ဌာနမှူး(ငြိမ်း)၊ ခွဲစိတ်ကုပညာဌာန**
**ဆေးတက္ကသိုလ်(၁)ရန်ကုန်**
**အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့**
**အသက်(၇၄)နှစ်**

ပါမောက္ခ ဦးနော်မန်လှသည် ၁၀-၃-၂၀၁၇ရက် (သောကြာနေ့) တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အသည်းအထူးကုဆရာဝန်ကြီး**
**ပါမောက္ခ ဦးခင်မောင်ဝင်း-ဒေါက်တာဒေါ်ခင်လေးရီ**

---

## ဦးမြင့်နိုင် (လပွတ္တာမြို့)
**အသက်(၇၂)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့၊ (၆)ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ် ၇၃နှင့် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၄လမ်း၊ အမှတ် ၄၇/ဘီနေ (ဦးခါးပါတ်-ဒေါ်ထောင်ပို့)တို့၏သား၊ (ဦးဟင်ယုံ-ဒေါ်နွဲ့ရှင်)၊ ဦးသိန်းဟန်-ဒေါ်မြ၊ ဦးဟင်ကြိုင်-ဒေါ်ချိုတို့၏ညီ၊ (ဒေါ်ကျင်ထွေး)၊ ဒေါ်ကျင်ပိုတို့၏အစ်ကို၊ ဒေါ်ဝင်းဝင်းအေး၏ခင်ပွန်း၊ မဝါဝါခိုင်၊ မောင်စိုးသူအောင်-မဇာဇာကျော်ဝင်း၊ မသိမ့်သိမ့်ဖြိုးတို့၏ဖခင်၊ မောင်ဖိုးလမင်း၏အဘိုးသည် ၁၃-၃-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးဇော်လေးမြင့်
**ရေယာဉ်မှူး(ငြိမ်း)**
**ပြည်သူ့ပုလဲနှင့်ငါးလုပ်ငန်း**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့နေ (ဦးတက်မြင့်-ဒေါ်ထွေးထွေး)တို့၏သား၊ (ဦးဟန်မောင်-ဒေါ်ပုံမေ)တို့၏သားသမက်၊ ဦးဇော်ထူး-ဒေါ်တင်တင်ဝင်း၊ ဦးအောင်သိန်း-ဒေါ်ဝင်းဝင်းမြင့်၊(ဒေါက်တာမျိုးညွန့်)-ဒေါ်စိုးစိုးတင့်၊ (ဦးမန်းတက်မြင့်)-ဒေါ်တင်မျိုးဝေ၊ (ဒေါ်သီဂီမြင့်)တို့၏ညီ/မောင်/အစ်ကို၊ ဒေါ်တင်တင်ဝင်း(ကုန်သွယ်/ဦးစီး၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်မင်းအောင်-ဒေါ်မေပုလဲဇော်၊ ဦးဇော်သင်းမောင်-ဒေါ်ဖြိုးဖြိုးနှင်းဆွေတို့၏ချစ်လှစွာသောဖခင်၊ ရှားရှား(ခ)Shire May ၊ ဖိုးပြည့်(ခ)ပြည့်ဘုန်းမင်းခေတ်တို့၏ဘဘသည်၁၁-၃-၂၀၁၇ရက် စင်ကာပူဒေသစံတော်ချိန် နံနက် ၁၁း၄၆နာရီတွင် National University Hospital ၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးဇေယျာထွန်း
**အသက်(၃၂)နှစ်**

ညီအစ်ကိုအရင်းပမာ ချစ်ခင်လေးစားရပါသော ဗိုလ်ကြီးဇေယျာထွန်း အသက်(၃၂)နှစ်သည် ၁၁-၃-၂၀၁၇ရက် (စနေနေ့)တွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရင်း အသက်ပေးလှူသွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ နောင်ဘဝများ ပြန်ဆုံခွင့်ရှိမည်ဆိုလျှင် ပြန်ဆုံရပါစေလို့ ဆုတောင်းမိပါသည်။ ရဲဘော် ကောင်းရာသုဂတိလားပါစေ

**သင်၏ရဲဘော်ရဲဘက်များ**
**ကျော်ကျော်လင်း၊ ဖြိုးဇော်အောင်**
**နေထွန်း၊ ရဲလွင်နိုင်၊ ဟိန်းမင်းဇော်**
**ကျော်ဇင်ဦး၊ နေလင်းအောင်**
**အောင်ဖြိုးမင်း**

---

## ကိုနေလင်းလှိုင်
**(T & C Supervisor)**
**Family Business Group Engineering**
**အသက်(၃၉)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ ၃၂လမ်း၊ အမှတ်(၃၉၀-က)နေ ဥူးပဋ္ဌင်းဦးဝိမလ (ဥယျာဉ်ကျောင်းတိုက်၊ လှည်းကူးမြို့နယ်)၊ (ဒေါ်ခင်ခင်သိန်း)တို့၏သား၊ မောင်သိန်းမြင့်ကျော် (Lift Jnstaller Family Business Group Engineering)၏အစ်ကိုသည် ၁၂-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၃း၀၅ နာရီတွင် ပြည်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒေါ်အမာ
**အသက်(၇၂)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်နေ (ဦးဖေ-ဒေါ်တီ)တို့၏သမီး၊ ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးသာထွန်း-ဒေါ်သင်းရီ)တို့၏ ချွေးမ၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ သီတဂူလမ်း၊ အမှတ် ၅/၁၅၀နေ ဦးကျော်သောင်း၏ဇနီး၊မဇင်မာသောင်း၊ မောင်မိုးမင်းသောင်းတို့၏ မိခင်သည် ၁၂-၃-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၄း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၃-၂၀၁၇ရက် (စနေနေ့) နံနက်တွင် ဝေဘာဂီမြို့သစ်၊ သီတဂူလမ်း၊ အမှတ် ၅/၁၅၀ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---


**အများသိစေရန်ကြေညာချက်**

လှိုင်သာယာမြို့နယ်၊ မြစိမ်းရောင်စက်မှုဇုန်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၁)၊ မြေကွက် အမှတ်(၅၆က²+၅၆က¹)တွင် ၃½ထပ်တိုက်Steel (၁)လုံးနှင့် ၁ထပ်Steel (၂)လုံး ဆောက်လုပ်ခွင့်ပြုပါရန် ဒေါ်ဝါဝါအောင်(၁/ဟပန(နိုင်)၀၁၁၄၂၇)မှ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနထုတ် မြေချပါမစ်အမည်ပေါက် မဟာရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်ထံမှ အဆင့်ဆင့်ဝယ်ယူထားသော မြေကွက်အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့်တင်ပြလျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများနှင့်အတူ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ


---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးလှအေး
**(တီတီစီကျောင်းသားဟောင်း)**
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့နေ (ဦးကျော်စိန်-ဒေါ်စိုးရင်)တို့၏သား၊ (ဦးခင်မောင်-ဒေါ်သန်းကြည်)တို့၏သားသမက်၊ ဒေါက်တာတင်မောင်ဝင်း - ဒေါ်အေးအေးသန်း၊ (ဒေါ်နုနုစိန်)တို့၏မောင်၊ ဦးဇော်ထွန်းအောင်-ဒေါ်နွယ်နွယ်မြ၊ ဦးခင်မောင်စိုး - ဒေါ်စန်းစန်းတင့်တို့၏ အစ်ကို၊ လမ်းမတော်မြို့နယ်၊ ၁၁လမ်း၊ အမှတ် ၆၄နေ ဒေါ်စန်းစန်းမော်(J.A.T ၊ ငြိမ်း၊ လှိုင်မြို့နယ်)၏ ချစ်လှစွာသောခင်ပွန်း၊ မဟန်နီ(မြန်မာ့အမျိုးသား လေကြောင်းလိုင်း)၏ဖခင်၊ ဒေါက်တာရီရီဝင်း၊ မောင်တိုးတက်ဝင်း၊ မောင်ထွန်းတင့်ဝင်း၊ မောင်စည်သူစိုး၊ မသီဂီစိုး၊ မပီတိဇော်တို့၏ဦးလေးသည် ၁၃-၃-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၀၀း၃၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးစောပီတာအောင်ဘ(ခ)ဦးစောပီတာစိုးဟန်
**ယခင် (R/O) ဟောင်း**
**အသက်(၇၉)နှစ်**

မအူပင်မြို့နယ်၊ လေးအိမ်စုကျေးရွာနေ စက်ဗိုလ်ကြီး (ဦးစောအောင်ဘ-ဒေါ်ချစ်)တို့၏သား၊ (ဦးစောဝါလင်တန်)၊ (ဦးစောဟင်နရီ)တို့၏ညီ၊ နော်မူတော၏အစ်ကို၊ ဆရာတော် ဦးစောမျိုးမြင့်ဦး(MCMC၊ အထွေထွေအတွင်းရေးမှူး)၊ ဆရာမနော်သွဲဖော (ဆပ်သွားတော၊ မော်ဘီ)တို့၏ဦးလေး၊ အင်းစိန်မြို့နယ်၊ အုတ်ကျင်း၀၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာမြိုင်လမ်း၊ အမှတ် ၂၆၁နေ ဆရာမတော်ဆေးရာ၏ချစ်လှစွာသောခင်ပွန်း၊ စောရှီးရှို၊ နော်ဒီဘိုရာအောင်၊ နော်လေးကဖောအောင်တို့၏ဖခင်သည် ၁၂-၃-၂၀၁၇ရက် ညနေ ၄း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၄-၃-၂၀၁၇ရက် ညနေ ၄နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်တင်စမ်း
**(ဌာနခွဲမှူး၊ ငြိမ်း၊ MPPE)**
**အသက်(၇၁)နှစ်**

ဦးသန်းရွှေ၏ ချစ်လှစွာသောဇနီးဖြစ်သူ ဒေါ်တင်စမ်း အသက်(၇၁)နှစ်သည် ၁၂-၃-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂း၁၀နာရီတွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**NIPPON STEEL KOWA REAL ESTATE CO.,LTD**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်တင်စမ်း
**(ဌာနခွဲမှူး၊ ငြိမ်း၊ MPPE)**
**အသက်(၇၁)နှစ်**

ဦးသန်းရွှေ၏ ချစ်လှစွာသောဇနီးဖြစ်သူ ဒေါ်တင်စမ်း အသက်(၇၁)နှစ်သည် ၁၂-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၁၀နာရီတွင်ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ASIA BUSINESS SOLUTIONS CO.,LTD**

---

## ဦးသုတကျော် B.A (Eco)
**အထက(၂)ကမာရွတ် ကျောင်းသားဟောင်း**
**အသက်(၃၉)နှစ်**

ရန်ကုန်မြို့နေ ဦးကျော်ဝင်း-(ဒေါ်အေးအေးမြင့်)တို့၏သား၊ ဦးဝေမိုးညို-ဒေါ်စန်းစန်းတို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ မာလာလမ်း၊ တိုက် ၈၊ ဒါဘာ(ခြေရင်းခန်း)နေ ဒေါ်လွင်လွင်မိုးညို၏ချစ်လှစွာသောခင်ပွန်း၊ မေစစ်သွေးကျော်(UNITEAM MARINE)-ဒေါက်တာဆုမြတ်စိုး၊ မနှောင်းဝေကျော်၊ မောင်နေလကျော်တို့၏အစ်ကိုသည် ၁၃-၃-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အုတ်ကျင်း၀ နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးအောင်ထွန်းမြင့် အသက်(၃၈)နှစ်
**ကြည်း-၃၄၁၅၁၊ တေဇ-၂၈**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဉာဏသုခလမ်း၊(၂/ခ)ရပ်ကွက်နေ ဦးတင်ကြိုင်-(ဒေါ်ငွေလှ)တို့၏သား၊ ဦးမြင့်လှိုင်-ဒေါ်မြင့်မြင့်သန်းတို့၏သားသမက်၊ ဒေါ်နှင်းယုနိုင်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဖွဲ့ထက်အောင်၊ မယွန်းရွှေရည်ခိုင်တို့၏ဖခင်သည် ၁၃-၃-၂၀၁၇ရက်(တနင်္လာနေ့)ညနေ ၄း၂၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ဆရက(၁)(၁၀၀၀) ငြိမ်းအေးဇရပ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၁၉-၃-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ တိုက် ၉၅၊ အခန်း ၂၊ နဝရတ်ရိပ်သာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်ဝင်းကျော်
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ လေးထောင့်ကန်လမ်း၊ မင်းရဲကျော်စွာအိမ်ရာ၊ တာမွေလေးရပ်ကွက်၊ တိုက် N-5 ၊ အခန်း 002နေ (ဦးကျော်ရှိန်-ဒေါ်ကျင်ယုံ)တို့၏သား၊ ဒေါ်ခင်ဖြူလတ်၏ခင်ပွန်း၊ မယမင်းကျော်၊ မောင်သူရိန်ကျော်၊ မောင်ကျော်သူလတ်တို့၏ဖခင်သည် ၁၃-၃-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၁း၅၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၉-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်ဝင်းကျော်
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ လေးထောင့်ကန်လမ်း၊မင်းရဲကျော်စွာအိမ်ရာ၊ တာမွေလေးရပ်ကွက်၊ တိုက် N-5 ၊ အခန်း 002နေ (ဦးကျော်ရှိန်-ဒေါ်ကျင်ယုံ)တို့၏သား၊ (ဦးမောင်မောင်သန်း)-ဒေါ်ညွန့်ညွန့်ရှိန်တို့၏မောင်၊ ဦးသန်းလှိုင်-ဒေါ်ဒေစီကျော်ရှိန်၊ ဦးဖုန်းကျော်-ဒေါ်ကြူကြူ၊ ဦးတင်ဌေး-ဒေါ်ပင်စီကျော်ရှိန်တို့၏အစ်ကို၊ တူ၊ တူမ ၁၇ ယောက်၊မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၃-၃-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၁း၅၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးချစ်မောင် (ပုသိမ်)
**စစ်မှုထမ်းဟောင်း(ငြိမ်း)**
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ပညာ ၁၃လမ်း၊ အမှတ်(၉၉၄/က)နေ(ဦးကျော်သောင်း-ဒေါ်လှစိန်)တို့၏သား၊ (ဒေါ်စန်းကြည်)၏ခင်ပွန်း၊ ဦးညွန့်စိန်-(ဒေါ်စန်းမြိုင်)၊ ဦးသိန်းဆောင်-ဒေါ်တင်တင်ရီ၊ ဦးကိုကိုလေး-ဒေါ်သန်းသန်းဌေးတို့၏အစ်ကို၊ ဦးသန့်ဇင်-ဒုရဲမှူးဒေါ်ဝင်းစန္ဒာ(မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရေး-ဌာန)၊ ဒေါ်ခင်စန်းဝင်း(တရားလွှတ်တော်ရှေ့နေ)၊ ဦးသန်းဇော်ဦး(SR Shipping)-ဒေါ်မူမူမြင့်(ဆက်သွယ်ရေး၊ ငွေစာရင်း)တို့၏ဖခင်၊ မောင်အောင်ဇင်ဖြိုး(တတိယနှစ်၊ အင်္ဂလိပ်စာ၊ အရှေ့ပိုင်းတက္ကသိုလ်)၊ မောင်ပြည့်ဖြိုးဟန် (Grade-8၊ အလက-၄၊ တ/ဥက္ကလာ)တို့၏ အဘိုးသည် ၁၂-၃-၂၀၁၇ရက်(တနင်္ဂနွေနေ့)ညနေ ၅း၀၅နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးစောလွင် အသက်(၇၅)နှစ်
**စက်ရုံမှူး(ငြိမ်း)**
**တပ်မတော်ဘီစကွတ်နှင့်ခေါက်ဆွဲစက်ရုံ(မှော်ဘီ)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ဒီပါဓမြေလမ်း၊ အမှတ် ၁၄၁၀နေ (ဦးအုံးလှိုင်-ဒေါ်လှတင်)တို့၏သား၊ (ဒုတိယဗိုလ်မှူးကြီးခင်မောင်-ဒေါ်မြသန်း)တို့၏သားသမက်၊ (ဗိုလ်မှူးအေးမင်း)-ဒေါ်အုံးကြွယ်၊ (ဦးတိတ်ရှိန်)-ဒေါ်သိန်းဝင်းတို့၏မောင်၊ (ဦးလှဒင်)-ဒေါ်သန်းချစ်တို့၏အစ်ကို၊ ဒေါ်ခင်သန်းနွယ်၏ချစ်လှစွာသောခင်ပွန်း၊ ဦးဇေရာမင်း-ဒေါ်ခိုင်ရွှေဝါ(BPI၊ အုပ်ချုပ်ရေးဌာန)၊ဒုတိယဗိုလ်မှူးကြီးလွှမ်းမိုး[အမှတ်(၁)တပ်မတော်ဆေးရုံကြီး၊ ခုတင်-၁၀၀၀]-ဗိုလ်ကြီးပြုံးစန္ဒာဝင်း(ငြိမ်း) (ကလဆ-၃၀၀)၊ ဒေါ်ခိုင်မာလာ၊ ဦးမိုးမင်းဇော်-ဒေါ်အေးသီတာ၊ ဦးသားနားမောင်-ဒေါ်စိမ်းဝတ်ရည်၊ ဦးရဲလင်း-ဒေါ်အိအိရွှေဇင်တို့၏ဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၁၃-၃-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးသန်းဦး
**အသက်(၆၂)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ဘီတွတ်ကျေးရွာနေ(ဦးအလူး-ဒေါ်မြသင်)တို့၏သား၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ သင်္ဘောကျင်းရပ်ကွက်နေ (ဦးကျင်သန်း-ဒေါ်သန်းရင်)တို့ ၏သားသမက်၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်လမ်းသွယ်(၃)လမ်း၊ တိုက် ၆/၈၊ ငါးလွှာ(B)နေ ဒေါ်ဌေးဌေး၏ ချစ်လှစွာသောခင်ပွန်း၊ ကိုသက်ထွန်းဝင်း(ခ)ကိုဒေးဗစ်-မဇင်ဇင်ဦးတို့၏ဖခင်၊ မအိမ့်မှူးပိုင်၊ မောင်ပိုင်သူဟိန်းတို့၏အဘိုးသည် ၁၃-၃-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၉း၃၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ဗိုလ်တထောင်နေအိမ်မှ ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးသန့်ဇင်ဦး (ယာယီတပ်ရင်းမှူး)
**ကြည်း-၃၄၀၂၂၊ ခလရ-၁၁**
**အသက်(၃၈)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်နေ ဦးကံဆောင်-ဒေါ်ထွေးထွေးတို့၏သား၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ၁၆လမ်းအနောက်နေ ဦးတိုးအောင်-(ဒေါ်ဝင်းကြည်)တို့၏ သားသမက်၊ ဦးကျော်သက်(လယ်ပြ၊ ငြိမ်း) - ဒေါ်တင်တင်အေး၊ ဒေါ်မီမီအောင်(ထ-၁၊ သာကေတ)၊ဒေါ်ခင်ယုအောင်(မ-၄၆၊ သာကေတ)၊ ဦးမြတ်စိုးကျော်[စက်ရုံမှူးကြီး၊ လောပိတ(၂)စက်ရုံ]-ဒေါ်ခိုင်ခိုင်ဌေး(အထက၊ လောပိတ)၊ (ဦးဇော်ဝင်းအောင်)-ဒေါ်စန်းစန်းဌေး၊ ဦးဝင်းထွဋ်အောင်(တပ်စာရင်းကိုင်၊ နေပြည်တော်)တို့၏ညီ/မောင်၊ ကိုမင်းမင်းသန်း(MPU မြန်မာစာဌာန၊ နည်းပညာတက္ကသိုလ်၊ မန္တလေး)-ဒေါ်ဇင်မာထွေး(လ-ခွဲ-၂၊ ချမ်းမြသာစည်၊ မန္တလေး)၊ ဦးအောင်သန်းဝင်း(UPG)တို့၏အစ်ကို၊ မောင်ချမ်းငြိမ်းသန့်ဇင်၏ဖခင်၊ ဒေါ်ချိုချိုအောင် (အထက်တန်းပြ၊ ရွှေမြင်တင်အထက)၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးသန့်ဇင်ဦးသည် ၁၁-၃-၂၀၁၇ရက် ည ၁၀း၄၀နာရီတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ရှေ့တန်းတစ်နေရာ၌ ကျဆုံးသွားပါသဖြင့် ၁၃-၃-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် လားရှိုးမြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးဖုန်း(ခ)ဦးဖုန်းနိုင်
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း၊ အမှတ် ၄၊ ငါးလွှာနေ (ဦးကွမ်း-ဒေါ်ထွေးစိန်)တို့၏သား၊ (ဦးချောလယ်-ဒေါ်တင်ကြည်)တို့၏သားသမက်၊ (ဦးကြာ-ဒေါ်ခင်သောင်း)တို့၏ညီ/မောင်၊ ဒေါ်ခင်စန်းနွယ်၏ခင်ပွန်း၊ ကိုမောင်မောင်မြင့်-မသူဇာနိုင်၊ မောင်ကျော်ကျော်နိုင် - မသင်းသင်းထွန်း၊ ကိုလှထွေးမောင်-မအေးအေးနိုင်၊ ကိုမိုးဇော်-မချိုမာနိုင်၊ မောင်သန်းဇော်နိုင်-မပြုံးပြုံးအေးတို့၏ ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၂-၃-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၇ရက် (စနေနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]


ကျန်ရစ်သူမိသားစု

---

## ဦးသိန်းဝင်း
**@ U Dilip Barua**
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊သုခလမ်း၊ အမှတ် ၃၇နေ(ဦး L.C ဘရူးဝါး)-ဒေါ်ဂိုပါရာနီဘရူးဝါးတို့၏သား၊ ဒေါ် T.L ဘရူးဝါး၏ခင်ပွန်း၊ ဒေါ်နိုနီဘရူးဝါး၏မောင်၊ ဦးအောင်သန်း-ဒေါ်နီနီထွေး၊ (ဦးသိန်းအောင်)၊ ဦး J.V နန္ဒာဘရူးဝါး-ဒေါ်တီနားဘရူးဝါး၊ ဒေါ်စန်းစန်းဝင်းတို့၏အစ်ကို၊(မနွယ်နီဝင်း)၊ ကိုဇော်မျိုးထွန်း (ခ) Lovely Barua ၊ ကိုဇော်ဝင်းပိုင်၊ (ကိုကျော်စွာထွန်း)၊ မောင်ဝင်းမြင့်တို့၏ဖခင်သည် ၁၃-၃-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၃-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါတာမွေမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု


# ဗိုလ်ချုပ်အောင်ဆန်းပုံရိုက်နှိပ်ထားသည့် အထူးထုတ်တံဆိပ်ခေါင်းနှင့် တံဆိပ်ခေါင်းပါစာအိတ် ရောင်းချပေးသွားမည်




**နေပြည်တော် မတ် ၁၃**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ နိုင်ငံခြားရေးဝန်ကြီးဌာန နှစ် (၇၀) ပြည့် အထိမ်းအမှတ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပထမဦးဆုံးဝန်ကြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းပုံရိုက်နှိပ်ထားသည့် အထူးထုတ်စာပို့တံဆိပ်ခေါင်း ၅၀၀ ကျပ်တန်နှင့် တံဆိပ်ခေါင်းပါစာအိတ် ၅၀၀ ကျပ်တန်တို့ကို မတ် ၁၇ ရက် သောကြာနေ့ နံနက် ၉ နာရီခွဲမှစတင်၍ တိုင်းဒေသကြီး/ပြည်နယ်များရှိ လုပ်ငန်းပြည့်စာတိုက်အသီးသီး၌ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ မတ် ၁၇ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများ၊ တံဆိပ်ခေါင်းပါစာအိတ်များနှင့် ပထမနေ့စာအိတ် (Firstday Cover) များပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**




## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၁၅ ရက် သတင်းစာတွင် ပါရှိမည်

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၁၅ ရက် သတင်းစာတွင် ဖော်ပြပါရှိပါမည်။**

(မြန်မာ့အလင်း)

## မြေငလျင်လှုပ်

**ရန်ကုန် မတ် ၁၃**

၂၀၁၇ ခုနှစ် မတ် ၁၃ ရက် မြန်မာစံတော်ချိန် ၂၀ နာရီ ၄၉ မိနစ် ၀၆ စက္ကန့်အချိန်တွင် ကမ္ဘာ့အေး မြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၂၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (တိုက်ကြီးမြို့၏ အနောက်-အနောက်တောင်ဘက် ၅ မိုင်ခန့်အကွာ) ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၈ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။
**(မိုး/ဇလ)**

# လောက်ကိုင်ဒေသ၌ တပ်မတော်နှင့် MNDAA အဖွဲ့တို့ တိုက်ပွဲကြီး/ငယ် ၄၈ ကြိမ်ဖြစ်ပွားခဲ့

**နေပြည်တော် မတ် ၁၃**

ဖုန်ကြားရှင်နှင့် ဖုန်တာရှင်ဦးဆောင်သည့် MNDAA လက်နက်ကိုင်အဖွဲ့သည် ၂၀၁၇ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းမှစ၍ ပွိုင့်-၂၁၄၅ သို့လည်းကောင်း၊ မတ် ၆ ရက် နံနက်အစောပိုင်းတွင် လောက်ကိုင်မြို့ပေါ်ရှိ တပ်စခန်းများ၊ ရဲစခန်းများနှင့် အများပြည်သူပိုင် အဆောက်အအုံနေရာများကို လည်းကောင်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ ဓားပြတိုက်ခြင်း၊ ပြန်ပေးဆွဲ လူသစ်စုဆောင်းခြင်း စသည့်လုပ်ရပ်များ လောက်ကိုင်ဒေသအတွင်း ထပ်မံ လုပ်ဆောင်လာခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက် နယ်မြေရှင်းလင်းလျက်ရှိသည်။

MNDAA လက်နက်ကိုင်အဖွဲ့အင်အား ၃၀၀ ခန့်သည် မတ် ၆ ရက် နံနက် ၁ နာရီ ၄၅ မိနစ်ခန့်မှ နံနက် ၃ နာရီခန့်အတွင်း အင်အားဖြန့်ခွဲ၍ ရန်လုံကျိုင်းရှိ တပ်စခန်းနှင့် ရဲစခန်းများ၊ လောက်ကိုင်မြို့ရှိ ကိုးကန့်ယာဉ်ထိန်းရဲတပ်ဖွဲ့ရုံး၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အဖွဲ့ဝင် ဦးဝေဆန်း၏နေအိမ်နှင့် နှစ်နိုင်ငံနယ်စပ်မှတ်တိုင်များအနီး လုံခြုံရေး ဆောင်ရွက်နေသည့် တပ်စခန်းများကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်ပြီး အင်အား ၅၀ ခန့်သည် အင်အား သုံး-လေးဦးခန့်ပါ အဖွဲ့ငယ်များခွဲ၍

*စာမျက်နှာ ၅ ကော်လံ ၁* ❁


MNDAA လက်နက်ကိုင်အဖွဲ့တိုက်ခိုက်မှုကြောင့် လောက်ကိုင်မြို့အတွင်း အဆောက်အအုံများ ပျက်စီးနေပုံ

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded By : EUROMONEY
EUROMONEY AWARDS FOR EXCELLENCE 2016

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ

မြန်မာ့အလင်း
အင်္ဂါ၊ မတ် ၁၄၊ ၂၀၁၇

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရသစ်၏ သက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ တစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။



ဦးထွန်းထွန်းဦး (ပြည်ထောင်စုတရားလွှတ်တော်ချုပ်)

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင်တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်

# တရားရေးမဏ္ဍိုင်၏

## တစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နိုင်ခဲ့မှုများ

● နိုင်လင်းကြည်

**ပြည်ထောင်စုသမ္မတ** မြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာခက်မသုံးဖြာ သို့မဟုတ် မဏ္ဍိုင်သုံးရပ်ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ရှိသည့်အနက် တရားစီရင်ရေးအာဏာကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေများအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များနှင့် ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများ၊ အထူးတရားရုံးများကို ဖွဲ့စည်းတည်ထောင်ပြီး တရားစီရင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် ၁၄ ရပ်၊ ခရိုင်တရားရုံး ၇၂ ရုံး၊ မြို့နယ်တရားရုံး ၃၃၀၊ အထူးတရားရုံး ၂၂ ရုံးတို့ဖြင့် တရားစီရင်ရေးလုပ်ငန်းများကို စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တရားမျှတမှုကို ဖြည့်ဆည်းပေးရန်ကတိပြုထား**

မြန်မာနိုင်ငံ၏ တရားစီရင်ရေးသည် လူတိုင်းသို့ အရည်အသွေးမြင့်တရားမျှတမှုများကို ဖြည့်ဆည်းပေးရန် ကတိပြုထားပြီး တရားရုံးများအပေါ် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို မြှင့်တင်ခြင်းမှာ ဦးစားပေးလုပ်ငန်းတစ်ခု ဖြစ်သောကြောင့် တရားစီရင်ရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်ရာတွင် နိုင်ငံတကာနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၆ ခုနှစ် ဇွန် ၁၅ ရက်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဩစတြေးလျဖက်ဒရယ်တရားရုံးတို့သည် မြန်မာနိုင်ငံ၏ တရားစီရင်ရေးမဟာဗျူဟာ စီမံကိန်းနှင့် ဆက်လက်လုပ်ဆောင်မည့် တရားစီရင်ရေးပြုပြင်ပြောင်းလဲမှုများနှင့်အညီ လုပ်ငန်းအစီအစဉ်များကို နှစ်အလိုက်သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။

ထို့ပြင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်တွင်လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးတို့၏ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရန်အတွက် ဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုကို လက်မှတ်ရေးထိုးခဲ့သည်။

၂၀၁၆ ခုနှစ် မတ် ၁၈ ရက်တွင်လည်း ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့၏ မြန်မာနိုင်ငံ ဥပဒေရေးရာ၊ တရားစီရင်ရေးရာနှင့် သက်ဆိုင်သည့်ကဏ္ဍများ၏ စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံချက်ဆွေးနွေးချက်မှတ်တမ်း ပြင်ဆင်ချက်အား လက်မှတ်ရေးထိုးခဲ့သည်။

**တိုက်ဆိုင်နေ**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇) ကို ရေးဆွဲခဲ့ပြီး ဒုတိယနှစ် လုပ်ငန်းအစီအစဉ်(၂၀၁၆) ကာလသည် အစိုးရသစ်တာဝန်ယူသည့် တစ်နှစ်တာကာလ ပြုပြင်ပြောင်းလဲနေမှုနှင့် တိုက်ဆိုင်နေသည်။

> ‘တရားရုံးများတွင် အမှုများကို မှန်မှန်နှင့် မြန်မြန်ဆန်ဆန် စစ်ဆေးရန်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရည်မှန်းချက်တစ်ခုဖြစ်သည့် မှန်မှန်နှင့်မြန်မြန် စစ်ဆေးရန်ဆိုသည့် လုပ်ငန်းစဉ်အပါအဝင် လုပ်ငန်းစဉ်အချို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အမှုသွားအမှုလာစီမံခန့်ခွဲမှုကို တရားရုံးများတွင် ရှေ့ပြေးစမ်းသပ်ဆောင်ရွက်နေ’

အဆိုပါစီမံကိန်းအရ မဟာဗျူဟာဖော်ဆောင်မည့် နယ်ပယ်ငါးရပ်ကို သတ်မှတ်ခဲ့သည်။ ယင်းနယ်ပယ်များမှာ (၁) အများပြည်သူ၏ တရားမျှတမှုကို လက်လှမ်းမီရေးကို ကာကွယ်စောင့်ရှောက်ရန်၊ (၂) လူထု၏ အသိအမြင်ကို မြှင့်တင်ပေးရန်၊ (၃) တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် တာဝန်ယူဆောင်ရွက်မှုကိုမြှင့်တင်ပေးရန်၊ (၄) တရားစီရင်ရေး၏ သာတူညီမျှမှု၊ မျှတမှုနှင့် ဂုဏ်သိက္ခာကို အာမခံနိုင်သည့် ကတိကဝတ်ထိန်းသိမ်းရန်နှင့် (၅) အမှုများစစ်ဆေးစီရင်ရာတွင် အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်မှု အားကောင်းလာစေရန်တို့ဖြစ်ကြောင်း သိရသည်။

**တရားရုံးဝန်ဆောင်မှုများအား အဆင့်မြှင့်တင်**

ပြည်သူလူထု၏ တရားမျှတမှုလက်လှမ်းမီရေးအတွက် အမှုများ၏ အမိန့်ချမှတ်မည့်နေ့ရက်များ၊ အမှုကြားနာမည့်နေ့ရက်များအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အင်တာနက်စာမျက်နှာဖြစ်သော www.union supremecourt.gov.mm နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်သူ့ဆက်ဆံရေးဌာနခွဲ လူမှုကွန်ရက် စာမျက်နှာတို့တွင် အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ပေးခဲ့သည်။

အများပြည်သူတို့၏ တရားစီရင်ရေးဆိုင်ရာ အသိအမြင် ဗဟုသုတများ တိုးပွားစေရေးအတွက် ၂၀၁၆ ခုနှစ်အတွင်းတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရာဇဝတ်အကြောင်း သိကောင်းစရာ၊ တရားမအကြောင်း သိကောင်းစရာ၊ **အချပ်ပို (ခ) သို့**




ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ (၁၁) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်

**အချုပ်ပို(က)မှ**

စာချွန်တော်အကြောင်း သိကောင်းစရာ၊ သင့်အတွက်တရားရုံးဟူ၍ လက်ကမ်းစာစောင်လေးမျိုးအား စုစုပေါင်းစောင်ရေ ၃၈၀၀၀၀ ပုံနှိပ်၍ တရားရုံးများမှတစ်ဆင့် အများပြည်သူသို့ တစ်နေရာတည်း၌ အဆင်ပြေပြေ ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအနေဖြင့် တရားဥပဒေလိုက်နာရမည့် ကျင့်ဝတ်များကို ဆောင်ရွက်လျက်ရှိရာတွင် ယခင်ကရှိပြီးသား ကျင့်ဝတ်များကို ပြန်လည်မွမ်းမံရေး ၂၀၁၇ ဘဏ္ဍာ ရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၁၃၇၉ ဖြင့် တည်ဆောက်နိုင်ခဲ့သည်။

**ကျယ်ဝန်းသော တရားခွင်ခန်းများ**

တရားရုံးအဆောက်အအုံသစ်များ တည်ဆောက်ရာတွင်လည်း အမှုများစစ်ဆေးစီရင်ရာတွင် အများပြည်သူဝင်ရောက်နားထောင်နိုင်ရန်အတွက် ကျယ်ဝန်းသော တရားခွင်ခန်းများ၊ တရားရုံးသို့ လာရောက်သော သက်သေများ၊ ရှေ့နေများ၊ ဥပဒေအရာရှိများအတွက် သီးခြားနားနေခန်းများ၊ အမှုသည်များ သတင်းရယူရန်နေရာနှင့် စုံစမ်းရန်ဌာန၊ ရာဇဝတ်မှုနှင့် တရားမမှုများအတွက် အမှုလက်ခံရာဌာနများ တရားရုံးသို့ လာရောက်သော မသန်စွမ်းသူများအတွက် ဘီးတပ်ကုလားထိုင်ဖြင့် သွားလာနိုင်သောလမ်း၊ သတင်းမီဒီယာများနှင့် တွေ့ဆုံဆွေးနွေးခန်း၊ အချုပ်တရားခံများအတွက် ကျယ်ဝန်းသော ယာယီအချုပ်ခန်းများ၊ လုံခြုံရေးဂိတ်တဲများကို ထည့်သွင်းဆောက်လုပ်ထားသဖြင့် Court Facilities နှင့် ပြည့်စုံပြီး တရားရုံးအသုံးပြုသူများ စိတ်ချမ်းမြေ့ဖွယ်ဖြစ်စေရန် ဖော်ဆောင်ပေးခဲ့ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က ရှင်းပြသည်။



တရားရုံးများတွင် အမှုများကို မှန်မှန်နှင့် မြန်မြန်ဆန်ဆန် စစ်ဆေးရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရည်မှန်းချက်တစ်ခုဖြစ်သည့် မှန်မှန်နှင့် မြန်မြန်စစ်ဆေးရန်ဆိုသည့် လုပ်ငန်းစဉ်အပါအဝင် လုပ်ငန်းစဉ်အချို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အမှုသွားအမှုလာစီမံခန့်ခွဲမှုကို တရားရုံးများတွင် ရှေ့ပြေးစမ်းသပ် ဆောင်ရွက်နေကြောင်း၊ ရှေ့ပြေးစမ်းသပ်ဆောင်ရွက်ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ပူးပေါင်းပံ့ပိုးပြီး ဆောင်ရွက်ပေးသည့် အဖွဲ့အစည်းများရှိပြီး ယင်းသို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တရားရုံးသို့ လူတွေ

**အချုပ်ပို(ဂ)သို့**

တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ ကျင်းပစဉ်

ဖြန့်ဝေပေးနိုင်ခဲ့သည့်အပြင် တက္ကသိုလ်အသီးသီးမှ ဥပဒေပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လေ့လာရေးခရီး လာရောက်လေ့လာနိုင်ရန် ဆောင်ရွက်ပေးခဲ့ပါသည်။

**တရားရုံးအဆောက်အအုံများ၏**
**အသွင်သဏ္ဍာန်ပြုပြင်ပြောင်းလဲမှု**

တရားရုံးအသုံးပြုသူများအား ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးနိုင်ရန်ရည်ရွယ်ချက်ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တိုးချဲ့အဆောက်အအုံသစ်ကို တည်ဆောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် မေလ ၁၆ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ အဆိုပါ တိုးချဲ့အဆောက်အအုံသစ်တွင် အများပြည်သူများ နားနေရန်ခန်းမ၊ သတင်းမီဒီယာအခန်း၊ ရာဇဝတ်၊ တရားမနှင့် စာချွန်တော် အမှုသစ်လက်ခံကောင်တာများ၊ ရှေ့နေရှေ့ရပ်၊ ဘီလစ်/မိတ္တူကူးနှင့် စာပေးစာယူကောင်တာတို့အား တစုတစည်းတည်း ဖွင့်လှစ်ထားရှိပေးထားသဖြင့် အများပြည်သူအနေဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ သက်ဆိုင်သောမိမိတို့၏ လုပ်ငန်းဆောင်တာများကို တစ်ချိန်တည်းတွင် ဆွဲခြင်းဖြစ်ပြီး ထိုသို့ရေးဆွဲရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ဒိန်းမတ်အစိုးရ၊ UNDP ၊ ICJ စသဖြင့် ပူးပေါင်းကာ ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၂၈ ရက်နေ့က Third Dialogue ကို ကျင်းပနိုင်ခဲ့ကြောင်း၊ အမှုခေါ်စာရင်းများနှင့်ပတ်သက်၍ အများပြည်သူ လွယ်လွယ်ကူကူကြည့်ရှုနိုင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တရားလွှတ်တော် ၁၄ ခုမှာ Website များ၊ Facebook များတွင် ဖော်ပြပေးနိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ်အတွင်းမှာလည်း တရားလွှတ်တော်ချုပ်၏ တိုးချဲ့ဆောင်တွင် အမှုသစ်လက်ခံကောင်တာများ၊ ရှေ့နေရှေ့ရပ် ကောင်တာများ၊ မိတ္တူကူးစက်ကောင်တာများ စသည်ဖြင့် ထားရှိပေးခြင်းဖြင့် တစ်ချိန်တည်းတွင် တစ်နေရာတည်း၌ ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။ ဒက္ခိဏခရိုင်တရားရုံး၊ နမ့်ဆန်(မြောက်)မြို့နယ် တရားရုံး၊ ဒက္ခိဏသီရိမြို့နယ် တရားရုံးများအား အသစ်ပြန်လည်တည်ဆောက်နိုင်ခဲ့သည့်အပြင် မြို့နယ်အလိုက် လူဦးရေနှင့် အမှုဖြစ်ပွားမှုနှုန်း လိုက်လျောညီစွာ ဆောင်ရွက်နိုင်ရန်အတွက် လှိုင်သာယာ မြို့နယ်တရားရုံး အဆောက်အအုံသစ်ကို ၂၀၁၆-



တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ် ပေးအပ်စဉ်

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ






တရားစီရင်ရေး၊ ကျင့်ဝတ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ တတိယအကြိမ် အဆင့်မြင့်ဆွေးနွေးပွဲတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် အမေရိကန်ပြည်ထောင်စု ဖက်ဒရယ်တရားသူကြီး **The Hon. Allyson K. Duncan** တို့ တွေ့ဆုံဆွေးနွေးအပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်စဉ်

**အချပ်ပို(ခ)မှ**

လာရာတွင် အချိန်ကုန်လူပန်းသက်သာရန်၊ ငွေကုန်လည်း သက်သာရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် အနေဖြင့် အမှုအသွားအလာစီမံခန့်ခွဲမှုအစီအစဉ်ကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်နေရာတွင် ပဲခူးတိုင်းဒေသကြီးတွင် တောင်ငူခရိုင်တရားရုံး၊ ရန်ကုန်တိုင်းဒေသကြီးတွင် လှိုင်သာယာမြို့နယ်တရားရုံး၊ ကရင်ပြည်နယ်တွင် ဘားအံမြို့နယ်တရားရုံးစသည့် ရုံးသုံးရုံးအား ရှေ့ပြေးတရားရုံးများအဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းမှာ ၂၀၁၅ ခုနှစ်တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ ၂၀၁၆ ခုနှစ်တွင် တစ်နှစ်ပြည့်ခဲ့ပြီး ဆန်းစစ်မှုများ ပြုလုပ်ရာ၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရှေ့ပြေးအဖြစ်ဆောင်ရွက်ခဲ့တဲ့ တရားရုံးများတွင် အမှုလာစီမံခန့်ခွဲမှုအရ စစ်ဆေးစီရင်ဆဲအမှုတွေကိုလည်း လျှော့ချနိုင်ခဲ့ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးကြည်သက်က ရှင်းပြသည်။

## အမှုကြန့်ကြာမှု

ထို့ပြင် အမှုကြန့်ကြာမှုများကိုလည်း လျှော့ချနိုင်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် အောင်မြင်မှုရှိကြောင်း၊ ယင်းသို့ အောင်မြင်ခြင်းသည်လည်း မိမိတို့ တရားရုံးတစ်ရုံးတည်းကြောင့် မဟုတ်ကြောင်း၊ အခြားဆက်စပ်နေသည့် တရားစွဲအဖွဲ့အစည်းများရှိပြီး ရှေ့နေရှေ့ရပ်များ၊ ရုံးသို့လာပြီး သက်သေခံလာရောက်သည့်အမှုသည်များ၊ သက်သေများအားလုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ပထမတစ်နှစ်တာကာလအတွင်း အောင်မြင်မှုရရှိခဲ့ကြောင်း၊ ထို့ကြောင့် ၂၀၁၆ ခုနှစ်တွင် နောက်ထပ်ငါးရုံးကို ထပ်ချဲ့ကာ အဆိုပါရုံးငါးရုံးတွင်လည်း အမှုသွားအမှုလာ စီမံခန့်ခွဲမှုအစီအစဉ်ဖြင့်ပင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးတွင် ချမ်းအေးသာစံမြို့နယ်တရားရုံး၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်မြို့နယ်တရားရုံး၊ မကွေးတိုင်းဒေသကြီးတွင် မကွေးမြို့နယ်တရားရုံး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာခရိုင်တရားရုံးနှင့် မွန်ပြည်နယ်တွင် မော်လမြိုင်ခရိုင်တရားရုံးစသည့် ရုံးငါးရုံးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးကြည်သက်က ရှင်းပြသည်။

## တရားစီရင်ရေးလုပ်ငန်းဆောင်ရွက်နိုင်မှု

၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ (ယခင်နှစ်အမှုလက်ကျန်မပါ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ရာဇဝတ်အမှုပေါင်း ၁၃၈၂ မှု လက်ခံရရှိကာ ၁၂၆၉ မှု စစ်ဆေးပြီးပြတ်ပြီး တရားမအမှုပေါင်း ၂၄၉၅ မှု လက်ခံရရှိကာ ၂၃၅၀ မှု စစ်ဆေးပြီးပြတ်ခဲ့သည်။

ထို့ပြင် စာချွန်တော်လျှောက်ထားမှု ၃၀၀ မှုလက်ခံရရှိကာ ၁၉၂ မှုစစ်ဆေးပြီးပြတ်ခဲ့သည်။ ရာခိုင်နှုန်းအားဖြင့် ရာဇဝတ်မှုတွင် ၉၁ ဒသမ ၈၂ ရာခိုင်နှုန်း၊ တရားမမှုတွင် ၉၄ ဒသမ ၁၉ ရာခိုင်နှုန်း၊ စာချွန်တော်တွင် ၆၄ ရာခိုင်နှုန်းပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များတွင် ရာဇဝတ်အမှုပေါင်း ၅၅၉၉ မှု စစ်ဆေးပြီးပြတ်ကာ တရားမအမှုပေါင်း ၅၇၈၂ မှု လက်ခံရရှိပြီး ၅၁၂၇ မှု စစ်ဆေးပြီးပြတ်ခဲ့သည်။ ရာခိုင်နှုန်း အားဖြင့် ရာဇဝတ်မှုတွင် ၁၀၇ ဒသမ ၁၂ ရာခိုင်နှုန်း၊ တရားမမှု တွင် ၈၈ ဒသမ ၆၇ ရာခိုင်နှုန်း ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

ခရိုင်တရားရုံးများတွင် ရာဇဝတ်အမှုပေါင်း ၁၈၀၃၄ မှု လက်ခံရရှိပြီး ၁၆၅၂၀ မှု စစ်ဆေးပြီးပြတ်ကာ တရားမအမှုပေါင်း ၁၂၇၈၄ မှုလက်ခံရရှိပြီး ၁၁၅၄၆ မှုစစ်ဆေးပြီးပြတ်ခဲ့သည်။ ရာခိုင်နှုန်းအားဖြင့် ရာဇဝတ်မှုတွင် ၉၁ ဒသမ ၆၀ ရာခိုင်နှုန်း၊ တရားမမှုတွင် ၉၀ ဒသမ ၃၂ ရာခိုင်နှုန်း ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ မြို့နယ်တရားရုံးများတွင် ရာဇဝတ်အမှုပေါင်း ၃၄၆၆၉ မှု လက်ခံရရှိပြီး ၃၄၁၅၈၇ မှု စစ်ဆေးပြီးပြတ်ကာ တရားမအမှုပေါင်း ၂၄၁၆၆ မှုလက်ခံရရှိပြီး ၂၃၇၅၇ မှု စစ်ဆေးပြီးပြတ်ခဲ့သည်။ ရာခိုင်နှုန်းအားဖြင့် ရာဇဝတ်မှုတွင် ၉၈ ဒသမ ၅၃ ရာခိုင်နှုန်း၊ တရားမမှုတွင် ၉၈ ဒသမ ၃၁ ရာခိုင်နှုန်း ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများဖြစ်သည့် ကလေးသူငယ်တရားရုံး (ရန်ကုန်နှင့် မန္တလေး)တွင် ကလေးသူငယ် ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၃၀၇ မှု လက်ခံရရှိပြီး ၃၀၃ မှု စစ်ဆေးပြီးပြတ်ကာ ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၇၀ ရာခိုင်နှုန်း၊ စည်ပင်သာယာတရားရုံး(နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး)တို့တွင် စည်ပင်သာယာဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၃၂၂၃၃ မှု စစ်ဆေးပြီးပြတ်ခဲ့သည်။

ရာခိုင်နှုန်းအားဖြင့် ၁၀၀ ဒသမ ၃၀ ရာခိုင်နှုန်း ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ မော်တော်ယာဉ် တရားရုံး (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး)တို့တွင် ယာဉ်စည်းကမ်းလမ်းစည်းကမ်းဖောက်ဖျက်၍ မော်တော်ယာဉ် ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၁၃၄၄၇ မှုရှိခဲ့ပြီး ၁၃၄၄၇ မှုကို စစ်ဆေးစီရင်နိုင်ခဲ့သောကြောင့် ရာနှုန်းပြည့်ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

ပြစ်ဒဏ်ကျအကျဉ်းသားများ၏ အခွင့်အရေးများ အပြည့်အဝရရှိစေခြင်းအတွက်လည်း ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားလွှတ်တော် တရားသူကြီးများက အကျဉ်းထောင်များ၊ ရဲဘက်စခန်းများ၊ ရဲတပ်ဖွဲ့အချုပ်ခန်းများရှိ အကျဉ်းသား၊ အကျဉ်းသူများ၊ အချုပ်သားများ၏ နေရာထိုင်ခင်းသက်သာချောင်ချိမှု ရှိ/မရှိ၊ သန့်ရှင်းမှု ရှိ/မရှိ၊ အာဟာရသင့်တင့်မျှတမှု ရှိ/မရှိ၊ ကျန်းမာရေးပြည့်စုံ မှု ရှိ/မရှိ၊ ဆေးကုသရန် အခွင့်အရေး ရှိ/မရှိ၊ အမျိုးသမီးအကျဉ်းသူများအား အကာအရံလုံခြုံစွာထားရှိခြင်း ရှိ/မရှိ တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးနိုင်ခဲ့သည်။

## တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်

မြန်မာ့တရားစီရင်ရေးစနစ်၊ အခြေခံမူများနှင့် ကိုက်ညီသော တရားစီရင်ရေး ကျင့်ဝတ်ဆိုင်ရာမူများကို အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့်အညီ ပေါင်းစပ်ဖြည့်စွက်ကျင့်သုံးနိုင်ရေးအတွက် တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်များ ပြန်လည်သုံးသပ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲကို နှစ်ကြိမ်တိုင် ကျင်းပခဲ့ပြီး ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင်လည်း ဒိန်းမတ်နိုင်ငံ၊ UNDP၊ ICJ တို့နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ပူးပေါင်းပြီး တတိယအကြိမ် တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်များ ပြန်လည်သုံးသပ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ

**အချပ်ပို(ဃ)သို့**




ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီနှင့်အဖွဲ့ စစ်တွေအကျဉ်းထောင်အား ကြည့်ရှုလေ့လာစဉ်

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ

**အချပ်ပို(၈)မှ**

အဆင့်မြင့်ဆွေးနွေးပွဲကို ကျင်းပခဲ့ပြီးဖြစ်သည့်အပြင် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် ကျင့်ဝတ်မှာ ပါဝင်သင့်သည့် အရေးပါသောအချက်များကို တရားစီရင်ရေးကဏ္ဍတစ်ရပ်လုံးအတွက် ပထမဆုံးနှင့် ပြည့်စုံကောင်းမွန်သည့် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသော တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ် သတ်မှတ်ပြဋ္ဌာန်းနိုင်မည်ဖြစ်သည်။

တရားသူကြီးများအား စွမ်းဆောင်ရည် တိုးတက်ရေးအတွက် သင်တန်းများကို JICA ၏ အကူအညီဖြင့် Presentation, Mock Case Study, Sharing Experience Style, Group Work ပုံစံတို့ဖြင့် ထိရောက်သောသင်ကြားမှုနည်းစနစ်ကို ပြောင်းလဲပြီး သင်ထောက်ကူပစ္စည်းများတွင်လည်း Mock Case File, Flowcharts များ အသုံးပြု၍ သင်ကြားခဲ့သည်။ သင်ခန်းစာများတွင်လည်း အမေရိကန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေး စီမံကိန်းနှင့်ပူးပေါင်း၍ အမှုသွားအမှုလာစီမံခန့်ခွဲမှု (Caseflow Management)ကို လည်းကောင်း၊ UNDP နှင့် ပူးပေါင်း၍ Fair Trial Standardကို လည်းကောင်း၊ UNICEF နှင့် ပူးပေါင်း၍ International Standards to Juvenile Justice သင်ခန်းစာကို လည်းကောင်း ထည့်သွင်းပို့ချနိုင်ခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှိ ဝန်ထမ်းများအတွက် ရုံးဝန်ထမ်းများ ကွန်ပျူတာအခြေခံသင်တန်း၊ ရုံးလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ ကွန်ပျူတာမွမ်းမံသင်တန်း၊ ကွန်ပျူတာအလယ်အလတ်အဆင့်သင်တန်းများ ဖွင့်လှစ်ခဲ့သည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ် တရားလွှတ်တော်များတွင်လည်း တရားရေးဝန်ထမ်းများနှင့် စာရေးဝန်ထမ်းများအတွက် UNDP ၏ အကူအညီဖြင့် အပြည်ပြည်ဆိုင်ရာ ကွန်ပျူတာအသုံးပြုမှု အဆင့်မြှင့်တင်ရေးသင်တန်း Introduction to International Computer Driving Level၊ မျှတသည့် တရားစီရင်ရေးဆိုင်ရာ စံနှုန်းများသင်တန်း Fair Trial Standards Training၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ အခြေခံမူများနှင့် သက်သေခံချက်များကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း Rule of Law Principles and Evidential Analysis သင်တန်းတို့ကို ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ရှေ့နေရှေ့ရပ်များနှင့် စပ်လျဉ်း၍ ၂၀၁၆ ခုနှစ်အတွင်း တရားလွှတ်တော်ရှေ့နေ ၁၀၈၇ ဦးနှင့် အထက်တန်းရှေ့နေ ၁၅၃၀ တို့အား အသိအမှတ်ပြုလက်မှတ်များ ပေးအပ်နိုင်ခဲ့ပြီး အလုပ်သင်ရှေ့နေအဖြစ် ၁၃၂၃ ဦးတို့အား ခွင့်ပြုပေးနိုင်ခဲ့ပါသည်။



ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်



ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးကြည်သက်

**အမှုသွားအမှုလာ စီမံခန့်ခွဲမှု**

အမှုအခင်းများနှင့်စပ်လျဉ်း၍ တရားရုံးသို့ အကြိမ်ကြိမ်လာရောက်ကြရသော အမှုသည်များ၊ သက်သေများ၏ အချိန်၊ ငွေကြေး၊ ပင်ပန်းမှုတို့ကို ဖြစ်နိုင်သမျှ လျှော့ချနိုင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် အမှုသွား အမှုလာ စီမံခန့်ခွဲမှု (Caseflow Management) အစီအစဉ်ကို အမေရိကန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေးစီမံကိန်းတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

အမှုသွားအမှုလာ စီမံခန့်ခွဲမှု (Caseflow Management)အစီအစဉ်ဆိုသည်မှာ တရားရုံးသို့ စွဲဆိုလာသော ရာဇဝတ်မှုနှင့် တရားမဆိုင်ရာမှုခင်းများကို အမှုမစစ်ဆေးမီအမှုများတွင် စစ်ဆေးတင်ပြမည့် သက်သေများ၊ စာရွက်စာတမ်းများကို ပြည့်စုံစွာ ကြိုတင်ပြင်ဆင်၍ မည်သည့်သက်သေ၊ စာရွက်စာတမ်းများကို မည်သည့်နေ့ရက်တွင် စစ်ဆေးတင်ပြမည်ကို နှစ်ဖက်အမှုသည်၊ ၎င်းတို့၏ အကျိုးဆောင်ရှေ့နေများ၊ ဥပဒေအရာရှိများနှင့် တရားသူကြီးတို့ညှိနှိုင်း၍ အမှုအခြေအနေအလိုက် စစ်ဆေးစီရင်ရာတွင် ချိန်းဆိုမည့် ရုံးချိန်းများနှင့် ကြာမြင့်မည့်အချိန်ကာလကို တစ်ပါတည်းသတ်မှတ်ကာ အချိန်ဇယားဖြင့် ကြိုတင်သတ်မှတ်ဆောင်ရွက်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။




ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဩစတြေးလျ ဖက်ဒရယ်တရားရုံးတို့ တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးစဉ်

အဆိုပါအစီအစဉ်အား ရှေ့ပြေးတရားရုံး(၃)ရုံးတို့တွင် ၁-၇-၂၀၁၅ ရက်မှစ၍ စမ်းသပ်ဆောင်ရွက်ခဲ့ရာ ၃၀-၆-၂၀၁၆ ရက်တွင် လုပ်ငန်းဆောင်ရွက်မှု တစ်နှစ်တာကာလ ပြည့်မြောက်ခဲ့သည်။

**ကျေနပ်မှုတိုးတက်**

ယင်းတစ်နှစ်တာကာလအတွင်း အကဲဖြတ်ဆန်းစစ်ရာတွင် စစ်တမ်းကောက်ခံတွေ့ရှိချက်များအရ နှစ်ဖက်အမှုသည်၊ ၎င်းတို့၏ အကျိုးဆောင်ရှေ့နေများ၊ တရားစွဲအဖွဲ့အစည်းဖြစ်သော ဥပဒေရုံးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် အခြားဆက်စပ်သော မိတ်ဖက်အဖွဲ့အစည်းများ၏ တရားရုံးအပေါ် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု အားကောင်းသဖြင့် တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှုမှာ ၆၆ ရာခိုင်နှုန်းအထိ သိသိသာသာ တိုးတက်ခဲ့သည်။ ထို့ကြောင့် ၂၀၁၆ ခုနှစ်တွင် မုံရွာခရိုင်တရားရုံး၊ မော်လမြိုင်ခရိုင်တရားရုံး၊ မကွေးမြို့နယ်တရားရုံး၊ ချမ်းအေးသာစံမြို့နယ်တရားရုံးနှင့် ပုသိမ်မြို့နယ်တရားရုံး စုစုပေါင်း ငါးရုံး ထပ်မံတိုးချဲ့ခဲ့ပြီး အဆိုပါရုံးများရှိ ကြန့်ကြာမှုခင်းများကို အမှုသွား

**တစ်နှစ်တာကာလအတွင်း အကဲဖြတ်ဆန်းစစ်ရာတွင် စစ်တမ်းကောက်ခံတွေ့ရှိချက်များအရ နှစ်ဖက်အမှုသည်၊ ၎င်းတို့၏ အကျိုးဆောင်ရှေ့နေများ၊ တရားစွဲအဖွဲ့အစည်းဖြစ်သော ဥပဒေရုံးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် အခြားဆက်စပ်သော မိတ်ဖက်အဖွဲ့အစည်းများ၏ တရားရုံးအပေါ် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုအားကောင်းသဖြင့် တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှုမှာ ၆၆ ရာခိုင်နှုန်းအထိ သိသိသာသာ တိုးတက်ခဲ့**

အမှုလာစီမံခန့်ခွဲမှု (Caseflow Management)အစီအစဉ်ဖြင့် ၁-၁၀-၂၀၁၆ နေ့မှစ၍ ဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်သည် ဒီမိုကရေစီနိုင်ငံများတွင် ကျယ်ကျယ်ပြန့်ပြန့် လက်ခံကျင့်သုံးလျက်ရှိသော စံနှုန်းများနှင့် ကိုက်ညီသည့်အပြင် တည်ဆဲဥပဒေများလည်း နိုင်ငံသားများ၏ ဥပဒေအရအခွင့်အရေးများကို အစဉ်တစိုက် ဖော်ဆောင်ပေးလျက်ရှိသည်။ အစိုးရသစ်သက်တမ်းတစ်လျှောက်တွင်လည်း ပြည်ထောင်စုတရား လွှတ်တော်ချုပ်အနေဖြင့် ပြည်သူများ၊ မိတ်ဖက်အဖွဲ့အစည်းများ၏ ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ အများပြည်သူယုံကြည်ကိုးစားသည့် တရားစီရင်ရေးဖြစ်ထွန်းလာစေရေးအတွက် လက်အောက်ခံတရားရုံးများအပေါ် ဦးဆောင်လမ်းညွှန်လျက် အစွမ်းကုန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။



ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဒဂုံတက္ကသိုလ် ဥပဒေပညာဌာနမှ ကျောင်းသား ကျောင်းသူများ လေ့လာရေးခရီး လာရောက်စဉ်



တရားရေးဝန်ထမ်းများအား အရည်အသွေးမြှင့်သင်တန်း ပို့ချစဉ်




တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေး စီမံချက်အတွက် USAID နှင့် ပူးပေါင်း၍ စစ်တမ်းကောက်ယူစဉ်

# ဒေသဖွံ့ဖြိုးတိုးတက်လာမှုများနှင့်အတူ ပိုမိုပနံရလာသည့် ရှမ်းပြည်နယ်

● သတင်းဆောင်းပါး - ရာမည၊ နန္ဒာဝင်း၊ ဓာတ်ပုံ - တင်မောင်လွင် (မြန်မာ့အလင်း)



ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်



ညောင်ရွှေမြို့နယ် အင်းလေးဒေသ ဟူပင်ရေပေါ်ဟိုတယ်

**အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို လူမျိုး၊ ဒေသ၊ အကြောင်းအရာအလိုက် ကျင်းပလျက်ရှိရာ ရှမ်းပြည်နယ်အတွင်း ပအိုဝ်းလူမျိုး အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ယခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်မှ ၂၀ ရက်နေ့အထိ ဟိုပုံးမြို့၌ အောင်မြင်စွာကျင်းပနိုင်ခဲ့**

မြန်မာရာဇဝင်သမိုင်းများ၊ ကုန်းဘောင်သီပေါရာဇဝင်များအရ ရှမ်းပြည်ကို စတင်တည်ထောင်သူမှာ ဘိန္နကမင်းဖြစ်သည်ဟုဆိုကြပြီး "ရှမ်းမင်းအစ ဘိန္နက"ဟုပင် ဆိုခဲ့ကြသည်။ တောင်ပေါ်ဒေသဖြစ်ပြီး ချမ်းအေးသည့် ရာသီဥတုရှိသော ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် အကြီးဆုံးဖြစ်သည်။

အင်းလေးကန်၊ ဂုတ်ထိပ်တံတား၊ ပင်းတယလိုဏ်ဂူတော်၊ မွေတော်ကက္ကူဘုရား၊ ထမ်းဆန်းလိုဏ်ဂူတော်၊ မြန်မာ့ပတ္တမြား၊ နီလာကျောက်မျက်ရတနာများထွက်ရှိရာ မိုင်းရှူးရတနာမြေ စသည့် အထင်ကရနေရာများနှင့် ထင်ရှားကျော်ကြားသော တန်ခိုးကြီးဖောင်တော်ဦးဘုရားလည်း တည်ရှိရာဒေသဖြစ်သဖြင့် ပြည်တွင်းသာမက ပြည်ပမှ နိုင်ငံခြားသားခရီးသွားများပါ စိတ်ဝင်တစားလာရောက်မှုများသော ဒေသလည်းဖြစ်သည်။

ရှမ်းပြည်နယ်တွင် ရှမ်း၊ ဓနု၊ အင်းသား၊ ပလောင်၊ ပဒေါင်၊ ပအိုဝ်း၊ ကိုးကန့်၊ ဝ၊ ကချင်၊ ဗမာ၊ အာခါ၊ လားဟူ၊ လီဆူ စသဖြင့် တိုင်းရင်းသား လူမျိုးပေါင်းစုံရှိပြီး လူဦးရေ ၅၈ သိန်းကျော် မှီတင်းနေထိုင်ကြသည်။ အကျယ်အဝန်း စတုရန်းမိုင် ၆၁၀၀၀ ကျော်ရှိသည်။

ရှမ်းပြည်နယ်၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေးခု၊ ခရိုင် ၁၃ ခု၊ မြို့နယ်ပေါင်း ၅၅ မြို့နယ်တို့ ဖွဲ့စည်းတည်ရှိသည်။

အစိုးရသစ်တစ်နှစ်တာကာလအတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားအတွက် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်နယ်သူ၊ ပြည်နယ်သားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ အစိုးရသစ် စတင်တာဝန်ထမ်းဆောင်ခဲ့သော တစ်နှစ်တာကာလအတွင်း လယ်ယာကဏ္ဍအဆင့်မြှင့်တင်ပေးခြင်း၊ မြို့ပေါ်ကျေးလက်မကျန် လမ်းတံတားများ တည်ဆောက်ပေးခြင်း၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ခရီးသွားလုပ်ငန်းကဏ္ဍ အစရှိသည်တို့ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်ပေးနိုင်ခဲ့သည်။



ရှမ်းပြည်နယ် မြောက်ပိုင်း ဂုတ်တွင်းလမ်းတစ်နေရာ

## နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်

ရှမ်းပြည်နယ်အတွင်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော ရှမ်းပြည်နယ် ပြန်လည်ထူထောင်ရေးကောင်စီ၊ ရှမ်းပြည်တပ်မတော်(RCSS/SSA)နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)တို့ရှိပြီး NCA လက်မှတ်ရေးထိုးထားခြင်းမရှိသည့် လက်နက်ကိုင်အဖွဲ့ ငါးဖွဲ့ရှိနေကာ ပြည်နယ်၏လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) အစည်းအဝေးများကို ပြီးခဲ့သည့်နှစ် ဇန်နဝါရီလ ၂၇ ရက် ဇွန်လ ၂၉ - ၃၀ ရက်နှင့် နိုဝင်ဘာ ၄ ရက်နေ့များတွင် သုံးကြိမ်ပြုလုပ်ခဲ့ပြီး နှစ်ဖက်တပ်များ ညှိနှိုင်းဆွေးနွေး ကန့်ကွက်ပြောကြားချက်များနှင့် ပတ်သက်၍ ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးပြီးနောက် ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစု ပင်လုံကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး နိုင်ငံရေးဆွေးနွေးမှုများပြုလုပ်သွားရန် သဘောတူညီချက်အရ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို လူမျိုး၊ ဒေသ၊ အကြောင်းအရာအလိုက် ကျင်းပလျက်ရှိရာ ရှမ်းပြည်နယ်အတွင်း ပအိုဝ်းလူမျိုး အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ယခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်မှ ၂၀ ရက်နေ့အထိ ဟိုပုံးမြို့၌ အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဆိုင်ရာ၊ တိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ခဲ့သဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် များစွာအထောက်အကူဖြစ်စေသော နိုင်ငံရေးဆွေးနွေးပွဲကြီးပင်ဖြစ်သည်။

## ဘိန်းခင်းများ ဖျက်ဆီး

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ရှမ်းပြည်နယ်၌ ဘိန်းခင်းဧရိယာ ၈၁၇၅ ဒသမ ၃၇ ဧကကို ဖျက်ဆီးနိုင်ခဲ့ပြီး ကျန်ရှိနေသည်များကိုလည်း ဆက်လက်ဖျက်ဆီးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရှမ်းပြည်နယ်တွင် သစ်၊ လက်ဖက်၊ ရော်ဘာ အပါအဝင် ပန်းသီး၊ စပျစ်သီး၊ လိမ္မော်သီး စသည့်အသီးအနှံများကိုလည်း စိုက်ပျိုးကြသည်။

## မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်

ရှမ်းပြည်နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံအလိုက် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ပေးခဲ့ရာတွင် စပါး၊ အစေ့ထုတ်ပြောင်း၊ နေကြာ၊ ပဲစင်းငုံ အစရှိသည်တို့ကို ဧကနှစ်ထောင့်နှစ်ရာကျော် ဖော်ဆောင်ပေးနိုင်ခဲ့သည်။

ထို့ပြင် တောင်သူလယ်သမားများ ဝင်ငွေပိုမိုတိုးတက်ရရှိစေရန် ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဟိုပုံးမြို့နယ်ကျိုင်းတုံမြို့နယ်နှင့် ကွတ်ခိုင်မြို့နယ်တို့တွင် ဆောင်ရွက်ခဲ့ပြီး ဧက ၆၀၀ ဖော်ထုတ်ပေးနိုင်ခဲ့သည်။ လာမည့် ဘဏ္ဍာနှစ်တွင်လည်း ဧက ၈၀၀ ဆက်လက်ဖော်ထုတ်ရန် လျာထားကြောင်း သိရသည်။

**အချပ်ပို (စ) သို့**

**အချပ်ပို(င)မှ**

တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေအဖြစ် ယခင်က စပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်းထုတ်ချေးပေးခဲ့ရာမှ အစိုးရသစ်လက်ထက်တွင် ငွေကျပ်တစ်သိန်းငါးသောင်းထိ တိုးမြှင့် ထုတ်ချေးပေးခဲ့သည်။ ထို့ပြင် ချေးငွေထုတ်ချေးရာတွင် လွယ်ကူမြန်ဆန်စေရေးအတွက် တောင်သူ ၁၀ ဦး ပါသော အစုအဖွဲ့မှ သုံးဦးပါဝင်သောအဖွဲ့အဖြစ် ဖြေလျှော့ပေးနိုင်ခဲ့သည်။

ရာသီအလိုက်သီးနှံထုတ်လုပ်မှုချေးငွေအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ် ၄၇ မြို့နယ် ကျေးရွာအုပ်စု ၄၄၈ အုပ်စုတွင် အစုအဖွဲ့ ၁၃၆၈၉ စု တောင်သူပေါင်း ၃၈၃၉၉ ဦးကို ချေးငွေကျပ် ၂၂၄၁၂ ဒသမ ၀၈ သန်း ထုတ်ချေးပေးနိုင်ခဲ့သည်။

ရှမ်းပြည်နယ်တွင် စိုက်ပျိုးမြေများကို သားစဉ်မြေးဆက် လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိစေရေးအတွက် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ တောင်သူ ၂၉၈၁၆၀ ဦးတို့၏ ဦးပိုင်လုပ်ကွက်ပေါင်း ၃၈၃၈၄၂ ကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)အား ထုတ်ပေးနိုင်ခဲ့ပြီး မြေယာဥပဒေနှင့်အညီ မြေယာပိုင်ဆိုင်ခွင့်ရရှိစေရေးအတွက် မြေစာရင်းပုံစံ (၁၀၅) ရေးကူးခြင်းလုပ်ငန်းကို အစိုးရသစ် ကာလအတွင်း ၂၄၁၉၂ စောင်ကို မြေယာဥပဒေ၊ နည်းဥပဒေညွှန်ကြားချက်များနှင့်အညီ ထုတ်ပေးနိုင်ခဲ့သည်။

ထို့ပြင် ယခင်က ဘဏ္ဍာတော်အခွန်အခကြေး(Royalty Fees)ကောက်ခံရေးဆိုင်ရာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ မြေအမျိုးအစားအလိုက် မြေအသုံးချမှုပရီမီယံကြေးများကို ကောက်ခံခဲ့သော်လည်း ယခု အစိုးရသစ်တာဝန်ယူပြီးနောက်ပိုင်း ယင်းကိစ္စကို ပယ်ဖျက်ဖြေလျှော့ပေးခဲ့သည်။

**ကျေးရွာဂရန် ၄၃၆၄ ခု**

အိမ်ရာမြေများကို ကျေးရွာမြေငှားဂရန်စီမံချက်အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ၄၇ မြို့နယ် ကျေးရွာပေါင်း ၄၇ ရွာတွင် ကျေးရွာဂရန် ၄၃၆၄ ခုကို ကျေးလက်နေပြည်သူများသို့ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့်လည်း ထုတ်ပေးနိုင်ခဲ့သည်။

**စီးပွားရေးစိုက်ခင်း ဧက ၃၀၀**

သစ်တောကဏ္ဍအနေဖြင့် သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းအရ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ရှမ်းပြည်နယ်အတွင်း၌ စီးပွားရေးစိုက်ခင်းဧက ၃၀၀၊ ရေဝေရေလဲစိုက်ခင်း ဧက ၄၀၀၊ သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း ဧက ၈၆၀ စုစုပေါင်း စိုက်ဧက ၁၅၆၀ ကို ရန်ပုံငွေကျပ် ၆၇ ဒသမ ၀၁၄ သန်းဖြင့် စိုက်ပျိုးခဲ့ပြီး ရာခိုင်နှုန်း ၉၀ ကျော် ရှင်သန်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

**မြစိမ်းရောင်(အသားကဏ္ဍ) မွေးမြူရေးကျေးရွာများ**

အစိုးရသစ်လက်ထက်တွင် ရှမ်းပြည်နယ်၌ ဒေသတွင်း စားသုံးမှုဖူလုံစေရေးအတွက် အသားကဏ္ဍမွေးမြူထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်အရ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်ချက်ဖြင့် မြစိမ်းရောင်(အသားကဏ္ဍ) မွေးမြူရေး ကျေးရွာများထူထောင်၍ မွေးမြူရေးတိရစ္ဆာန်များ ဖြန့်ဖြူးပေးခြင်း၊ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အစိုးရဝန်ထမ်းများ အပါအဝင် ဝင်ငွေနည်းမိသားစုများအတွက် တန်ဖိုးနည်း၊ တန်ဖိုးသင့် အိမ်ရာများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တောင်ကြီးမြို့အထွက် ဟိုပုံး ကားလမ်းမကြီးဘေးရှိ ပြည်သူ့အငှားအိမ်ရာ လေးခန်းတွဲ ငါးထပ်တိုက်ခြောက်လုံးတွင် နေထိုင်ရေးအခက်အခဲရှိသည့် ပြည်သူများကိုပြင်ပ၊ အငြိမ်းစားဝန်ထမ်းများနှင့် အငြိမ်းစားယူခါနီးဝန်ထမ်းများဟူ၍ အုပ်စုသုံးခုခွဲကာ စနစ်တကျမဲနှိုက်၍ အိမ်ထောင်စု ၁၁၉ စုအား နေရာချထားပေးနိုင်ခဲ့သည်။

**ရည်မှန်းဆောင်ရွက်**

ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန လက်အောက်ရှိ မြို့နယ်စည်ပင်သာယာရေးဌာနများအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း၊ သာမန်အသုံးစရိတ် စုစုပေါင်း ၁၂၁၀၂ ဒသမ ၈၆၂ သန်းဖြင့် မြို့ပြလမ်း၊ တံတား၊ ရေပေးဝေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကတ္တရာလမ်း၊ ကျောက်လမ်း၊ ကွန်ကရစ်လမ်း၊ မြေသားလမ်း စုစုပေါင်း မြို့ပြလမ်း ၃၂၆ လမ်း အရှည် ၄၇ မိုင် ၅ ဒသမ ၁၃၂ ဖာလုံကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

**အချပ်ပို(ဆ)သို့**



ပြည်ပတင်ပို့မည့် သရက်သီးများ ထုပ်ပိုးမှုဆောင်ရွက်နေစဉ်

School MilkProgram အရ မွေးမြူသူများသို့ နို့စားနွားများ ဖြန့်ဖြူးပေးခြင်းနှင့် မွေးမြူရေးဘဏ်စနစ်ဖြင့် မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များ ဖြန့်ဖြူးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တစ်မြို့နယ်လျှင် ငွေကျပ်သန်း ၃၀ ဖြင့် ညောင်ရွှေ၊ ပင်လောင်း၊ လွိုင်လင်၊ လားရှိုး၊ နမ့်ခမ်းနှင့် တာချီလိတ်မြို့နယ်များတွင် မွေးမြူရေးတိရစ္ဆာန်များ ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

**အိမ်ထောင်စု ၁၁၉ စု**

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ပြည်သူများ၏ အခြေခံလိုအပ်ချက်များဖြစ်သည့် နေထိုင်ရေးကို

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ရှမ်းပြည်နယ်၌ ဘိန်းခင်း ဧရိယာ ၈၁၇၅ ဒသမ ၃၇ ဧကကို ဖျက်ဆီးနိုင်ခဲ့ပြီး ကျန်ရှိနေသည်များကိုလည်း ဆက်လက်ဖျက်ဆီးနိုင်ရန် ဆောင်ရွက်လျက်ရှိ**



ရှမ်းပြည်နယ်၏ သဘာဝအလှနှင့် တိုင်းရင်းသူများ မြင်ကွင်း



ရှမ်းပြည်နယ်ရှိ မွေတော်ကက္ကူ ဘုရားစေတီများကို ဖူးတွေ့ရစဉ်

အချပ်ပို(၈)မှ

ထို့ပြင် မြို့နယ်ပေါင်း ၄၂ မြို့နယ်တွင် တံတား ၁၇၁ စင်း ဆောက်လုပ်ပေးနိုင်ခဲ့ပြီး မြို့နယ် ၂၁ မြို့နယ်တွင် ရေပေးဝေရေး လုပ်ငန်း ၇၂ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အစိုးရသစ်လက်ထက်တစ်နှစ်တာကာလအတွင်း လမ်းဦးစီးဌာနအနေဖြင့် ၁၂ ပေ အကျယ် ကတ္တရာလမ်းသစ် ၁၇၄ မိုင် ၇ ဖာလုံ၊ ကွန်ကရစ်လမ်းသစ် ၄ မိုင် ၆ ဖာလုံ၊ ၁၈ ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်း ၁၆၆ မိုင်၊ ၂၃ ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်း ၆ မိုင် ၅ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းနိမ့်မြင့်ညှိ၍ ရေပိတ်လွှာလောင်းခြင်း ၂၂၈ မိုင် ၅ ဖာလုံ၊ ကျောက်လမ်းနှင့် အမာခံလမ်းခင်းခြင်း ၁၀၇ မိုင် ၂ ဖာလုံ၊ မြေသားတာပေါင်နှင့် ကျောက်တောင်လမ်းချဲ့ခြင်း ၃၆၂ မိုင် ၃ ဖာလုံ၊ သံကူကွန်ကရစ်တံတား၊ ရေပြွန်တည်ဆောက်ခြင်း ၁၃၀၁၀၉ ပေတို့ကို ပြည်ထောင်စု၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၄၅၀၄၅ ဒသမ ၄၀၂ သန်းဖြင့် စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ပေးခဲ့သည်။

ထို့ပြင် လမ်း ၁၃ လမ်းပေါ်ရှိ တံတား ၂၇၃ စင်းအား တံတားအဝင်/အထွက်နေရာများ ချောမွေ့စေရန်အတွက် ကတ္တရာခင်း၍ ဖြေညှိခြင်းလုပ်ငန်းများအပြင် သိန်း ၃၀၀ အောက်လမ်း၊ တံတားဂိတ် ခုနစ်ဂိတ်ကိုလည်း ဖြေလျှော့ပေးခဲ့သည်။ ယင်းအပြင် ရှမ်းပြည်နယ်အတွင်းရှိ လမ်းများအားလုံးကို ASEAN Class III ၁၈ ပေ အကျယ်လမ်း၊ ကွန်ကရစ်လမ်း အဆင့်ထိရောက်ရှိစေရေး ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

**လူမှုစီးပွားဘဝတိုးတက်စေရေး**

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဝင်ငွေတိုးပွားစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးနှင့် မီးလင်းရေးလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လမ်းတံတားလုပ်ငန်းများတွင် ကတ္တရာလမ်း၊ ကျောက်လမ်း၊ မြေလမ်း စုစုပေါင်း ၁၁၁ လမ်းအား ခွင့်ပြုရန်ပုံ ငွေကျပ် ၈၅၈ ဒသမ ၆၇၄ သန်းဖြင့် လည်းကောင်း၊ ကွန်ကရစ်တံတား၊ သစ်သားတံတားနှင့် အခြားတံတား စုစုပေါင်း တံတား ၁၆၄ စင်းအား ခွင့်ပြုရန်ပုံငွေကျပ် ၁၈၂၈ ဒသမ ၀၃ သန်းဖြင့်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် တွင်းတိမ် ၁၀ တွင်း၊ တွင်းနက် ၂၇ တွင်း၊ လက်တူးတွင်း ခြောက်တွင်း၊ မြေသားရေကန် ၁၉ ကန်၊ စိမ့်စမ်းရေသွယ်ယူခြင်း ၂၀၄ ခုနှင့် အခြားရေပေးရေးလုပ်ငန်း ၅၈ ခုတို့ကို ခွင့်ပြုငွေကျပ် ၅၀၂၈ ဒသမ ၆၂၁ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**ကျေးရွာမီးလင်းရေး**

ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် ဆိုလာ ၄၀၁၄၁ စုံကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ကျေးလက်လူမှုစီးပွားဘဝတိုးတက်မြင့်မားစေရေးအတွက် ရှမ်းပြည်နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ယူနစ်ပေါင်း ၄၂၀၊ ကျေးရွာပေါင်း ၆၀၃ ရွာအတွက် ကော်မတီများဖွဲ့စည်းပြီး ချေးငွေဖြင့် လုပ်ငန်းများလည်ပတ်လုပ်ကိုင်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**လျှပ်စစ်ဓာတ်အား**

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု ကောင်းမွန်စေရေးနှင့် ကျေးရွာမီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်အစိုးရ၏ မူလခွင့်ပြုရန်ပုံငွေ၊ ဖြည့်စွက်ရန်ပုံငွေ၊ အထွေထွေရန်ပုံငွေ စုစုပေါင်း ငွေကျပ် ၁၈၁၆၈ ဒသမ ၇၅၈ သန်းဖြင့် ၁၁ ကေဗွီလိုင်း ၆၁ ဒသမ ၉၃ မိုင်၊ ၄၀၀ ဗို့လိုင်း ၆၆ ဒသမ ၅၉ မိုင်နှင့် ၁၁/၀.၄ ကေဗွီထရန်စဖော်မာ ၆၆ လုံး၊ ၁၁၉၀၅ ကေဗွီ တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့သည်။ ကျေးရွာပေါင်း ၁၇၄ ရွာတွင် အိမ်ခြေ ၂၃၄၃၀၊ အိမ်ထောင်စု ၂၄၅၅၂ စုနှင့် မီးသုံးစွဲသူ ၆၆၃၈၂ ဦးခန့်အား လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ကုန်သွယ်မှုပမာဏ ဒေါ်လာ ၄၂၉၄ သန်းကျော်**

ကုန်သွယ်ရေးကဏ္ဍတွင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မော်တော်ယာဉ် ၁၈၄၆၅၈ စီးဖြင့် ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၂၆၇၄ ဒသမ ၆၈၅ သန်း၊ မော်တော်ယာဉ် ၁၀၂၅၀၈ စီးဖြင့် သွင်းကုန်ပမာဏ အမေရိကန် ဒေါ်လာ ၁၃၈၉ ဒသမ ၀၆၂ သန်း စုစုပေါင်း မော်တော်ယာဉ် ၂၈၇၁၆၆ စီးဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၂၉၄ ဒသမ ၉၆၉ သန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အဆိုပါဘဏ္ဍာနှစ်အတွင်း ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃၄၀ သန်း၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၄၇၉ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇၀ ဒသမ ၈၁၉ သန်းနှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၄၈၃ ဒသမ ၀၂၁ သန်း၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၇၁၃ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅၃၄ ဒသမ ၇၃၄ သန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

ရှမ်းပြည်နယ်အတွင်း ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲ (Shan State Investment Fair) ကို ယခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် တောင်ကြီးမြို့ Royal Taunggyi ဟိုတယ်၌ ပြုလုပ်ခဲ့ပြီး ဌာနဆိုင်ရာများ၊ သံရုံးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုန်သည်/ စက်မှုအသင်းအဖွဲ့များ၊ ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပြီး ပြခန်းပေါင်း ၂၁ ခန်းကို ပြသခဲ့သည်။

**ခရီးသွားလုပ်ငန်းမြှင့်တင်**

ရှမ်းပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဆောင်ရွက်ချက်အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လန်ချန်မှ ဟဲဟိုးနှင့် ထိုင်းနိုင်ငံ ချင်းရိုင်မှ ဟဲဟိုးသို့ လေကြောင်းလိုင်းတိုက်ရိုက်ပြေးဆွဲပြီး ခရီးသွားလုပ်ငန်းမြှင့်တင်ရေးညှိနှိုင်းဆောင်ရွက်ခဲ့သည်။

အချပ်ပို(၉)သို့



အာခါ ခါးထောင်းဖားပွဲတော် ကျင်းပနေသည်ကို တွေ့ရစဉ်



မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင်ရှိ ကုန်သွယ်ရေးဇုန်မြင်ကွင်းကို တွေ့ရစဉ်

**ကုန်သွယ်ရေးကဏ္ဍတွင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မော်တော်ယာဉ် ၁၈၄၆၅၈ စီးဖြင့် ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၂၆၇၄ ဒသမ ၆၈၅ သန်း၊ မော်တော်ယာဉ် ၁၀၂၅၀၈ စီးဖြင့် သွင်းကုန်ပမာဏ အမေရိကန် ဒေါ်လာ ၁၃၈၉ ဒသမ ဝ၆၂ သန်း စုစုပေါင်း မော်တော်ယာဉ် ၂၈၇၁၆၆ စီးဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၂၉၄ ဒသမ ၉၆၉ သန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့**

အချပ်ပို(ဆ)မှ

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဟိုတယ်၊ တည်းခိုရိပ်သာလိုင်စင် ၂၈၈ ခု၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင် ၈၀၊ ပို့ဆောင်ရေးလုပ်ငန်းလိုင်စင် (ကား၊ စက်လှေ) ၁၆၉ ခု၊ ဧည့်လမ်းညွှန်လိုင်စင် ၁၁၆၅ ဦးတို့ကို ထုတ်ပေးနိုင်ခဲ့သည်။

ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဟိုတယ်ဆိုင်ရာသင်တန်းလေးမျိုးကို ၂၃ ကြိမ် ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား ၁၈၅၅ ဦး တက်ရောက်ခဲ့သည်။

ထို့ပြင် ရှမ်းပြည်နယ်အတွင်း ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း (CBT Pilot Project) ကို ရှမ်းပြည်နယ်တောင်ပိုင်းအရှေ့ဘက်တောင်တန်းပေါ်ရှိ ပအိုဝ်းကျေးရွာလေးရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယင်းကျေးရွာများမှ လူငယ် ၅၀ ခန့်ကို အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခဲ့သည်။

အဆိုပါ CBT လုပ်ငန်းသည် ကာလတိုအတွင်း ASEAN TOURISM FORUM (ATF 2017) စင်ကာပူတွင် ဆု ရရှိခဲ့ပြီး ITB(Berlin) ခရီးသွားပြပွဲတွင် Winner Award ဆု ရရှိခဲ့သည်။

ယင်းလုပ်ငန်းကို အကောင်အထည်ဖော်မှုအနေဖြင့် ရွာငံ ပင်းတယဒေသရှိ ဓနုတိုင်းရင်းသားများနေထိုင်ရာ ကျေးရွာနှစ်ရွာ၊ ပလောင်တိုင်းရင်းသားများနေထိုင်ရာ ကျေးရွာနှစ်ရွာ စုစုပေါင်းကျေးရွာလေးရွာတို့တွင် ဆက်လက်အကောင်အထည်ဖော်လျက်ရှိပြီး အင်းလေးကန်တောင်ဘက်ရှိ စံကားအင်းတွင် CBT လုပ်ငန်းနှစ်ခုကို ဆောင်ရွက်လျက်ရှိသည်။

**အင်းလေးကန် မတိမ်ကောစေရေး**

ရှမ်းပြည်နယ်သည် ရေအရင်းအမြစ်သယံဇာတပေါကြွယ်ဝသော ပြည်နယ်တစ်ခုဖြစ်သော်လည်း ရေလိုအပ်သော ဒေသတစ်ခုအဖြစ်သို့ရောက်ရှိမသွားစေရန် ရေအရင်းအမြစ်သယံဇာတများကို စနစ်တကျစီမံဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး သဘာဝကုန်းတွင်းရေကန်ဖြစ်သည့် အင်းလေးကန်မတိမ်ကောစေရေး၊ သဘာဝပတ်ဝန်းကျင်ဂေဟစနစ် မပျက်သုဉ်းစေရေးနှင့် အစဉ်သာယာလှပစိမ်းလန်းစိုပြည်ရေးအတွက် ငွေကျပ်သန်း ၁၀၀၀ တန်ဖိုးရှိ သောင်တူးစက်ကိုဝယ်ယူခဲ့ပြီး ဒေသဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့အစည်းများ၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

**အသေးစားစက်မှုလက်မှုလုပ်ငန်း ၁၃ မျိုး၊ လုပ်ငန်းရှင် ၁၃၀**

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အသက်မွေးဝမ်းကျောင်း အထောက်အကူပြုကာလတိုသင်တန်း ခုနစ်မျိုးကို ၃၃ ကြိမ် ဖွင့်လှစ်ပို့ချပေးခဲ့ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ၁၃ မျိုးအတွက် လုပ်ငန်းရှင် ၁၃၀ တို့ကို မှတ်ပုံတင်ပြုလုပ်ပေးနိုင်ခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်၊ ခရိုင်အဆင့် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ်ပေါင်း ၂၇ မြို့နယ်တွင် စုစုပေါင်းလူဦးရေ ၁၅၄၃၄၂ ဦးကို စားသုံးသူရေးရာဆိုင်ရာ အသိပညာပေး ဆောင်ရွက်ခဲ့သည်။

**အခြေခံပညာကျောင်း ၁၅၈၀၀ ကျော်**

အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် အခြေခံပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲတိုးတက်မှုအနေဖြင့် အခြေခံပညာကျောင်းပေါင်း ၁၅၈၄၄ ကျောင်းထိ တိုးတက်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ရှမ်းပြည်နယ်အတွင်း အခြေခံစာတတ်မြောက်မှု ရာခိုင်နှုန်းမှာ ၆၄ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ရာ ပြည်နယ်အတွင်း စာတတ်မြောက်မှုနှုန်း တိုးတက်လာစေရန် တောင်ကြီးခရိုင် စာတတ်မြောက်ရေးလှုပ်ရှားမှုကို ယခုနှစ် ဇန်နဝါရီ ၁၂ ရက်မှ စတင်၍ မြို့နယ်ကိုးမြို့နယ်တွင် ဆောင်ရွက်ခဲ့သည်။ စာကျက်ဝိုင်း ၂၅၀၄ ဝိုင်း၊ စာသင်သား ၁၆၉၇၂ ဦးကို ဆရာ ဆရာမ ၂၆၈၅ ဦးက တစ်ရက်လျှင် သုံးနာရီဖြင့် ရက်ပေါင်း ၄၀ သင်ကြားပေးခဲ့သည်။ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် သက်မွေးလုပ်ငန်းသင်တန်းများ ဖွင့်လှစ်ခြင်းကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျန်းမာရေးအဆင့်မြှင့်တင်**

ရှမ်းပြည်နယ်အတွင်းနေထိုင်ကြသော ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားစေရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆေးရုံ၊ ကျန်းမာရေး ဌာနပေါင်း ၂၅ ခု တိုးတက်လာခဲ့ပြီး ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဆရာမပေါင်း နှစ်ထောင်ကျော် တိုးမြှင့်ခန့်ထားပေးနိုင်ခဲ့သည်။ အခမဲ့ကျန်းမာရေး ကွင်းဆင်းကုသမှု ၂၂၁၂ ကြိမ်နှင့် လူဦးရေ ရှစ်သောင်းကျော် ကုသပေးနိုင်ခဲ့သည်။

လူနာများ ဆေးရုံတက်ရောက်ကုသမှု လွယ်ကူချောမွေ့စေရေးအတွက် ရှမ်းပြည်နယ်အတွင်း ခုတင် ၂၀၀ နှင့်အထက် ဆေးရုံကြီးများဖြစ်သော တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး၊ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၊ လွိုင်လင်ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးများတွင် Reception Center များ ဖွင့်လှစ်ပြီး ဆေးလူမှုဆက်ဆံရေး အရာရှိ၊ ဆေးလူမှုဆက်ဆံရေးမှူးများဖြင့် ကူညီဆောင်ရွက်ပေးနိုင်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး ဓာတ်ရောင်ခြည်ကုသဌာနတွင် Cobalt 60 Machine ကို ပညာရှင်များက တပ်ဆင်ပြီးဖြစ်ကာ MRI 1.5 Tesla (GE-Signa Explorel) ရောဂါရှာဖွေရေးစက်ဖြင့် ပြီးခဲ့သည့်နှစ် ဇွန်လမှစတင်၍ ရောဂါရှာဖွေကုသပေးလျက်ရှိသည်။

ကျောက်ကပ်ဝေဒနာရှင်များအတွက် (H.D Machine) စက်တပ်ဆင်ပြီး ကျောက်ကပ်သန့်စင်ခြင်းလုပ်ငန်းကို ပြီးခဲ့သည့်နှစ် မေလမှစတင်၍ ဆောင်ရွက်နိုင်ခဲ့သည်။ လွိုင်လင်ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးတွင် CT Machine အတွက် အဆောက်အအုံဆောက်လုပ်ပြီး စက်တပ်ဆင်နိုင်ခဲ့သည်။

ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် အထိမ်းအမှတ်အဖြစ် လူထုစက်ဘီးစီးနင်းပွဲနှင့် မီနီမာရသွန်ပြိုင်ပွဲကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ မြို့နယ်ခြောက်မြို့နယ်တွင် ဆောင်ရွက်ခဲ့သည်။

**ငွေကျပ် ၂၅၆၇ သိန်းကျော်**

ရှမ်းပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် လူငယ်ပရဟိတဂေဟာများ၊ ဘိုးဘွားရိပ်သာများ၊ မင်္ဂလာဦးလူငယ်ရိပ်သာနှင့် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများသို့ စုစုပေါင်းငွေ ၂၅၆၇ သိန်းကိုးသောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး ယခင်ဘဏ္ဍာနှစ်များထက် ၃ ဒသမ ၃ ဆ ပိုမိုထောက်ပံ့နိုင်ခဲ့သည်။

၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း အသက်(၉၀)နှင့် (၁၀၀)ကြား အဘိုးအဘွား တစ်ဦးလျှင် ငွေကျပ်တစ်သောင်းခွဲနှုန်းဖြင့် လည်းကောင်း၊ အသက် (၁၀၀)အထက် အဘိုးအဘွား တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် လည်းကောင်း တိုးမြှင့်ထောက်ပံ့ခဲ့သည်။ လူမှုရေးအခက်အခဲရှိသော အဘိုးအဘွားများကိုလည်း ထောက်ပံ့ကြေးရ ဘိုးဘွားရိပ်သာများသို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်တွင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းဖြစ်သော (Early Childhood Intervention) ရှေးဦးစွာ ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအားတိုင်းတာစစ်ဆေးပံ့ပိုးပေးရေးလုပ်ငန်းများကို ရှေးဦးရက် (၁၀၀၀) စီမံချက်အနေဖြင့် မိခင်ကိုယ်ဝန်ဆောင်ချိန်မှစ၍ တစ်လလျှင် မိခင်တစ်ဦးကို တစ်သောင်းခွဲနှုန်းဖြင့် တစ်နှစ်လျှင် ကျပ်တစ်သိန်းရှစ်သောင်း ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း ဒုတိယအစီအစဉ်အဖြစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အသက် ၉၀ နှင့်အထက် အဘိုးအဘွားတစ်ဦးကို တစ်လလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် တစ်နှစ်လျှင် ငွေကျပ်တစ်သိန်းနှစ်သောင်း ထောက်ပံ့သွားမည်ဟု သိရသည်။

အစိုးရအဖွဲ့သစ် တာဝန်ယူပြီးနောက် တစ်နှစ်တာကာလအတွင်း ရှမ်းပြည်နယ်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနိုင်ခဲ့သလို ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်လာစေရန်အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ရှမ်းတောင်တန်းကြီးများ၊ အထင်ကရနေရာများ၊ သဘာဝရှုခင်းများ၊ ချစ်စရာယဉ်ကျေးမှုရိုးရာအကများ၊ ဒေသထွက်အစားအစာများနှင့် ဓလေ့စရိုက်များကြောင့် ကျော်ကြားလှသည့် ရှမ်းပြည်နယ်၏အလှသည် ဒေသဖွံ့ဖြိုးတိုးတက်လာမှုများကြောင့် ပိုမိုပန်းရနေပေတော့မည်......။



ရှမ်းတိုင်းရင်းသူတစ်ဦး၏ ကိန္နရီ ကိန္နရာအက